www.burmeseclassic.com



www.burmeseclassic.com

## မင်းသစ္စာလှိုင် (ကဒုံကနီ) ၏ ထုတ်ဝေပေးပြီးစာအုပ်များ

၁။ သရဲပြေးဘအေး (ဗီဒီယိုရိုက်ကူးပြီး)

၂။ ရွှေလသာချိန်နှင့် အဏ္ဏဝါဒေဝီအရုပ်တော်ပုံ (ဗီဒီယိုရိုက်ကူးရန် စီစဉ်ဆဲ)

၃။ သမိန်ပလဲမာယာနှင့် ယက္ခညီနောင်

၄။ ဘဂ်လားမောင်နှမ

၅။ သုံးချောင်းထောက်သားကောင်ကြီးနှင့် တောဘုရင်တင်အေး

၆။ မှဲ့နက်ရှင်ဧကရီ (ဗီဒီယိုရိုက်ကူးရန် စီစဉ်ဆဲ)

၇။ ကွင်းမှားသော သန်းခေါင်ယံည

၈။ အချစ်အတွက် အသက်ပင်သေသေ (ဗီဒီယိုရိုက်ကူးပြီး)

၉။ ဖိုးတွမ်တီးရာဇာနှင့် မသေသောလူသား

ယခု

သေသောသူ သူ့သသန်မှ ပြန်လာသည်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၈၉၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၈၆၀၇၀၉ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| ထုတ်ဝေခြင်း | - | ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။ |
| မျက်နှာဖုံးပန်းချီ | - | ပန်းချီအောင်နိုင်လတ် |
| ကွန်ပျူတာစာစီ | - | မိုးမင်းသက် |
| ထုတ်ဝေသူ | - | မသင်းသင်းမွန် (သင်း စာပေ)<br>အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊<br>(၁၂) ရပ်ကွက်၊ လှည်းတန်း၊<br>ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | - | ကိုမျိုးညွန့် (A7 Group) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးကျင်ရင် (၀၅၄၁၇)<br>ရွှေခြသေ့ပုံနှိပ်တိုက်။<br>အမှတ် (၁၂)၊ သရဖီလမ်း၊<br>စောရန်ပိုင်အနောက်ရပ်ကွက်၊<br>အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| တန်ဖိုး | - | ၁၃၀၀ ကျပ် |

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၈၉၅. ၈၃

မင်းသစ္စာလှိုင်(ကဒုံကနီ)

သေသောသူသူသာန်မှ ပြန်လာသည်/ မင်းသစ္စာလှိုင်(ကဒုံကနီ)

ရန်ကုန်၊

သင်းစာပေ၊ ၂၀၀၉။

စာ ၂၀၀၊ ၁၂ × ၁၉ စင်တီ

(၁) သေသောသူသူသာန်မှ ပြန်လာသည်


www.burmeseclassic.com

www.burmeseclassic.com

# မင်းသစ္စာလှိုင်(ကဒုံကနီ)

၏

# သေသောသူသုသာန်မှ ပြန်လာသည်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သချိုင်းဆီသို့ | .... ၁ |
| ၂။ | တွင်းဝင်ဖြောင့်သောမြွေ | .... ၁၀ |
| ၃။ | မိုးရွာတုန်းရေခဲ | .... ၁၇ |
| ၄။ | သေသောသူသုသာန်မှပြန်လာမည် | .... ၃၀ |
| ၅။ | မယုံတစ်ဝက် ယုံတစ်ဝက် | .... ၅၀ |
| ၆။ | ဖွတ်ထွက်လာတဲ့ တောင်ပို့ | .... ၅၉ |
| ၇။ | ပြဿနာစပြီ | .... ၇၆ |
| ၈။ | သွေးပျက်ခဲ့ရ ထိုတစ်ည | .... ၈၂ |
| ၉။ | အစိမ်းသေနှင့် ဖိနပ်ကိစ္စ | .... ၉၃ |
| ၁၀။ | မကြေပွဲ နွဲကြလေပြီ | .... ၁၀၃ |
| ၁၁။ | ဘယ်သူမှုဆိုးလဲ၊ ဘယ်သူသားကောင်လဲ | .... ၁၁၁ |
| ၁၂။ | ဇဝေဇဝါ | .... ၁၂၄ |
| ၁၃။ | ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြမယ် | .... ၁၃[illegible] |
| ၁၄။ | ဘာတွေဘယ်လိုဖြစ်နေကြတာလဲ | .... ၁၅၅ |
| ၁၅။ | ပြောင်းပြန်ဖြစ်စဉ်များ | .... ၁၇၁ |
| ၁၆။ | ကပွဲယကြီးရေးတဲ့ဖူးစာ | .... ၁၈[illegible] |

www.burmeseclassic.com

# သစ်ပိုင်းဆီသို့

"ဒီမှာတစ်ပွင့် . . . ဟောဒီမှာတစ်ပွင့်၊ ဟောဒီမှာလည်း တစ်ပွင့်"

"အင်း . . . ဒီဒကာမကြီးရဲ့ ဝိပါကဝဋ်ကြွေးကလည်း တကယ့်ကို သနားစရာပေပဲ။ စွဲလမ်းမှု ဥပါဒ်ဒဏ်ဟာ တယ်လည်း ကြောက်စရာကောင်းတာပဲ။ သူ့ရှုးဘဝကိုရောက်နေတာတောင်မှ ဒုက္ခ ပေးနေတုန်းပဲ။ သံသရာကို မဖြတ်နိုင်သေးသရွေ့တော့ ဒီလိုဆင်းရဲ ဒုက္ခတွေ ကြုံတွေ့နေရဦးမှာပဲ"

ဆရာတော်မှ စင်္ကြံလျှောက်နေရင်း ကျောင်းဝင်းထဲရှိ ခရေ ပင်တွေအောက်မှာ ခုန်ပေါက်ပြေးလွှား၍ ခရေပန်းတွေကောက်နေ သော အရူးမဒေါ်မြတင်ကိုကြည့်ကာ ကရုဏာသက်စွာ ရေရွတ်ပြော ဆိုလိုက်သည်။ ဒေါ်မြတင်မှာ သားနှစ်ယောက်စလုံးကို မျက်စိ အောက်မှာပင် ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရ သဖြင့် နှလုံးသွေးပျက်ကာ စိတ်နောက်ရူးသွပ်သွားခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂ ❑ မင်းသစ္စာလှိုင် (ကခုံကနီ)

သားနှစ်ယောက်သေဆုံးခဲ့ရပြီး အားကိုးအားထားပြုစရာ ဆွေမျိုးညီအစ်ကိုမောင်နှမလည်း တစ်ဦးတစ်ယောက်မှမရှိသဖြင့် ကျောင်းဝင်းဇရပ်ထဲတွင် နေထိုင်သော ကပ္ပိယကြီးဦးပေသီးက ဆရာတော်ကို လျှောက်ထားကာ ခေါ်ယူကျွေးမွေး စောင့်ရှောက်ထားခဲ့ခြင်းဖြစ်သည်။

ထိုစဉ်. . .

ကပ္ပိယကြီးဦးပေသီးက ဇရပ်ပေါ်မှနေ၍ ဒေါ်မြတင်ကို လှမ်းခေါ်လိုက်သည်။

"မမြတင်. . . ပန်းကောက်လို့ အခုထိမပြီးသေးဘူးလား"

"ပြီးပါပြီ ကပ္ပိယကြီးရဲ့ နှစ်ပွင့်ထဲလိုတော့တယ်"

ဒေါ်မြတင်က ခရေပန်းနှစ်ပွင့်ကို ကောက်ယူလိုက်ပြီး ကပ္ပိယကြီးကို လှမ်းပြောလိုက်သည်။

"ပြီးပြီ ကပ္ပိယကြီးရေ. . . ပန်းတွေပြည့်သွားပြီ"

"ပြီးရင်လာတော့လေ. . . ဒီမှာ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ်လည်းရှိတယ်။ ထမင်းကြမ်းလည်းရှိတယ်။ လာစားလှဲ့။ ငါ ကျောင်းဝင်းထဲမှာ တံမြက်စည်းလှည်းရဦးမယ်"

"လာပြီ. . . လာပါပြီ ကပ္ပိယကြီးရဲ့"

ဒေါ်မြတင်က ခရေပန်းတွေကို သဘက်ထဲသို့ကျုံးထည့်ကာ ဇရပ်ဆီသို့ ခုန်ပေါက်ပြေးလွှားလာခဲ့သည်။ ဇရပ်အဝတွင် ကပ္ပိယကြီးက တံမြက်စည်းတစ်ချောင်းကိုကိုင်က ဒေါ်မြတင်ကို ရပ်ပြီးစောင့်နေသည်။ ဒေါ်မြတင်အနီးသို့ရောက်သောအခါ ကပ္ပိယကြီးက မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စောစောက နင်ပြောလိုက်တာ နှစ်ပွင့်လိုသေးတယ်ဆို တော့ နင်က ခရေပန်းတွေကို ရေပြီးကောက်နေတာလား"

"ကျွန်မသားတွေအတွက် ကောက်နေတာ။ ကျွန်မက ရှိပြီး မကောက်လို့ ငိုပြီးကောက်နေရမှာလား. . . ကပ္ပိယကြီးရဲ့"

"ဟဲ့ ငါပြောတာက ပန်းပွင့်တွေကို တစ်ပွင့်ချင်းရေတွက် ကောက်နေတာလားလို့ မေးတာ"

"ဪ. . . ဒါလား၊ ဟုတ်တယ်. . . ကျွန်မက ပန်းပွင့်တွေ ကို ရေတွက်ပြီကောက်နေတာ။ လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းပြည့် ဖို့ နှစ်ပွင့်လိုနေသေးလို့ ကပ္ပိယကြီးကို နှစ်ပွင့်ပဲလိုတော့တယ်လို့ ပြော တာပေါ့။ အခုတော့ လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းပြည့်ဝသွားခဲ့ပြီ လေ"

"ဟာ. . . ဒီအရူးမကတော့လေ၊ ဇရပ်ပေါ်ကိုသွား၊ ထမင်း စားခုံပေါ်မှာ ထမင်းကြမ်းလည်းရှိတယ်။ ငါးခြောက်ဖုတ်လည်းရှိ တယ်။ ကောက်ညင်းပေါင်းလည်းရှိတယ်။ ကြိုက်တာစား။ ပွလည်း ပွမစေနဲ့ဦးနော်။ သပ်သပ်ရပ်ရပ်စား၊ ငါကျောင်းဝင်းထဲမှာ တံမြက် စည်းသွားလှဲလိုက်ဦးမယ်"

"စားမယ်. . . စားမယ်. . . စားရမှာပေါ့။ ကျွန်မနဲ့အစား အသောက်က သိပ်တည့်တာ။ အစားအသောက်မှန်သမျှ ကျွန်မနဲ့ အကုန်တည့်တယ်။ ကျွန်မနဲ့ မတည့်တာက ဟိုလူယုတ်မာတွေပဲ။ ကျွန်မသားတွေ သေရွာကပြန်လာမှ ဒင်းတို့ကို မျိုးဖြုတ်ပစ်ရမယ်"

ဒေါ်မြတင်ပြောဆိုနေသော လူယုတ်မာတွေဆိုသည်မှာ သူမ၏သားနှစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ခဲ့သူတွေကို ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ထို့ကြောင့် ကပ္ပိယကြီးဦးပေသီးက ဒေါ်မြတင်ကို ပြော လိုက်သည်။

"မမြတင် ရှူးတယ်ဆိုတာကောင်းတာ မဟုတ်ဘူးနော်"

*"ရှူးတာ မကောင်းဘူးဆိုတာ လူတိုင်းသိနေတာပဲ ကပ္ပိယ ကြီးရယ်။ ဒါပေမဲ့ အရှူးစကားက မှန်တတ်တယ်နော်"*

"အေး. . . အရှူးစကားမှန်ဖို့လိုသလို ရှူးတာမကောင်းမှန်း သိရဲ့နဲ့ ရှူးနေခဲ့ရတဲ့ ကိုယ့်အကြောင်းကိုလည်း ကိုယ်မမေ့ဖို့လိုတယ်။ ကဲ. . . စားစရာရှိတာ သွားစား။ ငါလည်း ကျောင်းဝင်းထဲမှာ တံမြက် စည်းသွားလှဲလိုက်ဦးမယ်"

ကပ္ပိယကြီးက ပြောပြောဆိုဆိုနှင့် ဇရပ်ပေါ်မှဆင်းသွားခဲ့ သည်။ ဒေါ်မြတင်က ထမင်းစားပွဲဆီသို့သွားကာ ထမင်းအုပ်ဆောင်း ကို ဖွင့်လိုက်ပြီး စားစရာ သောက်စရာတွေကို အားရပါးရစားနေလေ တော့သည်။ စားသောက်ပြီးသောအခါ ခရေပန်းတွေကိုယူကာ ကျောင်း ပေါ်သို့ ပြေးတက်သွားခဲ့သည်။ ဆရာတော်ကို ခရေပန်းတစ်ဝက်ခွဲ လှူလိုက်ပြီး ဆရာတော်ကို ရှိခိုးကန်တော့လိုက်သည်။ ထို့နောက်. . . ဆရာတော်ကို ဆုတောင်းလျှောက်ထားလိုက်သည်။

"တပည့်တော်မ. . . ဒီခရေပန်းတွေကို လှူရတဲ့အတွက် ဆရာတော်က တပည့်တော်မကို ဆုပေးလေဘုရား"

"အေး. . . ဟုတ်ပေသားပဲ။ ဒီခရေပန်းတွေကို ဆက်ကပ် လှူဒါန်းရတဲ့ ကုသိုလ်ကံစေတနာအဟုန်ကြောင့် ဒကာမကြီးဒေါ်မြ တင်သည် ဝဋ်ဒုက္ခအပေါင်းမှ အမြန်ဆုံးလွတ်မြောက်ပါစေသော်"

ဆရာတော်က ဒေါ်မြတင်ကို ဆုပေးပြီး ကိုရှင်တစ်ပါးကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကာ ခရေပန်းတွေကို ဘုရားကပ်ခိုင်းလိုက်သည်။

ထိုစဉ်. . .

ဒေါ်မြတင်က ဆရာတော်ကို ဘဝင်မကျစွာ ပြန်လည်လျှောက်ထားပြောဆိုလိုက်သည်။

"တပည့်တော်လိုချင်တာ အဲဒီလိုဆုပေးမျိုး မဟုတ်ဘူးဘုရား"

"ဟေ. . . ဒကာမကြီးက ဘယ်လိုဆုမျိုးကို ပေးစေချင်တာလဲ"

"တပည့်တော်မတို့သားအမိအပေါ် ရက်စက်ယုတ်မာခဲ့သူတွေကို လက်စားပြန်ချေနိုင်ပါစေဆိုတဲ့ဆုပေး"

"သံသရာမှာ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတာ ပုံသေနည်းတစ်ခုပဲ ဒကာမကြီး။ အခု ဒကာမကြီး တွေ့ကြုံခံစားနေရတာတွေဟာ သံသရာရဲ့ ကံဟောင်း ကံကြွင်းတွေရဲ့ အကျိုးတရားတွေပဲ။ အဲဒီလို ကံဟောင်းကံကြွင်းတွေရဲ့ ဆိုးကျိုးတရားတွေကို ခံစားမှုတစ်ခုအနေနဲ့ စွဲမှတ်ပြီး ဒီလိုကံမျိုးတွေကို ထပ်မံပြုလုပ်နေဦးမယ်ဆိုရင် သံသရာက ဘယ်တော့ဆုံးတော့မှာလဲ ဒကာမကြီးရယ်"

"ဆရာတော်ကလည်း ဆုပေးပါဆိုနေတာ ဆုမပေးဘဲ ဘာတွေပြောနေမှန်းလဲ မသိဘူး"

ဒေါ်မြတင်က ဆရာတော်ကို ဘဝင်မကျစွာ ပြောလိုက်သည်။

ဆရာတော် ဟောပြောဆုံးမနေသည်ကို ဒေါ်မြတင် ဘာတစ်လုံးမှ မသိ။ ထို့ကြောင့် ဒေါ်မြတင်က ဘဝင်မကျစွာ ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။ ဒေါ်မြတင်က ပြောလိုက်မှ ဆရာတော်မှာ ဒေါ်မြတင်၏ ပကတိအခြေအနေကို ပြန်လည်သတိပြုမိခဲ့သည်။

"ဟုတ်ပေသားပဲ။ ဒါတွေဟောပြောနေတော့လည်း ဒကာမကြီးအနေနဲ့ နားလည်နိုင်စွမ်းရှိတော့တာမှ မဟုတ်တာပဲ။ ဘုန်းကြီးစေတနာလွန်သွားခဲ့မိတယ်။ ဒီတော့ ဒကာမကြီးနားလည်အောင်ပြောရရင် အဲဒီလိုဆုမျိုးကို ဘုန်းကြီးတို့က ပေးလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ဘုရားမကြိုက်ဘူး"

"ဘုရားက ဘုရားမကြိုက်တာပြောရင် စိတ်ဆိုးလား"

ခက်ပြီ။ ဒေါ်မြတင်၏အမေးစကားကို ဆရာတော် ဘယ်လိုပြောရမှန်းမသိ။ ဆရာတော် အခက်တွေ့နေရပြီဖြစ်သည်။ ထိုစဉ် ဒေါ်မြတင်က ဘယ်လိုစိတ်ကူးပေါက်သွားခဲ့သည်မသိ။ ဆရာတော်ကို ဆက်လက်လျှောက်ထား ပြောဆိုလိုက်သည်။

"ဘုရားမကြိုက်ဘူးဆိုရင် နောက်တစ်ဆုပေး"

"နောက်တစ်ဆုက ဘယ်လိုပေးရမလဲ"

"တပည့်တော် သားနှစ်ယောက် သေတဲ့နေ့ကစပြီး လေးလပြည့်တဲ့နေ့မှာ မြေကြီးထဲက ပြန်ထွက်လာခဲ့ပြီး တပည့်တော်မထံ ပြန်ရောက်လာပါစေလို့ ဆုပေး"

"မဖြစ်နိုင်တဲ့ ဆုကိုလည်း ပေးလို့မရနိုင်ပေဘူး ဒကာမကြီး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

စိတ်မမှန်သူ ဒေါ်မြတင်ကြောင့် ဆရာတော်မှာ အခက်တွေ့နေရပြီဖြစ်သည်။ ရှင်းပြလို့လည်း နားလည်နိုင်မည်မဟုတ်၍ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ဒေါ်မြတင်ကျေနပ်စေရန် ပြောဆိုလိုက်သည်။

"ဒကာမကြီး. . . ဖြစ်ချင်တာတွေ ဖြစ်လာနိုင်တဲ့ဆုကို ဆရာတော် ပေးမယ်"

"ပေးမယ်ဆိုရင်လည်း မြန်မြန်ပေးပါဘုရား။ တပည့်တော် သားနှစ်ယောက်ကို သွားတွေ့ရဦးမယ်"

"ကဲ. . . ကဲ ဒီလိုဆိုလဲ ဆရာတော်ဆုပေးမယ်။ သေသေ ချာချာနားထောင် အာရုံပြု"

ထို့ကြောင့်-

ဒေါ်မြတင်က လက်အုပ်ချီလိုက်သည်။

"ဒကာမကြီးဒေါ်မြတင်သည် ဤသို့ခရေပန်းတွေကို လှူဒါန်း ရသော စေတနာအကျိုးကြောင့် လိုသောဆုနှင့်ပြည့်ပါစေ"

"ဟာ. . . အဲဒီဆုကောင်းတယ်။ တပည့်တော်ကြိုက်တယ်။ တပည့်တော်သားနှစ်ယောက်ဆီ သွားလိုက်ဦးမယ်"

ဒေါ်မြတင်မှာ စိတ်မရှည်သူပီပီ ပြောချင်ရာပြောလိုက်ပြီး ဆရာ တော်ကို ရှိခိုးကန်တော့လိုက်သည်။ ထို့နောက် ခရေပန်းတွေထည့် ထားသော သဘက်ကို ပွေ့ပိုက်ကာ ကျောင်းပေါ်မှပြေးဆင်းသွားခဲ့ သည်။ ဆရာတော်မှာ ဒေါ်မြတင်ကိုကြည့်ကာ ကရုဏာသက်စွာ ရေ ရွတ်ပြောဆိုလိုက်သည်။

"ဝဋ်ကြွေးမကုန်သေးသရွေ့တော့ ပေးဆပ်နေပေဦးတော့ ဒကာမကြီးဒေါ်မြတင်ရယ်"

ဒေါ်မြတင်မှာ ကျောင်းပေါ်မှ ပြေးဆင်းလာခဲ့ပြီး ကျောင်း ဝိုင်းထဲမှ အော်ဟစ်ပြေးထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေလာပြီ. . . သားတို့ရယ်၊ သားတို့ဆီကို မေမေလာနေပြီ"

ဒေါ်မြတင် အော်ဟစ်ပြေးသွားနေသောနေရာမှာ လဗတစ်ပင်ရှာပြင်ရှိ သချိုင်းသုဿာန်ဆီသို့ဖြစ်သည်။

ထိုစဉ်. . .

ကျောင်းဝင်းအနောက်ဖက်ခြံစည်းရိုးအစပ်မှ ချုံနွယ် သစ်ပင်တွေကို ဖြဲရဲတိုးပြီး လူတစ်ယောက်ကျောင်းဝင်းအပြင်သို့ ထွက်လာခဲ့သည်။ ထိုသူမှာ လဗတစ်ပင်၏ သူဌေးသားဝင်းသောင်း၏ လက်ပါးစေ လူယုံစံလှဖြစ်သည်။ စံလှမှာ ဝင်းအောင်၏ခိုင်းစေမှုအရ ဆရာတော်နှင့် ဒေါ်မြတင်၊ ကပ္ပိယကြီးနှင့် ဒေါ်မြတင်တို့၏ ပြောဆိုနေသံတွေကို လာရောက်ချောင်းမြောင်း နားထောင်နေခဲ့ခြင်းဖြစ်သည်။ စံလှမှာ ကျောင်းဝင်းအပြင်ကိုရောက်သည်နှင့် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်လိုက်သည်။ ထို့နောက် ထိုနေရာမှ သုတ်ခြေတင်ထွက်သွားခဲ့တော့သည်။

ထိုစဉ်. . .

ကပ္ပိယကြီးမှာ ကျောင်းဝင်းထဲတွင် တံမြက်စည်းလှည်းနေရင်း တီးတိုးရေရွတ်ပြောဆိုလိုက်သည်။

"ဩော်. . . ဝင်းသောင်း. . . ဝင်းသောင်း၊ မင်းက ကိုယ်က မရိုးသားတော့ သူများကို သူခိုးထင်နေခဲ့တာပဲ။ မင်းက ဆရာတော်ကိုလည်း သံသယဖြစ်၊ သုဘရာဇာကိုလည်း မယုံ။ ငါ့ကိုလည်း မသင်္ကာ။ အရှူးကိုလည်း စိတ်မချ။ မင်းတို့ ဒီလိုပဲ ချောင်းကြည့်နေခဲ့ကြ၊ ချောင်းနားထောင်နေခဲ့ကြတာ နှစ်လတောင်ကျော်နေပြီပဲကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ စိုးရိမ်သောကဖြစ်နေကြတုန်းပဲဆိုတော့ သနားဖို့တောင်ကောင်းနေပြီ။ ဒီလောက်လည်း စိုးရိမ်သောကဖြစ်နေစရာမလိုပါဘူးကွာ။ ကိုယ်က ရိုးတယ်ဆိုရင် သူများကို သူခိုးထင်စရာမလိုပါဘူး။ မင်းတို့သာ ရိုးသားဖို့လိုတာပါ။ မင်းတို့သာ ရိုးသားနေကြမယ်ဆိုရင်ခုလောက်စိုးရိမ်စရာမလိုပါဘူးကွာ"

စံလှ ချောင်းမြောင်းနားထောင်နေခဲ့သည်ကို ကပ္ပိယကြီးက သိရှိနေခဲ့သော်လည်း ကပ္ပိယကြီး သိရှိနေခဲ့သည်ကိုတော့ စံလှ မသိ။ ထို့ကြောင့် စံလှမှာ ထိုနေရာမှ ခပ်သုတ်သုတ်လျှောက်လာခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# တွင်းဝင်ပြောင့်သော မြွေ

"မေမေလာပြီ သားတို့ရေ. . . သားတို့ဆီကို မေမေ လာနေပြီ"

ဒေါ်မြတင်မှာ ခရေပန်းတွေနှင့် သဘက်ကိုပွေ့ပိုက်ကာ ရွာလမ်းတစ်လျှောက် ခုန်ပေါက်သွားနေခဲ့သည်။ ဒေါ်မြတင်မှာ နေ့စဉ်နှင့်အမျှ ဤကဲ့သို့ပြုမူနေခဲ့သည်မှာ နှစ်လပင်ကျော်လာခဲ့ပြီဖြစ်သည်။

သားနှစ်ယောက်ဖြစ်သော ထွန်းတောက်နှင့် ဝင်းနိုင်တို့ သေဆုံးခဲ့ပြီးနောက် ရက်ပင်မလည်သေး၊ ဒေါ်မြတင်မှာ စိတ်နောက်ရူးသွပ်သွားခဲ့ခြင်းဖြစ်သည်။ ဒေါ်မြတင်မှာ ယဉ်ယဉ်လေးရူးနေခဲ့ခြင်းဖြစ်သည်။ သားနှစ်ယောက်ကို ရက်စက်ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်ခဲ့သူတွေအပေါ် နားကျည်းစိတ်ပြင်းထန်စွာ ခံစားရူးသွပ်သွားခဲ့ရသဖြင့် သေဆုံးခဲ့ပြီးသောသားနှစ်ယောက်ကို လေးလအတွင်း သေရွာမှ ပြန်ခေါ်ပြီး ရန်သူတွေကို လက်စားချေနိုင်မည်ဟု ပြောဆိုနေခဲ့သည်။ ထို့ကြောင့် နေ့စဉ်နေ့တိုင်း ထွန်းတောက်နှင့် ဝင်းနိုင်တို့၏

www.burmeseclassic.com

www.burmeseclassic.com



မြေပုံဆီသို့သွားကာ သားနှစ်ယောက်ကိုပြန်လာရန် ပြောဆိုနေခဲ့သည်။ ထို့ကြောင့် ဒေါ်မြတင်၏ပြောဆိုပြုလုပ်နေမှုတွေမှာ လဗတစ်ပင်ရွာအတွက် အထူးအဆန်းမဟုတ်တော့။ ဘယ်သူကမှလည်း အရေးတယူမလုပ်။ ဒေါ်မြတင်ကို ဘယ်သူကမှ အရေးတယူမလုပ်သလို ဒေါ်မြတင်ကလည်း ဘယ်သူ့ကိုမှ အရေးမလုပ်။

သို့နှင့်. . .

ဒေါ်မြတင်သချိုင်းဆီသို့ ရောက်လာခဲ့ပြီဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့၏မြေပုံများဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားခဲ့ပြီး ခရေပန်းတွေကို မြေပုံနှစ်ခုပေါ်သို့ အညီအမျှဖြန့်ကြဲပက်ဖြူးလိုက်သည်။ မြေပုံပေါ်မှ ခရေပန်းတွေကို ညီညီညာညာဖြစ်အောင်လိုက်လံညှိပေးနေရင်း နှုတ်မှလည်း တဖွဖွပြောဆိုနေခဲ့သည်။

"ဒီမှာ. . . ထွန်းတောက်နဲ့ ဝင်းနိုင်။ မေမေ ပြောနေတာကို မင်းတို့နှစ်ယောက်စလုံး သေသေချာချာနားထောင်ကြ။ အခု မင်းတို့ဆီကို မေမေ နေ့တိုင်း နေ့တိုင်းလာလာ သတိပေးနေခဲ့တာ နှစ်လကျော်ပြီကွ။ မင်းတို့နှစ်ယောက် မေ့နေကြမှာစိုးလို့ မေမေ နေ့တိုင်းနေ့တိုင်းလာလာပြီး ပြောနေရတာ။ မင်းတို့နှစ်ယောက် သေပြီးတဲ့နေ့ကစပြီး လေးလပြည့်တဲ့နေ့မှာ မေမေဆီကိုရောက်အောင်ပြန်လာခဲ့ကြပါ။ မင်းတို့ ညီအစ်ကိုနှစ်ယောက်ပြန်လာမှ တို့မိသားစုကို ရက်စက်ယုတ်မာလုပ်ကြံခဲ့တဲ့လူတွေကို လက်စားချေလို့ရမှာ။ မေမေပြောတာကို မင်းတို့သိတယ်နော်၊ အေး. . . သိရင်ပြီးတာပဲ"

ထို့နောက်. . .

ဒေါ်မြတင်က မြေပုံပေါ်ရှိ မညီမညာဖြစ်နေသော နေရာ

www.burmeseclassic.com

www.burmeseclassic.com



မှ ခရေပန်းတွေကို ညီညီညာညာဖြစ်သွားအောင် လိုက်လံဖြန့်ပေးနေခဲ့သည်။

"မမြတင်"

ခေါ်သံကြားလိုက်ရသဖြင့် ဒေါ်မြတင် မော့ကြည့်လိုက်သည်။ သုဘရာဇာကြီးဦးမြေကြီးကို တွေ့မြင်လိုက်ရသဖြင့် ဒေါ်မြတင်က ပြန်ပြောလိုက်သည်။

"ဩော်. . . မသာကျွမ်းကျင်ပညာရှင်ကြီးပါလား"

"မမြတင် မကြာခင် ဒီဝင်္ဂဒုက္ခက လွတ်မြောက်တော့မှာပါ"

"မသာပညာရှင်ကြီး၊ ကျွန်မသားနှစ်ယောက်နဲ့တွေ့သေးလား။ ကျွန်မကို အာမှာလိုက်သေးလဲ"

"မမြတင်ပြောတဲ့အတိုင်း လေးလပြည့်တာနဲ့ မမြတင်ဆီကို သူတို့ ပြန်လာကြလိမ့်မယ်"

"ပြန်လာရမယ်လေ၊ ပြန်မလာလို့ ဘယ်ရမလဲ။ အရှူးမပြောတာကို သူတို့နားထောင်ရမှာပေါ့။ အရှူးပြောရင် မှန်ကိုမှန်နေရမယ်"

"မှန်ရမှာပေါ့ မမြတင်ရယ်၊ အရူးဆိုတာ သတ္တိရှိတယ်။ ဟန်ဆောင်မှုမရှိဘူး။ ဘယ်သူ့ကိုမဆို သူတို့ရဲ့ ရင်ဘတ်ထဲမှာရှိနေတဲ့ အတိုင်း ပြောရဲဆိုရဲ၊ လုပ်ရဲတာ အရူးရဲ့ဂုဏ်ထူးဝိသေသတစ်ခုပဲ။ သူပြောချင်တာ သူလုပ်ချင်တာကို နေရာဒေသမရွေး အချိန်အခါမရွေး လူအဆင့်အတန်းမရွေး၊ ဟန်ဆောင်မှုမရှိဘဲ သတ္တိရှိရှိပြောရဲ၊ ဆိုရဲ၊ လုပ်ကိုင်ရဲကြတယ်။ အဲဒီလို ဂုဏ်ထူးဝိသေသတွေရှိနေလို့လဲ အရူးစကားမှန်မှန်နေခဲ့ရတာပဲ"

ဒေါ်မြတင်မှာ ခရေပန်းတွေကို ညီပေးနေရင်းမှ သုဘရာဇာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးမြေကြီးကို မော့ကြည့်လိုက်သည်။ ထို့နောက် ဘဝင်မကျစွာ ပြောလိုက်သည်။

"ကျောင်းပေါ်က ဆရာတော်ရယ်၊ ဇရပ်ထဲက ကပ္ပိယကြီးရယ်၊ သချိုင်းက မသာကျွမ်းကျင်ပညာရှင်ကြီးရယ် အားလုံးအားလုံး စကားပြောရင် ဘာတွေပြောနေကြမှန်းလဲမသိဘူး။ ကျွန်မနားမလည်တဲ့ စကားတွေချည်းပဲပြောနေကြတာပဲ။ ကျွန်မကတော့ နေမြင့်လေ အရှူးရင့်လေဖြစ်တော့မှာပဲ"

"နေမြင့်လေ အရှူးရင့်လေဖြစ်မှ အရှူးက တစ်မူးသာဖြစ်မှာပေါ့ မမြတင်ရယ်၊ လူတွေဟာ ရှူးချင်တိုင်းရှူးလို့ရတာမှမဟုတ်တာ။ ရှူးတယ်ဆိုတာ သူများထက်ထူးမှ ရှူးလို့ရတာပဲ။ အရှူးဘုံမြောက်ချေးခြောက်ကောက်စား မဖြစ်ဖို့တော့လိုတယ်။ အရှူးချေးပန်းမဖြစ်ဖို့ မှိုအရေးကြီးတယ်။ အရှူးဆိုတာ စကားဆယ်ခွန်းတစ်ခွန်းတော့မှန်နေမှ အရှူးအင်္ဂါရပ်နဲ့ ညီမှာ။ အရှူးပါးစပ်က နတ်စကားထွက်လို့ မရဘူး"

"မသာကျွမ်းကျင်ပညာရှင်ကြီးက အရှူးစကားတွေပဲပြောပြောနေတော့ ရှူးနေပြီနဲ့တူတယ်။ ကဲ. . . ကျွန်မပြန်ရဦးမယ်။ ကပ္ပိယကြီးကျွေးတဲ့ ထမင်းစားဖို့ကိစ္စရှိသေးတယ်"

"သြော်. . . မမြတင်"

ဒေါ်မြတင်က ထိုင်ကန်တော့မည့်ဟန်ပြင်နေသဖြင့် သုဘရာဇာကြီးဦးမြေကြီးက ခေါ်လိုက်သည်။ ထို့ကြောင့် ဒေါ်မြတင်က ဦးမြေကြီးကို ပြန်ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမြတင်ရဲ့သားနှစ်ယောက်ကို တကယ်ပဲ တမလွန်ကနေ ပြန်လာစေချင်လား"

"အိုး. . ပြန်လာစေချင်တာပေါ့။ သူတို့ပြန်လာမှ လူယုတ်မာတွေကို လက်စားချေလို့ရတော့မှာပေါ့"

"ဒါဆိုရင် ကျုပ်ကျွေးတာကိုစား. . . လာ. . . ဇရပ်ကို သွားကြမယ်"

ဦးမြေကြီးက ထွက်သွားခဲ့သဖြင့် ဒေါ်မြတင်က နောက်မှလိုက်သွားခဲ့သည်။ ထို့နောက် ဇရပ်ပေါ်သို့တက်သွားခဲ့သဖြင့် ဒေါ်မြတင်လည်း လိုက်တက်သွားခဲ့သည်။ ဦးမြေကြီးက ထင်းရှူးသေတ္တာထဲမှ စားစရာအချို့ကို ယူကာပေးလိုက်သည်။

"ရော့. . . မမြတင်၊ နေ့လည်နေ့ခင်းဆာရင်စားဖို့ ယူသွား"

"ကပ္ပိယကြီးကလည်း ကျွန်မသားတွေနဲ့ တွေ့ချင်ရင် သူကျွေးတာစားဆိုပြီး မုန့်တွေပေးထားသေးတယ်"

"သူကျွေးတာလည်းစား၊ ကျုပ်ကျွေးတာလည်းစား နှစ်မျိုးစလုံးစားတော့ မြန်မြန်သားတွေနဲ့ ပြန်တွေ့ရတာပေါ့"

"ဒါဆိုရင် စားမယ်. . . စားမယ်. . ပေး. . ပေး"

မမြတင်က အလျှင်စလို လှမ်းယူလိုက်သည်။ ထိုနောက် ဦးမြေကြီးက စက္ကူထုတ်ကလေးတစ်ထုတ်ကို ပေးလိုက်ပြန်သည်။

"ရော့. . . ဒီစက္ကူထုတ်ထဲမှာ ဆေးတွေရှိတယ်။ မမြတင်သားနှစ်ယောက်နဲ့ ပြန်တွေ့ချင်ရင် ဒီဆေးကို မှန်မှန်သောက်၊ ဘယ်လိုသောက်ရမယ်ဆိုတာ ကပ္ပိယကြီးကိုမေး. . . ဟုတ်ပြီလား၊ ကဲ. . . ပြန်တော့"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်-

ဒေါ်မြတင်က သုဘရာဇာကြီးကို ရှိခိုးကန်တော့လိုက်သည်။ ထို့ကြောင့် သုဘရာဇာကြီးက ဒေါ်မြတင်ကို ပြောလိုက်သည်။

"တစ်နေ့ တစ်လံ၊ ပုဂံ ဘယ်ရွှေ့နိုင်မှာလဲ မမြတင်ရယ်"

ထို့နောက်-

ဒေါ်မြတင်မှာ သင်္ချိုင်းထဲမှ ခုန်ပေါက်ပြေးထွက်သွားခဲ့တော့သည်။ သုဘရာဇာကြီးဦးမြေကြီးမှာလည်း ဇရပ်ပေါ်မှ သူ့နေရာလေးတွင်း တုံးလုံးလှဲကာ နားနေခဲ့တော့သည်။

ထိုစဉ်-

ဇရပ်အနီးရှိ ချုံနွယ် သစ်ပင်တွေ ရှုပ်ထွေးနေသောနေရာမှ လူတစ်ယောက်မှာလည်း ချုံနွယ်သစ်ပင်တွေကို ပုန်းကွယ်ပြီး သင်္ချိုင်းထဲမှထွက်သွားခဲ့တော့သည်။ ထိုသူမှာ လဗတစ်ပင်မှ လူချမ်းသာသူဌေးသားဝင်းသောင်း၏လက်ပါးစေ မြမောင်ဖြစ်သည်။ မြမောင်မှာ ဝင်းသောင်း၏ခိုင်းစေမှုအရ သုဘရာဇာကြီးနှင့် ဒေါ်မြတင်တို့၏ပြောဆိုနေထိုင်မှုတွေကို ချောင်းမြောင်းကြည့်ရှုနေခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်

သုဘရာဇာကြီးဦးမြေကြီးက နဖူးပေါ်လက်တင်ကာ ရေရွတ်ပြောဆိုလိုက်တော့သည်။

"ဩော်. . . ဝင်းသောင်း. . . ဝင်းသောင်း၊ မင်းက ဆရာတော်ကိုလည်း သံသယဖြစ်၊ ကပ္ပိယကြီးကိုလည်း မယုံကြည်၊ သုဘရာဇာကိုလည်း မယုံကြည်။ အရှူးကိုလည်း စိတ်မချ။ မင်းတို့ ဒီလိုပဲ ချောင်းကြည့်နေခဲ့ကြတာ နှစ်လတောင်မှကျော်နေပြီပဲ။ ဒါတောင်မှ

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်သောကဖြစ်နေကြတုန်းပဲဆိုတော့ တော်တော်တော့ သနားစရာကောင်းနေပြီ။ ဒီလောက်လည်း စိုးရိမ်စရာမလိုပါဘူးကွာ။ မြေမှန်ရင်တော့ တွင်းဝင်ဖြောင့်မှာပါ။ မင်းတို့တတွေ တွင်းဝင်ဖြောင့်တဲ့ မြေတွေဖြစ်ဖို့ပဲလိုပါတယ်။ တွင်းဝင်ဖြောင့်တဲ့ မြေဆိုရင်တော့လည်း အခုလောက်စိုးရိမ်စရာမလိုပါဘူးကွာ"

မြမောင်ချောင်းကြည့်နေခဲ့သည်ကို သုဘရာဇာကြီးက သိရှိနေခဲ့သော်လည်း သုဘရာဇာကြီးက သိနေခဲ့သည်ကိုတော့ မြမောင်က မသိ။ ထို့ကြောင့် မြမောင်မှာ သချိုင်းထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့ပေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မိုးရွာတုန်း ရေခံ

စံလှနှင့် မြမောင်တို့မှာ သူတို့တွေ့မြင်ခဲ့ကြရသည်ကို ဝင်းသောင်းအား ပြန်လည်ပြောပြခဲ့ကြသဖြင့် ဝင်းသောင်းက စဉ်းစားပြောဆိုလိုက်သည်။

"ဒီအတိုင်းဆိုရင်တော့ မသင်္ကာစရာဘာတစ်ခုမှ မတွေ့ရဘူး။ ဒါကြောင့် ကပ္ပိယကြီးနဲ့ သူဘရာဇာကြီးဟာ အရှုံးမဒေါ်မြတင်တို့ သနားလို့ သွေးရိုးသားရိုးနဲ့ ကူညီစောင့်ရှောက်နေခဲ့တာပဲဖြစ်မယ်"

"ငါလည်း အဲဒီလိုပဲ ထင်တာပဲကွ။ ဘာဖြစ်လို့လဲဆိုတော့ ငါသွားချောင်းတိုင်း ဒီစကားတွေကိုပဲ နေ့တိုင်းကြားနေခဲ့ရတာကွ။ အခုဆို နှစ်လတောင်ကျော်လာပြီ။ မင်းခိုင်းနေလို့သာ သွားသွားချောင်းနေရတာ။ သွားချောင်းရတာ ပျင်းတောင်ပျင်းလာပြီ"

စံလှက ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြမောင်ကလည်း ဝင်ပြောလိုက်ပြန်သည်။

"ငါက ပျင်းရုံတင်မကဘူး။ စိတ်တောင်ပျက်လာပြီ။ တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



လာလည်း ဒီစကား၊ နောက်တစ်နေ့လာလည်း ဒီစကား ကြည့်ပြီးသား ရုပ်ရှင်ကားကို ခဏခဏထပ်ကြည့်နေရသလိုပဲ။ သူတို့ပြောတာဆိုတာ တွေကို အလွတ်တောင်ရနေပြီ"

"နောက်ပြီး တစ်ခါတစ်ခါကျရင် ကပ္ပိယကြီးကလည်း ဘာ တွေပြောမှန်းမသိဘူး။ ကပ္ပိယကြီးပြောတဲ့ စကားတွေကို ဝင်းသောင်း ကိုပြန်ပြောဖို့ မနည်းမှတ်လာခဲ့ရတယ်"

စံလှက ပြောလိုက်ပြန်သည်။ ထို့ကြောင့် မြမောင်က စံလှ ကို ထောက်ခံပြောဆိုလိုက်သည်။

"သူဘရာဇာကြီးလည်း ဒီလိုပါပဲကွာ။ အရှုံးမန့်ပေါင်းပြီး ရူးနေပြီလား မသိဘူး။ သူပြောတဲ့စကားတွေကို ဝင်းသောင်းကို ပြန် ပြောပြဖို့ မနည်းကိုလိုက်မှတ်နေခဲ့ရတာ"

"ဆရာတော်ကတော့ ဒေါ်မြတင်ကို တရားအကြောင်းပဲ ဟောပြောပြနေတာကွ။ အရှုးကို တရားဟောလို့ရမလားကွာ။ ဆရာ တော်က ဟောပြောပြနေပေမယ့်လည်း အရူးမက သူပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်နေခဲ့တာ။ ဒါပေမဲ့ ဆရာတော်က စိတ်မပျက်ဘူးကွ။ နောက်တစ်နေ့လည်း ဒီလိုပဲ ဟောပြောနေတာပဲ။ ဆရာတော်က ဒေါ်မြတင်ကို တကယ့်ကို ကရုဏာနဲ့ဟောပြောနေတာကွ"

စံလှက ပြောလိုက်ခြင်းဖြစ်သည်။

ဤတွင်. . .

ဝင်းသောင်းက ပြောလိုက်သည်။

"ငါလည်း ဆရာတော်အပေါ်မှာတော့ သံသယမရှိပါဘူး ကွာ။ ငါတို့အမေတွေ၊ အဘိုးတွေ လက်ထက်ကတည်းက တစ်ရွာလုံး

www.burmeseclassic.com

www.burmeseclassic.com



ရှိသေလေးစားလာခဲ့ကြတဲ့ ဆရာတော်ပဲ။ ဆရာတော်ရဲ့သီလသမာဓိ သိက္ခာတွေကိုလည်း မင်းတို့ ငါတို့ သိနေခဲ့ကြတာပဲ"

"ဒါဆိုရင် မင်းက ဒေါ်မြတင်နဲ့ ဆရာတော်ပြောနေတာကို ဘာဖြစ်လို့ချောင်းနားထောင်ခိုင်းရတာလဲ"

မြမောင်က ရမေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းက ပြန်ပြောလိုက်သည်။

"ဒေါ်မြတင် ဘာတွေပြောသလဲ သိချင်လို့ပဲ"

"ကဲ. . . ဒီလိုဆို တို့ဘာဆက်လုပ်ရမလဲ"

"ဘာသံသယမှဖြစ်စရာ သံလွန်စမရှိမှတော့ စိုးရိမ်စရာလည်း မရှိတော့ဘူးလေ။ ဒါကြောင့် မနက်ဖြန်ကစပြီး မင်းတို့လှုပ်ရှားမှုတွေကို ရပ်လိုက်ပေတော့"

ဝင်းသောင်းက ပြောလိုက်သဖြင့် စံလှနဲ့ မြမောင်တို့မှာ အားရဝမ်းသာဖြစ်သွားခဲ့ကြရတော့သည်။

ထို့နောက်

မြမောင်က ဝင်းသောင်းကို မေးလိုက်သည်။

"ငါတို့ မင်းကိုမေးချင်နေတာကြာပြီ။ ဒါပေမဲ့ မင်းက မာန်မဲ ဆူပူလုပ်မှာစိုးလို့ မမေးဘဲနေခဲ့ရတာ"

"လာမေးမလို့လဲ"

"ထွန်းတောက်နဲ့ ဝင်းနိုင်တို့နှစ်ယောက် ဘာကြောင့် သေဆုံးခဲ့ကြရတယ်ဆိုတာ မင်းတို့ငါတို့ အစအဆုံးသိနေခဲ့ကြရတယ်။ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ရဲ့အလောင်းတွေကိုလည်း မင်းတို့ ငါတို့ကိုယ်တိုင်မြှုပ်ခဲ့ကြရတာပဲ။ မင်းအတွက် ဘာပြဿနာ၊ ဘာအန္တရာယ်

www.burmeseclassic.com



အယုတ်မှ မရှိတော့ဘူး။ မင်းက ဘာကိုစိုးရိမ်သောကဖြစ်ပြီး တို့နှစ်ယောက်ကို အခုလို ချောင်းမြောင်းနားထောင်ခိုင်းခဲ့ရတာလဲ"

"ဟုတ်တယ်. . . အဲဒီအကြောင်းကို ငါလည်းသိချင်နေတာ"

စံလှကပါ ဝင်ပြောလိုက်ပြန်သည်။ ထို့ကြောင့် ဝင်းသောင်းက ပြောပြလိုက်တော့သည်။

"ထွန်းတောက်နဲ့ ဝင်းနိုင်တို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်ရွာလုံးက ငါ့ကိုသင်္ကာမကင်းဖြစ်နေကြတာ မင်းတို့လဲ အသိပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ရွာလုံးကလည်း ငါ့ကို မကျေမနပ်ဖြစ်နေခဲ့ကြတယ်။ မပြောရဲကြလို့သာ မပြောဘဲနေခဲ့ကြရတာ။ နောက်ပြီး ငါလုပ်ကြံသတ်ဖြတ်ခဲ့ပါတယ်ဆိုတဲ့ သက်သေအထောက်အထားနဲ့ သဲလွန်စ ဘာတစ်ခုမှ မရှိခဲ့လို့သာ မကျေမနပ်နဲ့ ငြိမ်နေခဲ့ကြရတာ"

"မကျေနပ်လည်း ဘာဂရုစိုက်စရာရှိလဲကွာ။ မင်းမှာ ဦးလှသောင်းနဲ့ တင်ဆောင်တို့ သားအဖအားကိုးရှိနေတာပဲ"

"ရှိတော့ ရှိတာပေါ့ကွာ။ ဒါပေမဲ့ သူတို့က ရန်ကုန်မှာရှိတာကွ။ လောလောဆယ် ပြဿနာဖြစ်လာခဲ့ရင် သူတို့သားအဖ ငါ့ကို ဘယ်လိုမှကူညီနိုင်ကြမှာမဟုတ်ဘူး။ ဖြစ်လာနိုင်တဲ့ ပြဿနာကလည်း သူတို့သားအဖ ကူညီနိုင်တဲ့ ပြဿနာမျိုးမဟုတ်ဘူး"

"အင်္ဂလိပ်အစိုးရရဲ့ ထိပ်ပိုင်းကြီးကြီးမားမားတွေကြီးတွေကို ဒီလောက်တောင်မှပိုင်နေတာ ဘာဖြစ်လို့ သူတို့သားအဖက မကူညီနိုင်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"တင်အောင်တို့သားအဖ လူသတ်မှုကိုတောင်မှ ထောင်မကျအောင်လုပ်ပေးနိုင်ကြပေမယ့် အခု ငါစိုးရိမ်နေခဲ့ရတဲ့ ပြဿနာဖြစ်လာခဲ့ရင် တင်အောင်တို့သားအဖ မပြောနဲ့၊ အင်္ဂလိပ်မဟာမင်းကြီးတောင် ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

ဝင်းသောင်းက အင်္ဂလိပ်မဟာမင်းကြီးတောင်မှ ဘာမှတတ်နိုင်မှာမဟုတ်ဘူးဟု ပြောလိုက်သဖြင့် စံလှနှင့် မြမောင်တို့က တအံ့တသြပြန်မေးလိုက်သည်။

"မဟာမင်းကြီးတောင်မှ မတတ်နိုင်ဘူးဆိုတော့ မင်းကဘယ်လို စိုးရိမ်စရာဖြစ်နေလို့လဲ"

"မင်းက ဘာကိုဒီလောက်တောင်စိုးရိမ်နေခဲ့လို့လဲ"

"မင်းတို့ စဉ်းစားကြည့်လေကွာ။ ဝင်းနိုင်နဲ့ ထွန်းတောက်တို့ အသတ်ခံခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါတို့ကို သက်သေမကင်းဖြစ်နေတဲ့ အထဲမှာ ကပ္ပိယကြီးနဲ့ သူဘရာဇာကြီးတို့က ရှေ့ဆုံးကပါနေခဲ့ကြတာ"

"ဟုတ်တယ်လေ. . . ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲကွ၊ ကပ္ပိယကြီးက ဗေဒင်ယတြာကျွမ်းကျင်တယ်။ သူဘရာဇာကြီးကလည်း သရဲ၊ တစ္ဆေ၊ ပယောဂတွေကိုနိုင်တယ်"

စံလှက ထောက်ခံပြောဆိုလိုက်ခြင်းဖြစ်သည်။ ဦးမြေကြီးမှာ သင်္ချိုင်းတွင် နေထိုင်သည့် သူဘရာဇာတစ်ယောက်ဖြစ်နေခဲ့သော်လည်း စုန်း၊ နတ်၊ ပယောဂနှင့် အတိုက်အခိုက်ကိစ္စများကို ကျွမ်းကျင်နိုင်နင်းသူဖြစ်သည်။ ထို့ကြောင့် လဗတစ်ပင်ကျေးရွာသာမက ပတ်ဝန်းကျင်ကျေးရွာတွေကပါ စုန်း၊ နတ် ပယောဂအတိုက်အခိုက်ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပတ်သက်လာခဲ့လျှင် ဦးမြေကြီးကိုပင် အားထားနေခဲ့ကြရသည်။ ထို့အပြင် ဦးမြေကြီးမှာ ဂမ္ဘီရအစီအရင်များနှင့် ဆေးဝါးပညာကိုလည်း ကျွမ်းကျင်နားလည်သူဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အစီအရင်ကိစ္စများတွင်လည်း ဦးမြေကြီးကိုပင် အားထားနေခဲ့ကြရသည်။

ဦးမြေကြီးလဗတစ်ပင်ရွာကို ရောက်ရှိလာခဲ့သည်မှာ တစ်နှစ်ခန့်ပင်ရှိသေးသည်။ ဦးမြေကြီးမှာ ရောက်စကပင် သချိုင်းဇရပ်မှာ နေထိုင်ခဲ့ခြင်းဖြစ်သည်။ တစ်စတစ်စနှင့် ဦးမြေကြီးမှာ အစွမ်းထက်သော ဆရာတစ်ယောက်ဖြစ်နေသည်ကို သိရှိခဲ့ကြရသည်။ ထို့ကြောင့် ဦးမြေကြီးကို ရပ်ဆရာ ရွာဆရာအဖြစ် ရွာထဲတွင်ပြောင်းရွှေ့နေထိုင်ရန် နေအိမ်တစ်လုံး စီစဉ်ပေးခဲ့ကြသော်လည်း ဦးမြေကြီးက ဆရာဘဝထက် သုဘရာဇာဘဝကို ပိုမိုမက်မောနေခဲ့သဖြင့် ဦးမြေကြီးကို အံ့သြနေခဲ့ကြရသည်။

ထို့ကြောင့်-

လဗတစ်ပင်ရွာကလေးမှာ ကျန်းမာရေးကိစ္စ၊ စုန်း၊ နတ်၊ ပယောဂကိစ္စနှင့် နာရေးကိစ္စများတွင် ဦးမြေကြီးကိုသာ အားကိုးအားထားပြုနေခဲ့ကြရသည်။ ဦးမြေကြီးမှာ ထိုကိစ္စများနှင့်ပတ်သက်၍ အခမဲ့ကူညီလုပ်ကိုင်ပေးနေခဲ့ခြင်းဖြစ်သည်။ ဦးမြေကြီးကို ယုံကြည်အားကိုးလွန်းသူတွေက ဦးမြေကြီးအား အတင်းအဓမ္မငွေကြေးတွေပေးခဲ့ကြသည်။ ထိုကဲ့သို့ပြုလုပ်လာခဲ့လျှင် ဦးမြေကြီးက လုံးဝကူညီလုပ်ကိုင်မပေးတော့။ သေရေးရှင်ရေးကိစ္စကိုပင် လုပ်မပေး။

ပင်လယ်ရေလုပ်ငန်းပိုင်ရှင်ကိုလှအောင်၏သား သက်နေ

www.burmeseclassic.com

www.burmeseclassic.com



မြွေကိုက်ခံခဲ့ရသဖြင့် ဦးမြေကြီးကို သွားရောက်ပင့်ခေါ် ခဲ့ကြသည်။ တိုလှအောင်က သားဇောကြောင့် ဦးမြေကြီးကို ငွေတွေအပုံလိုက်ပေးပြီး ကုသခိုင်းခဲ့သည်။ ဦးမြေကြီး ချက်ချင်းထပြန်သွားခဲ့သည်။ ဘယ်လိုတောင်းပန်လို့မှ ပြန်မလာ။ သက်နေမှာ မြွေဆိပ်တက်ကာ တစ်ကိုယ်လုံးပြာနေပြီဖြစ်သော်လည်း ခေါ်မရ။ နောက်ဆုံး သူကြီးဦးလှကျော်၊ ကပ္ပိယကြီးဦးပေသီး၊ အဘိုးလှတို့ဦးဆောင်ကာ တစ်ရွာလုံးက ရွာသူရွာသားတွေ သွားရောက်တောင်းပန်ပင့်သော်လည်း မရ။ ထို့ကြောင့် အားလုံးလက်လျှော့ခဲ့ကြရတော့သည်။ သက်နေမှာလည်း နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဤတွင် ဆရာတော်မှ ဦးမြေကြီးကို မေတ္တာရပ်ခံပြောဆိုခဲ့သည်။ ဦးမြေကြီးမှာ ဆရာတော်တို့တော့ မဆန့်ကျင်။ သက်နေကို ပြုစုကုသပေးခဲ့သည်။ သက်နေပြန်လည်ကျန်းမာလာခဲ့သည်။ ထိုနေ့မှစ၍ ဦးမြေကြီးကို ငွေကြေးတိစ္စနှင့်ပတ်သက်၍ မပြောရဲကြတော့။ ငွေကြေးကိစ္စမပြောရဲသဖြင့် စားစရာသောက်စရာတွေကို ပေးပို့ခဲ့ကြသည်။ ဦးမြေကြီးက ငွေကြေးတိုလက်မခံခဲ့သော်လည်း အစားအသောက်တွေကိုတော့ လက်ခံခဲ့သည်။ ထို့ကြောင့် ဦးမြေကြီးမှာ အစားအသောက်တွေပြီးပြည့်စုံနေခဲ့သည်။

ထို့နောက်. . .

ဝင်းသောင်းက ဆက်ပြောလိုက်ပြန်သည်။

"ကပ္ပိယကြီးနဲ့ သုဘရာဇာကြီးတို့က မဟုတ်တာဘယ်တော့မှ မလုပ်ခဲ့ကြသလို မတရားတဲ့ကိစ္စကိုလည်း ပြတ်ပြတ်သားသားဆန့်ကျင်ရဲကြတယ်လေ။ ဝင်းနိုင်နဲ့ ထွန်းတောက်ရဲ့ကိစ္စနဲ့ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တို့အပေါ်ကို တော်တော်လေးမကြည်မလင်ဖြစ်နေခဲ့တာ"

"အေးလေ. . . အဲဒါကတော့ တို့လည်းသိနေတာပဲ"

"ဒါကြောင့် ကပ္ပိယကြီးနဲ့ သုဘရာဇာကြီးပေါင်းပြီး ငါတို့ကို အတိုက်အခိုက်တွေ၊ ဗေဒင်ယတြာတွေ၊ အစီအရင်တွေနဲ့လုပ်ရင် တို့ခံရမှာ။ လောလောဆယ်မှာ ဒေါ်မြတင်ကို ကပ္ပိယကြီးနဲ့ သုဘရာဇာကြီးတို့က ကူညီစောင့်ရှောက်နေခဲ့တာ။ နောက်ပြီး ဒေါ်မြတင်ကလည်း လေးလပြည့်တဲ့နေ့မှာ ဝင်းနိုင်နဲ့ ထွန်းတောက်ပြန်လာပြီး လက်စားချေမယ်လို့ ပြောပြောနေတာလည်း တစ်ရွာလုံးသိနေကြရတာ။ ဒါကြောင့် ကပ္ပိယကြီးနဲ့ သုဘရာဇာကြီးက တို့ကိုလက်စားချေနိုင်မှာ စိုးရိမ်နေလို့ မင်းတို့နှစ်ယောက်ကို အခုလိုချောင်းပြီး စုံစမ်းထောက်လှမ်းခိုင်းခဲ့ရတာ"

"ဟုတ်တာပေါ့ကွာ။ အဲဒီလို ပညာတွေနဲ့လုပ်နေရင်တော့ တင်အောင်တို့သားအဖလည်း မတတ်နိုင်ဘူး။ မဟာမင်းကြီးလည်း မတတ်နိုင်ဘူး"

စံလှက စောစောပိုင်းက ဝင်းသောင်းပြောခဲ့သော စကားကို ထောက်ခံပြောဆိုလိုက်သည်။ ဤတွင် မြမောင်က ပြောလိုက်ပြန်သည်။

"ငါ့အထင်ပြောရရင်တော့ ဦးပေသီးနဲ့ ဦးမြေကြီးတို့ဟာ ဒေါ်မြတင်နဲ့ မကင်းမရှင်းဖြစ်နေကြတာနဲ့တူတယ်"

"ဟာကွာ မင်းကလည်း အရှူးနဲ့သွားပြီး သမုတ်နေပြန်ပါပြီ"

မြမောင်၏စကားကို ကိုစံလှက ကန့်ကွက်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြမောင်က ထပ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမုတ်နေတာမဟုတ်ဘူးကွ။ မင်းတို့ စဉ်းစားကြည့်လေကွာ။ ကပ္ပိယကြီးနဲ့ ဒေါ်မြတင်တို့က ဇရပ်ပေါ်မှာ နှစ်ယောက်ထဲ အိပ်ကြရတာ။ သုဘရာဇာကြီးနဲ့ ဒေါ်မြတင်ကလည်း သချိုင်းမှာနှစ်ယောက်ထဲတွေ့တွေ့နေခဲ့ကြရတာ။ ယောကျ်ားတွေကွ။ ရဟန္တာ၊ သူတော်စင်တွေမဟုတ်ဘူး။ ဆိတ်ကွယ်ရာမှာ အရှုးလည်းရှောင်နိုင်မှာ မဟုတ်ဘူး"

"ဦးပေသီးနဲ့ ဦးမြေကြီးတို့က ဒီလောက်အထိတော့ ဖက်စက်ကြမယ် မထင်ပါဘူးကွာ"

"ဒါဆိုရင် ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကို လေးလအတွင်း ပြန်လာမယ်လို့ ဘာဖြစ်လို့ ဒေါ်မြတင်ကို ညာနေရတာလဲ"

"ဒါကတော့ အရှုးစိတ်ချမ်းသာအောင်ပြောနေတာ ဖြစ်မှာပေါ့ကွာ"

စံလှနှင့် မြမောင်တို့က အတိုက်အခံငြင်းခုံပြောဆိုနေခဲ့ကြသဖြင့် ဝင်းသောင်းက ကြားဝင်ပြောလိုက်သည်။

"ကဲ. . . ကဲ. . . သူတို့ဘာသာ မကင်းမရှင်းဖြစ်ရင်ဖြစ်၊ မဖြစ်ရင်နေ တို့အတွက် အရေးမကြီးဘူး။ တို့အတွက် အရေးကြီးတာက တို့အန္တရာယ်ကင်းရှင်းဖို့ပဲ။ အခုစုံစမ်းလေ့လာကြည့်ရသလောက်ဆိုရင် တို့မှာ အန္တရာယ်မရှိနိုင်တော့ဘူး။ ဒီတော့ မင်းတို့ဘာမှလုပ်စရာမလိုတော့ဘူး။ နားလို့ရပြီ။ ဒါပေမဲ့ တစ်ခုတော့ သတိပေးလိုက်မယ်"

"ဘာလဲ"

"မင်းတို့ ဘာတွေဘယ်လိုလုပ်ခဲ့ကြတယ်ဆိုတာတော့ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



လုံမှဖြစ်မှာနော်"

ဝင်းသောင်းက သတိပေးပြောဆိုလိုက်သည်။ ထို့ကြောင့် စံလှနှင့် မြမောင်တို့က ကတိပေးပြောဆိုလိုက်ကြသည်။

"စိတ်ချ၊ တို့ဘာတွေဘယ်လိုလုပ်ခဲ့တယ်ဆိုတာ လူသိလို့ ဖြစ်မလားကွ"

"အသက်သာအသေခံလိုက်မယ်။ ဒီကိစ္စကို ဘယ်သူမှသိ စေရဘူး"

"အေး. . . ဘာကြောင့်ပဲဖြစ်ဖြစ်၊ မပေါက်ကြားစေနဲ့။ ပေါက်ကြားသွားလို့ကတော့ ဘယ်လိုဆင်ခြေမျိုးကိုမှ ငါလိုကောင်က လက်ခံမှာမဟုတ်ဘူးနော်။ သူငယ်ချင်းတွေဖြစ်ပေမယ့်လည်း သစ္စာဖောက်လို့ကတော့ သေပြီသာမှတ် ငါကိုယ်တိုင်သတ်မှာ"

ထို့ကြောင့်-

မြမောင်က ဝင်းသောင်းကို ပြောလိုက်သည်။

"တို့ကို စိတ်ချစမ်းပါကွာ။ မင်းကို ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ဘာမှမပူနဲ့။ မင်းပူရမှာက မိုးရွာတုန်းရေခံနိုင်ဖို့ပဲ"

"ဘာလဲကွ. . . မင်းစကားက"

"မင်းက ဒီနေရာမှာတော့ တို့ကို မမှီတော့ဘူး။ ဒီအချိန်မှာ ခင်နှင်းလှိုင်ရဲ့ အချစ်ကို ရဖို့ကြိုးစားရမှာ။ ဒီအချိန်ဟာ မင်းအတွက် အခွင့်အရေးတစ်ခုပဲ"

ဤတွင်

စံလှကလည်း ဝင်ပြောလိုက်ပြန်သည်။

"ဟုတ်တယ် ဝင်းသောင်း၊ ထွန်းတောက်ရှိနေခဲ့ရင် ခင်နှင်း

www.burmeseclassic.com

www.burmeseclassic.com



လှိုင်ရဲ့အချစ်ကို မင်းမရခဲ့တာ မဟုတ်လား။ အခုတော့ ထွန်းတောက်မရှိတော့ဘူးလေကွာ။ ထွန်းတောက်ကို လူလောကထဲမှာ မင်းကမရှိစေချင်ဘူးမဟုတ်လား။ အခု မင်းဖြစ်စေချင်သလို ဖြစ်လာခဲ့ပြီလေကွာ။ ခင်နှင်းလှိုင်ကို မင်းကြိုးစားသင့်ပြီပေါ့"

ထို့ကြောင့်-

ဝင်းသောင်းက သဘောကျစွာပြောဆိုလိုက်သည်။

"ဝင်းသောင်းပဲကွာ။ ဘယ်ညှဲ့ပါ့မလဲ။ မညှဲ့လို့လည်း မင်းတို့ကို ဆရာလုပ်နေတာပေါ့။ ငါ. . . မိုးရွာတုန်း ရေခံနေခဲ့တာ မင်းတို့မှ မသိတာပဲ"

"ဟေ"

"ဟုတ်တယ် ငါ မိုးရွာတုန်းရေခံနေတာကြာပြီ"

"ဟ. . . တို့လည်း မသိရပါလား၊ တို့ကိုလည်း ပြောပြစမ်းပါဦး"

စံလှက မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းက ဆက်လက်ပြောပြလိုက်သည်။

"ဒီအချိန်မှာ ခင်နှင်းလှိုင်ဟာ ထွန်းတောက်အတွက် ပူဆွေးသောကဖြစ်နေရတာ၊ ဒီလိုအချိန်မှာ သူ့ကိုချစ်စကားကြိုက်စကားတွေ သွားပြောနေရင် ပွဲလန့်တုန်းမှာ ဝင်ခင်းတဲ့အခွင့်အရေးသမားလို ထင်ပြီး ပိုဆိုးသွားမယ်။ ဒါကြောင့် ခင်နှင်းလှိုင် ငါ့ကိုအထင်ကြီးလေးစားမှုတွေဖြစ်လာပြီး ငါ့ကိုစဉ်းစားလာနိုင်မယ့် နည်းလမ်းတွေနဲ့ ငါကြိုးစားနေခဲ့တယ်"

"ဘယ်လိုနည်းလမ်းတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်နှင်းလှိုင်ကို အားပေးတယ်။ ဖျောင်းဖျတယ်။ ထွန်းတောက်နဲ့ ခင်နှင်းလှိုင်တို့အတွက် တကယ့်ကို စိတ်မကောင်းဖြစ်နေခဲ့ရတဲ့ပုံစံတွေ လုပ်ပြတယ်။ ဒါကြောင့် ထွန်းတောက်တို့ကို သင်္ဂြိုဟ်တဲ့ကိစ္စမှာ ငါကိုယ်တိုင် တင်ဆောင်နဲ့အတူတူ လူအား ငွေအားနဲ့ ကိုယ်ဖိရင်ဖိ ကူညီလုပ်ကိုပေးခဲ့တာပဲ။ ငါ အဲဒီလိုသရုပ်ဆောင်ပြီး ခင်နှင်းလှိုင်ပြောသမျှကို မဆန့်ကျင်ဘဲ မျက်နှာမကြည့်ချင်ဘူးဆို ငါ ထွက်သွားပေးခဲ့တယ်။ မပြောနဲ့တော့ ငြိမ်နေခဲ့တယ်။ ဒီတော့ ကြာရင် ငါ့ကိုသနားလာမယ်။ သဘောထားပြည့်သူ အနစ်နာခံသူ၊ သည်းညည်းခံသူ၊ ချစ်ဖွဲ့ကြီးသူလို မြင်လာမယ်။ အဲဒီလိုဖြစ်လာခဲ့ရင် ငါ့အတွက် လမ်းပွင့်သွားပြီ အချိန်တော့ စောင့်ရမှာပေါ့ကွာ"

"ဟာ. . . ဝင်းသောင်း၊ မင်းရဲ့ဗျူဟာ အောင်မြင်မှာ သေချာတယ်"

"ဒါကြောင့်လည်း မင်းက ငါတို့ရဲ့ဆရာဖြစ်နေတာပဲ။ မင်းကို အထင်သေးခဲ့မိတာ နောင်တရသွားပြီကွာ"

စံလှနှင့် မြမောင်တို့က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းက ပြောလိုက်သည်။

"ကဲ. . . ဒီတော့ ဒီအချိန်ကစပြီး မင်းတို့ကို အနားပေးလိုက်ပြီ။ တစ်ခုတော့ ရှိတယ်။ စောစောက ငါပြောခဲ့တာကိုတော့ ခေါင်းထဲမှာ သံမှိုနဲ့စွဲထား။ ခိုးလုပ်ခဲ့တာတွေ ပေါက်ကြားခဲ့ရင် သေပြီသာမှတ်။ ရော့. . . မင်းတို့သုံးဖို့"

ဝင်းသောင်းက စံလှနှင့် မြမောင်တို့ကို ငွေစက္ကူတစ်ထပ်စီ ပေးခဲ့သည်။ ထို့ကြောင့် စံလှနှင့် မြမောင်တို့မှာ ငွေစက္ကူကိုယူကာ

www.burmeseclassic.com

www.burmeseclassic.com



အားရဝမ်းသာဖြစ်သွားခဲ့ကြတော့သည်။

"ကျေးဇူးပဲကွာ။ တို့သွားမယ်၊ တို့အတွက်တော့ စိတ်ချ။ မင်းသာ မိုးရွာတုန်းရေရအောင်ခံထား"

စံလှနှင့် မြမောင်တို့ ထွက်သွားခဲ့ကြသည်။

ဝင်းသောင်းမှာ သူ၏မိုးရွာတုန်းရေခံနိုင်မည့် အစီအစဉ်များတို စဉ်းစားရင်း ကျေနပ်နေခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# သေသောသူ သုသာန်မှ ပြန်လာမည်

ထွန်းတောက်နှင့် ဝင်းနိုင်တို့ သေဆုံးသွားခဲ့ကြသည်မှာ လေးလပင်ပြည့်တော့မည်ဖြစ်သဖြင့် မေ့ပျောက်စပင်ပြုလာခဲ့ကြပြီ ဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ လုပ်ကြံသတ်ဖြတ်ခံခဲ့ကြ ရသည့်အပြင် အစိမ်းသေများဖြစ်နေခဲ့ကြသဖြင့် ဖြစ်ကာစ တစ်လခန့် တွင် ထူးခြားမှုတစ်ခုခုဖြစ်လာလေမလားဟု တွေးထင်နေခဲ့ကြသေး သည်။ သို့သော် ဒေါ်မြတင်က သူ့သားတွေကို လေးလပြည့်သည့်နေ့ တွင် ပြန်လာမည်ဟု ပြောဆိုနေခဲ့သည်ကလွဲပြီး ဘာတစ်ခုမှထူးခြား မှု ဖြစ်မလာခဲ့။ ဝင်းနိုင်နှင့် ထွန်းတောက်တို့မှာ ချိုးချိုးချွတ်ချွတ်အသံ မျှပင် ခြောက်လှန့်မှုမပြုခဲ့ကြ။ ထို့ကြောင့် ထွန်းတောက်တို့ သေဆုံး ခဲ့သည်မှာ လေးလပြည့်တော့မည်ဖြစ်သော်လည်း သတိမပြုနိုင်ခဲ့ကြ တော့ပေ။ တိတိကျကျဆိုလျှင် လေးလပြည့်ရန် တစ်ပတ်မျှသာလို တော့သည်။

စံလှနှင့်မြမောင်တို့မှာ ဝင်းသောင်းပေးခဲ့သောငွေကြေးတွေ

www.burmeseclassic.com

www.burmeseclassic.com



တို အိမ်တချို့တစ်ဝက်သာပေးခဲ့ကြပြီး တစ်ချို့တစ်ဝက်ကို သိမ်းထားခဲ့ကြသည်။ မြို့သို့သွားရောက်လည်ပတ်ပျော်ပါးချင်ကြသဖြင့် နှစ်ယောက်သားတိုင်ပင်ကာ စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့်

တစ်လကျော်ခန့်အကြာတွင် ဝင်းမောင်က မြို့ကိုသွားခိုင်းသည်ဟူသော အကြောင်းပြချက်နှင့် ထွက်လာခဲ့ကြသည်။ လက်ထဲတွင် ငွေစကလေးရှင်နေသဖြင့် ကာလသားခေါင်းဆောင်ကိုချစ်ကို စားရိတ်ခံခေါ်လာခဲ့ကြသည်။ ကိုချစ်မှာ ရိုးသားအေးဆေးသော လူဖြောင့်လူမှန်တစ်ယောက်ဖြစ်သည်။ အသောက်အစား လောင်းကစားတို လုံးဝဝါသနာမပါ။ ကိုချစ်ပါလျှင် အိမ်က မိန်းမတွေက စိတ်ချကြသည်။ မြို့ရောက်မှ ကိုချစ်ကို စည်းရုံးပြောဆိုကာ နှစ်ရက်၊ သုံးရက်လောက်လည်ပတ်ပျော်ပါးကြမည်ဟူသော စိတ်ကူးနှင့် စားရိတ်ခံခေါ်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက်

မြို့တွင် သုံးရက်ကြာ သုံးယောက်သားလည်ပတ်ခဲ့ကြပြီး ရွာတိုပြန်ရန်စီစဉ်ခဲ့ကြသည်။ မနက်အိပ်ယာထနောက်ကျခဲ့သဖြင့် ကမ်းသာယာမြို့မှ လဗတစ်ပင်သို့ မောင်းနှင်ပြေးဆွဲနေသော စက်လှေကို မမီလိုက်တော့ပေ။ စက်လှေမှာ လေးငါးရက်မှတစ်ကြိမ်မောင်းနှင်ပြေးဆွဲခြင်းဖြစ်သည်။ ထို့ကြောင့် မြမောင်တို့နောက်ထပ်လေးငါးရက်လောက် မြို့မှာနေကြရပေတော့မည်။ လက်ထဲမှာလည်း ပိုက်ဆံကမရှိကြတော့။ ထို့ကြောင့် လဗတစ်ပင်သို့ ကုန်းကြောင်းပြန်လာခဲ့ကြရတော့သည်။ ထို့ကြောင့် မနက်စာထမင်းကို မြို့မှအသိတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာပင် ပြောဆိုစားသောက်ခဲ့ကြပြီး နေ့လည်ပိုင်းတွင် မြို့မှထွက်လာခဲ့ကြသည်။ တစ်လမ်းလုံးမရပ်မနား လျှောက်လာခဲ့ကြရာ ညနေငါးနာရီခန့်တွင် လမ်းဆုံဇရပ်ဆီသို့ရောက်ရှိလာခဲ့ကြသည်။ လမ်းဆုံဇရပ်မှာ ခရီးသွားများနားခိုရန် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဇရပ်နောက်ဖက်တွင် လဗတစ်ပင်သချိုင်းနှင့် သုဘရာဇာကြီးဦးမြေကြီးနေထိုင်သော သချိုင်းဇရပ်ရှိသည်။

လမ်းဆုံဇရပ်ကို တွေ့မြင်လိုက်ရသည်နှင့် ကိုချစ်က ပြောလိုက်သည်။

"ဟေ့ကောင်တွေ ဇရပ်မှာ ခဏလောက်နားကြရအောင်ကွာ"

"ဟာဗျာ. . . ကိုချစ်ကလဲ၊ ရွာကိုပဲရောက်တော့မယ့်ဟာ"

စံလှက ကန့်ကွက်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့နောက် မြမောင်ကလည်း စံလှကို ထောက်ခံပြောဆိုလိုက်သည်။

"ဟုတ်သားပဲ ကိုချစ်ရာ၊ ရွာထိပ်ပဲရောက်နေပြီ။ ဘာဖြစ်လို့နားနေတော့မှာလဲ။ တော်တော်ကြာ မှောင်လာတော့မှာ"

ထို့ကြောင့်

ကိုချစ်က ပြန်ပြောလိုက်သည်။

"ငါ တော်တော်ညောင်းနေပြီကွ။ လမ်းမှာလည်း တစ်ခါမှနားခဲ့တာမဟုတ်ဘူး။ မင်းတို့ပြောသလို ရွာထိပ်ရောက်နေပြီပဲကွာ။ အေးအေးဆေးဆေးပေါ့။ လာပါကွာ. . . နားကြရအောင်"

"ဟာ. . . ကိုချစ်ကလဲဗျာ၊ ပြောရတာခက်လိုက်တာ။ ရွာထိပ်ရောက်နေပြီပဲ။ အိမ်ရောက်မှနားကြတာပေါ့"



"ဟုတ်တယ် မှောင်လာတော့မှာဗျ။ မနားပါနဲ့တော့ဗျာ"

စံလှနှင့် မြမောင်တို့က မနားချင်ကြသဖြင့် ကိုချစ်ကို ဝိုင်းပြောနေခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကိုချစ်က ပြန်ပြောလိုက်သည်။

"နားမယ်ကွာ"

"နားရင် ကိုချစ်တစ်ယောက်ထဲနား၊ ကျွန်တော်ကတော့ မနားဘူး"

"ကျွန်တော်လည်း ဆက်သွားမှာပဲ"

စံလှနှင့်မြမောင်တို့က ဆက်သွားရန် ဟန်ပြင်နေခဲ့ကြသဖြင့် ကိုချစ်က ပြောလိုက်သည်။

"ရွာပြန်ရောက်လို့ မင်းတို့က ငါ့ကိုကန်ကြပြီပေါ့လေ။ ရတယ်သွားကြ။ မင်းတို့မိန်းမတွေကို မင်းတို့နှစ်ယောက် မြို့မှာ တဲခဲ့၊ သဲခဲ့ပျော်ခဲ့၊ ပါးခဲ့ကြပုံတွေကို တစ်လုံးမကျန်ပြန်ပြောပြလိုက်မယ်။ မင်းတို့ပြဿနာရှင်းဖို့သာ ပြင်ထားကြ"

ထို့ကြောင့်-

စံလှနှင့်မြမောင်တို့ ခြေလှမ်းတွေ တုံ့ဆိုင်းသွားခဲ့ကြတော့သည်။ မြို့မှာ ဇိမ်မယ်တွေနှင့် ပျော်ပါးလာခဲ့သည့်အကြောင်းတွေကို ဇနီးတွေကို ပြန်ပြောပြခဲ့လျှင် ပြဿနာရှင်းရတော့မည်မဟုတ်။ ကိုယ့်အကြောင်းကိုယ်သိနေခဲ့ကြသဖြင့် ကိုချစ်ကို မဆန့်ကျင်ရဲကြ။

ထို့ကြောင့်

မြမောင်က စံလှကိုပြောလိုက်သည်။

"ကဲပါ စံလှရယ်၊ တို့လည်း တော်တော်ညောင်းနေကြပြီပဲ။ မှောင်လည်း မမှောင်သေးပါဘူး။ ဇရပ်မှာ ခဏလောက်ဝင်နားလိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မှောင်လာတော့မှာဗျ။ မနားပါနဲ့တော့ဗျာ"

စံလှနှင့် မြမောင်တို့က မနားချင်ကြသဖြင့် ကိုချစ်ကို ဝိုင်းပြောနေခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကိုချစ်က ပြန်ပြောလိုက်သည်။

"နားမယ်ကွာ"

"နားရင် ကိုချစ်တစ်ယောက်ထဲနား၊ ကျွန်တော်ကတော့ မနားဘူး"

"ကျွန်တော်လည်း ဆက်သွားမှာပဲ"

စံလှနှင့်မြမောင်တို့က ဆက်သွားရန် ဟန်ပြင်နေခဲ့ကြသဖြင့် ကိုချစ်က ပြောလိုက်သည်။

"ရွာပြန်ရောက်လို့ မင်းတို့က ငါ့ကိုကန်ကြပြီပေါ့လေ။ ရတယ် သွားကြ။ မင်းတို့မိန်းမတွေကို မင်းတို့နှစ်ယောက် မြို့မှာ တဲခဲ့၊ သဲခဲ့၊ ပျော်ခဲ့၊ ပါးခဲ့ကြပုံတွေကို တစ်လုံးမကျန်ပြန်ပြောပြလိုက်မယ်။ မင်းတို့ ပြဿနာရှင်းဖို့သာ ပြင်ထားကြ"

ထို့ကြောင့်-

စံလှနှင့်မြမောင်တို့ ခြေလှမ်းတွေ တုံ့ဆိုင်းသွားခဲ့ကြတော့သည်။ မြို့မှာ ဇိမ်မယ်တွေနှင့် ပျော်ပါးလာခဲ့သည့်အကြောင်းတွေကို ဇနီးတွေကို ပြန်ပြောပြခဲ့လျှင် ပြဿနာရှင်းရတော့မည်မဟုတ်။ ကိုယ့်အကြောင်းကိုယ်သိနေခဲ့ကြသဖြင့် ကိုချစ်ကို မဆန့်ကျင်ရဲကြ။

ထို့ကြောင့်

မြမောင်က စံလှကိုပြောလိုက်သည်။

"ကဲပါ စံလှရယ်၊ တို့လည်း တော်တော်ညောင်းနေကြပြီ။ မှောင်လည်း မမှောင်သေးပါဘူး။ ဇရပ်မှာ ခဏလောက်ဝင်နားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်"

ထို့ကြောင့်-

သုံးယောက်စလုံး ဇရပ်ဆီသို့ လျှောက်လာခဲ့ကြသည်။ ဇရပ်ပေါ်တွင် သူတို့အရင်နားနေသူတစ်ဦးရောက်ရှိနေသည်။ ခရီးသွားလူရွယ်တစ်ယောက်ဖြစ်ဟန်တူသည်။ ခေတ်လူငယ်တစ်ယောက်အသွင် ဝတ်ဆင်ထားကာ ဘေးတွင်လွယ်အိတ်တစ်လုံးချထားသဖြင့် ခရီးသွားတစ်ယောက်ဖြစ်သည်မှာ သေချာသည်။ ကြီးမားကျယ်ပြန့်သော ဦးထုပ်ကြီးကို ခပ်ငိုက်ငိုက်ဆောင်းထား သူတို့ကို ကျောပေးနေသဖြင့် မျက်နှာကို မမြင်ကြရ။ ဇရပ်မှာ ဤကဲ့သို့ပင် ခရီးသွားတွေကိုတွေ့မြင်နေလေ့ရှိသဖြင့် သူတို့သုံးယောက်မှာ လူရွယ်ကို ခရီးသွားတစ်ယောက်ဟုသာ တွေးဝင်ခဲ့ကြပြီး ဇရပ်ပေါ်သို့ တက်လာခဲ့ကြသည်။

ခရီးသွားလူရွယ်မှာ ဇရပ်တစ်ဖက်စွန်းတွင် ခြေထောက်နှစ်ချောင်းကိုတွဲလောင်းချကာ ကျောပေးထိုင်နေသဖြင့် သူတို့သုံးယောက်မှာလည်း ဇရပ်၏တစ်ဖက်စွန်းတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြသည်။ ထို့နောက် ကိုချစ်က သူ၏လွယ်အိတ်ကိုခေါင်းအုံးကာ တုံးလုံးလှဲအိပ်လိုက်သဖြင့် စံလှက ကိုချစ်ကိုပြောလိုက်သည်။

"ကိုချစ် . . . သိပ်လည်းဇိမ်ကျမနေနဲ့ဦး၊ နွားရိုင်းသွင်းချိန်ရောက်နေပြီ၊ တော်တော်ကြာ အပုပ်ချိန်ရောက်တော့မှာ"

"ဟုတ်တယ် ကိုချစ်ရာ၊ အနောက်မှာလည်း သချိုင်းက ကပ်နေတာ"

မြမောင်ကပါပြောလိုက်သဖြင့် ကိုချစ်က ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းတို့က ကြောက်လို့လား"

"ကြောက်လို့ပြောနေတာပေါ့ဗျ။ အခုပဲ ငါးနာရီကျော်လာပြီ ဗျ။ နေက သိပ်မြန်တာဗျ။ နေစောင်းတာနဲ့ ချက်ချင်းမှောင်လာတာ"

"ဘာကြောက်စရာရှိလို့လဲကွာ။ ဒီသင်္ချိုင်းက မင်းတို့ ငါတို့ ငယ်ငယ်ကတည်းက ငှက်လာဖမ်း၊ တောကြောင်လာထောင်နေခဲ့ကြ တာ၊ မင်းတို့က အခုမှဘာဖြစ်လို့ကြောက်နေကြရတာလဲ"

"ကိုချစ်ကလဲ. . . တော်တော်အပြောရခက်တာပဲ။ အရင် တုန်းကတော့ ဟုတ်တာပေါ့ဗျ"

"အရင်ကတော့ ဟုတ်တယ်ဆိုတော့ အခု ဘာဖြစ်လို့လဲ"

"အခု ထွန်းတောက်တို့ သေထားတာ ဘာမှကြာသေးတာ မဟုတ်ဘူး။ ဒီကောင်တွေက အစိမ်းသေတွေ အရူးမဒေါ်မြတင်က လည်း နေ့တိုင်းသင်္ချိုင်းကိုလာလာပြီး ဒီကောင်တွေနဲ့ စကားလာပြော နေတာ။ တစ်ရွာလုံးသိနေခဲ့ကြတာ ကိုချစ်လည်း သိနေတာပဲဟာ"

မြမောင်နှင့် စံလှက တစ်ဖက်၊ ကိုချစ်က တစ်ဖက်အချီအချ ပြောဆိုနေခဲ့ကြရာ မြမောင်နှင့်စံလှတို့ အမှန်တကယ်ကြောက်လန့် နေခဲ့ကြပြီကို ကိုချစ်က ခန့်မှန်းသိရှိလိုက်သည်။

ထို့ကြောင့်

ကိုချစ်က ပြောလိုက်သည်။

"ဝင်းနိုင်နဲ့ ထွန်းတောက်တို့က အစိမ်းသေဆိုပေမယ့် ခြောက် တယ်လို့ကြားဖူးလို့လားကွာ။ နောက်ပြီး မင်းတို့ ငါတို့နဲ့ကလည်း တစ်ရွာတည်းသားတွေပဲ။ သင်္ချိုင်းထဲက ဇရပ်ထဲမှာလည်း သုဘရာဇာ ကြီးဦးမြေကြီးရှိနေတာ ဘာကြောက်စရာရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲမှာဆိုရင်တော့ ဟုတ်တာပေါ့. . . ကိုချစ်ရာ။ အခု ကျွန်တော်တို့က ရွာပြင်မှာ သချိုင်းသုသာန်နားမှာ ရောက်နေကြတာဗျ"

"အချိန်ကလည်း နွားရိုင်းသွင်းချိန် အပုပ်ချိန်ကိုရောက်တော့မှာ ပြောရင်းနဲ့ နေတောင်တော်တော်ကျသွားပြီ"

စံလှနှင့် မြမောင်တို့က ဘဝမကျစွာ ပြန်ပြောလိုက်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ကိုချစ်က ပြောလိုက်ပြန်သည်။

"မင်းတို့က ကြောက်စရာမရှိ ကြောက်နေကြတာ။ တကယ်ကြောက်ရမှာက မင်းတို့မဟုတ်ဘူး။ ဝင်းနိုင်နဲ့ ထွန်းတောက်တို့ကို လုပ်ကြံသတ်ဖြတ်သွားခဲ့သူတွေပဲ"

"ဘာ. . . ဘာ ပြောတယ်"

စံလှနှင့်မြမောင်တို့ အလန့်တကြားဖြစ်သွားခဲ့ကြသဖြင့် ကိုချစ်က ဆက်ပြောလိုက်ပြန်သည်။

"မင်းတို့ကလည်း အလကားနေရင်း သွေးပျက်နေကြပြန်ပါပြီ။ ဒေါ်မြတင်က ရူးလို့ပြောချင်ရာပြောနေတာကို မင်းတို့က အဓိပ္ပာယ်မရှိ ကြောက်နေကြတာ။ ထွန်းတောက်နဲ့ ဝင်းနိုင်တို့က သေနေကြပြီပဲ။ ဒေါ်မြတင်ပြန်ခေါ်တာနဲ့ သေပြီးတဲ့လူက ပြန်လာနိုင်မလား။ သေပြီးသူ သုသာန်က ပြန်လာတာ မင်းတို့ကြားဖူးလို့လား။ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ။ အေး. . . တကယ်လို့ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ ပြန်လာခဲ့ကြမယ်ဆိုရင်လဲ၊ သူတို့ကို လုပ်ကြံသတ်ဖြတ်ခဲ့သူတွေကို လက်စားချေဖို့ပဲဖြစ်မှာ။ မင်းတို့ ငါတို့နှင့် ဘာဆိုင်လို့လဲ"

ကိုချစ်ကသာ မဆိုင်ဘူးဟု ပြောနေသော်လည်း စံလှနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြမောင်တို့မှာ သွေးပျက်ချောက်ချားနေကြပြီဖြစ်သည်။ ထို့ကြောင့် ကိုချစ်ကို တောင်းပန်ပြောဆိုလိုက်ကြသည်။

"ကိုချစ် သွားကြရအောင်ဗျာ"

"နေလည်း ဝင်သွားပြီ ကိုချစ်ရယ်၊ တော်တော်ကြာမှောင်လာတော့မှာ သွားကြရအောင်နော်"

စကားပြောနေကြရင်းနှင့်ပင် နေဝင်သွားခဲ့တော့သည်။ နေဝင်သွားခဲ့ပြီဖြစ်သော်လည်း ရွာပြင်ကွင်းထဲဖြစ်နေသဖြင့် အလင်းရောင်ရှိနေသေးသည်။ နောက်ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ဆိုလျှင် မှောင်စပျိုးလာကာ မိုးချုပ်တော့မည်ဖြစ်သည်။ ကိုချစ်မှာ စံလှနှင့် မြမောင်တို့၏ ကြောက်ကြီးကြောက်နေပုံကို သဘောကျနေခဲ့သည်။

ထို့ကြောင့်

မိုးချုပ်လာခဲ့လျှင် စံလှနှင့် မြမောင်တို့ ပိုမိုသွေးပျက်ချောက်ချားနေကြမည်ဖြစ်သည်။ သူတို့က ကြောက်လေလေ၊ ကိုချစ်က နောက်ချင်လေလေဖြစ်သည်။ ထို့ကြောင့် မိုးမချုပ် ချုပ်အောင် ကိုချစ်က တမင်သက်သက် လေကြောရှည်အချိန်ဆွဲနေခဲ့ခြင်း ဖြစ်သည်။

မြမောင်နှင့်စံလှတို့ကလည်း ဘယ်လိုနည်းနှင့်မှ မိုးချုပ်အောင် မနေရဲကြ။ မနေရဲကြသဖြင့် ကိုချစ်ကို တောင်းပန်ပြောဆိုခဲ့ကြခြင်းဖြစ်သည်။ ကိုချစ်ကလည်း စချင် နောက်ချင်စိတ်ကြောင့် အူးလုံးလှဲနေရာမှမထ၊ နောက်ဆုံးတွင် စံလှနှင့် မြမောင်တို့မှာ သည်းခံနိုင်စွမ်းမရှိကြတော့သဖြင့် ကိုချစ်ကို ဆန့်ကျင်စိန်ခေါ်ပြောဆိုလိုက်ကြတော့သည်။

"ဒီမှာ ကိုချစ် မှောင်စလည်းပျိုးလာပြီ ခင်ဗျားဘာဟာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲနေခဲ့ရင် နေခဲ့တော့။ ကျွန်တော်တို့ကတော့ သွားတော့မယ်"

"သွားရဲရင်သွားကြလေကွာ။ မင်းတို့နှစ်ယောက် မြို့မှ ရှုပ်ခဲ့၊ ပွေခဲ့၊ ပေခဲ့၊ တေခဲ့တဲ့အကြောင်းတွေကို မင်းတို့မိန်းမတွေကို လုံးစေ့ပတ်စေ့ ခရေစေ့ တွင်းကျပြန်ပြောပြလိုက်ရုံပဲပေါ့"

"ပြောရင် ပြော၊ မပြောရင်နေဗျာ။ ကြောက်နေရတာချင်း အတူတူ ဒီမှာကြောက်နေရတာထက် ကိုယ့်အိမ်မှာကိုယ် ကိုယ့်မိန်းမကိုကြောက်နေရတာက တော်ဦးမယ်။ ကိုချစ်ဖာသာ ကိုချစ် လိုက်ရင်လည်းလိုက်ခဲ့။ မလိုက်ရင်လည်းနေခဲ့။ ကျွန်တော်တို့ကတော့ သွားတော့မယ်"

မြမောင်နှင့် စံလှတို့က ပြောပြောဆိုဆိုနှင့် လွယ်အိတ်တွေကို ကောက်ယူလိုက်ကြသည်။

ထိုစဉ်-

"မင်းတို့နှစ်ယောက်က ဇော်တော်သွေးပျက်နေကြတာပဲ။ ဘာလဲ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကို ဘာဖြစ်လို့ ဒီလောက်တောင် ကြောက်နေကြရတာလဲ။ ထွန်းတောက်နဲ့ ဝင်းနိုင်က သူတို့ကို လုပ်ကြံခဲ့သူတွေကိုပဲ လက်စားချေကြမှာပါကွား။ မဆိုင်သူကို ဘာမှ မလုပ်ကြပါဘူး။ ဘာဖြစ်လို့ မင်းတို့က ဒီလောက်တောင် သွေးပျက်နေကြရတာလဲ။ ဘာလဲ ဝင်းနိုင်နှင့် ထွန်းတောက်တို့ကို မင်းတို့က လုပ်ကြံခဲ့ကြလို့လား"

တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေခဲ့သော ခရီးသွားဘူယ်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သဖြင့် ကိုချစ်၊ စံလှနှင့် မြမောင်

www.burmeseclassic.com

www.burmeseclassic.com



တို့မှာ တအံ့တသြဖြစ်သွားခဲ့ကြရတော့သည်။ စောစောက ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်နေခဲ့ကြသဖြင့် ခရီးသွားလူငယ်ကို မေ့နေခဲ့ကြပြီး ပြောချင်ရာတွေ ပြောနေခဲ့ကြသည်။ အခု ခရီးသွားလူငယ်က ပြောလိုက်မှ လူရွယ်ကို ပြန်လည်သတိပြုလာမိတော့သည်။ လူရွယ်မှာ ကိုယ်နှင့်မဆိုင်သည့်ကိစ္စကို ဝင်ပြောနေသည့်အပြင် စံလှနှင့်မြမောင်တို့ကို 'ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို လုပ်ကြံခဲ့ကြလို့လား' မေးလိုက်သဖြင့် စံလှနှင့် မြမောင်တို့မှာ ဒေါသဖြစ်သွားခဲ့ကြရတော့သည်။

ထို့ကြောင့်-

စံလှနှင့် မြမောင်တို့က ညှေ့သည်လူရွယ်ကို စိတ်ဆိုးမာန်ဆိုးနှင့် ကြိမ်းဝါးပြောဆိုလိုက်ကြသည်။

"ဟေ့ကောင်. . . မင်းဘယ်ကကောင်လဲ။ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ပြောတာ သေချင်လို့လား"

"ကိုယ့်လမ်းကိုယ်မသွားဘဲ ဒီသချိုင်းထဲမှာ အမြုပ်ခံချင်လို့နဲ့တူတယ်"

"ဒါလေးပြောတာနဲ့ ဘာဖြစ်သွားကြရတာလဲကွာ။ မင်းတို့သတ်တာမဟုတ်ရင်လည်း မဟုတ်ဘူး ပြောလိုက်ပေါ့ကွ။ ပြီးတာပဲ"

ခရီးသွားလူရွယ်က ထပ်မံပြောဆိုလိုက်ပြန်သဖြင့် စံလှနှင့်မြမောင်တို့မှာ ဒေါသကို ထိန်းသိမ်းနိုင်စွမ်းမရှိကြတော့ပေ။

ထို့ကြောင့်-

"ဟာ. . . ဒီကောင် သေချင်ပြီးနဲ့တူတယ်"

"ဟာ. . . ကြာပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ဟော့ မလုပ်နဲ့. . . မလုပ်နဲ့"

"ဒုန်း. . . အုံး. . ဒုန်း"

စံလှနှင့် မြမောင်တို့က လူရွယ်ကို တိုက်ခိုက်ရန် ထိုင်နေရာမှ ထပြေးသွားခဲ့ကြသဖြင့် ကိုချစ်က နှစ်ယောက်စလုံးကို တားဆီးဖမ်းဆွဲထားလိုက်သည်။ ထို့ကြောင့် သုံးယောက်စလုံး ဝရုန်းသုန်းကားဖြစ်နေခဲ့ကြတော့သည်။

"ဖယ်စမ်းပါ ကိုချစ်ရာ"

"ကိုချစ် ဖယ်နော်"

"ဟော့တောင်တွေ ပြဿနာ မဖြစ်ချင်ကြစမ်းပါနဲ့ကွာ။ ငါ့စကားကို နားထောင်ကြစမ်းပါ။ ကဲ. . . ဟိုခရီးသွားညီလေး၊ မင်းလည်း မင်းလမ်းကို မင်းသွားပါတော့ကွာ။ မှောင်လည်း မှောင်နေပါပြီသွားတော့ကွာနော်"

ပတ်ဝန်းကျင်မှာ တဖြည်းဖြည်းမှောင်စပျိုးလာနေပြီ ဖြစ်သည်။ ကိုချစ်မှာ ပြဿနာကြီးကျယ်လာမှာစိုးသဖြင့် စံလှနှင့် မြမောင်တို့ကို ဆွဲကိုင်ချုပ်ထားရင်း ခရီးသွားလူရွယ်ကိုလည်း ဇရပ်မှထွက်သွားရန်ပြောဆိုနေခဲ့သည်။ မြမောင်နှင့် စံလှတို့မှာလည်း ကိုချစ်လက်ထဲမှအော်ဟစ်ရုန်းကန်နေခဲ့ကြသည်။

လူရွယ်မှာ ထိုအချိန်အထိ အေးဆေးတည်ငြိမ်စွာ ကျောပေးထိုင်နေဆဲပင်ဖြစ်သည်။

ထို့နောက်

လူရွယ်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်ပြန်သည်။

"စံလှနဲ့ မြမောင် ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီး

www.burmeseclassic.com

www.burmeseclassic.com



နေကြရတာလဲ”

“ဟင်”

“ဟယ်”

ခရီးသွားလူရွယ်က စံလှနှင့် မြမောင်တို့၏နာမည်ကို ခေါ်ပြောလိုက်ကြပြန်သဖြင့် တအံ့တသြဖြစ်သွားခဲ့ကြရပြန်သည်။ ထို့ကြောင့် စံလှနှင့် မြမောင်တို့က ချောက်ချားစွာ ပြန်မေးလိုက်ကြသည်။

“ဟော့ကောင် . . . မင်းဘယ်သူလဲ”

“ဟော့ကောင်. . . မင်းဘယ်က ကောင်လဲ ဘာလာလုပ်တာလဲ”

“ငါဘယ်သူလဲ ဘယ်ကလဲ၊ ဘာကောင်လဲဆိုတာ သိချင်ရင် လာကြည့်ကြလေကွာ။ ကိုချစ် ဒီကောင်နှစ်ကောင်ကို လွှတ်ပေးလိုက်စမ်းပါဗျာ”

“ဘာ”

ဒီတစ်ခါ အံ့သြခဲ့ရသူမှာတော့ ကိုချစ်ပင်ဖြစ်သည်။ ဧည့်သည်လူရွယ်က စံလှနှင့် မြမောင်တို့၏ နာမည်တွေကိုသာမက ကိုချစ်၏ အမည်ကိုပါ သိရှိနေခဲ့သဖြင့် အံ့သြသွားခဲ့ရခြင်းဖြစ်သည်။ ကိုချစ်မှာ အံ့သြသွားခဲ့ရသည်ဆိုသော်လည်း စံလှနှင့် မြမောင်တို့ကဲ့သို့ ရှုးရှူးဒိုင်းဒိုင်းမဟုတ်။ ထို့ကြောင့် စံလှနှင့် မြမောင်တို့ကို လွှတ်ပေးလိုက်ပြီး လူရွယ်ကို အေးအေးဆေးဆေးပင် ပြန်မေးလိုက်သည်။

“ငါ့ညီက တို့နာမည်တွေကို ဘယ်လိုလုပ်သိနေခဲ့ရတာလဲ။ ငါ့ညီက ဘယ်သူလဲ၊ ဘယ်ရွာကလဲ၊ ဘယ်ကိုသွားမလို့လဲ မှောင်

www.burmeseclassic.com

www.burmeseclassic.com



လည်းမှောင်နေပြီ။ ခရီးမဆက်ဘဲ ဘာဖြစ်လို့ ထိုင်နေရတာလဲ"

"နာမည်တွေကို သိနေခဲ့ရတာကတော့ ကျွန်တော်က ဒီလဗတစ်ပင်ရှာသားဖြစ်နေလို့ပဲ။ ဘယ်ရွာကလဲဆိုရင် ဒီလဗတစ်ပင်ရွာကပဲလို့ ဖြေရမှာပဲ။ ဘယ်သွားမလို့လဲဆိုရင်တော့ ကျွန်တော်တို့ အမေဆီသွားမလို့။ ခရီးမဆက်ဘဲ ဘာဖြစ်လို့ ထိုင်နေရတာလဲဆိုရင်တော့ ကျွန်တော်တို့က ဒီသချိုင်းမှာပဲ နေနေကြလို့၊ ဒီမှာထိုင်နေခဲ့တာပဲ။ ဘယ်သူလဲဆိုရင်တော့ ထွန်းတောက်လို့ပဲ ဖြေရမှာပဲ"

ညှိသည်လူရွယ်၏စကားကြောင့် စံလှနှင့် မြမောင်တို့မှာ တုန်လှုပ်ချောက်ခြားစွာ အော်ဟစ်ပြောဆိုလိုက်ကြသည်။

"ဟော့ကောင်. . . မင်း . . . မင်းလူလိမ်"

"မင်း ဘာရည်ရွယ်ချက်နဲ့ ဒီစကားတွေကို ပြောနေရတာလဲ"

ထို့ကြောင့်-

ညှိသည်လူရွယ်က ပြန်ပြောလိုက်သည်။

"ဘာရည်ရွယ်ချက်နဲ့ ပြောနေရတာလဲဆိုတော့ ငါတို့ကို လုပ်ကြံသူတွေက မျက်နှာဖုံးတွေ စွပ်ထားကြတယ်လေကွာ။ ဒီတော့ ဘယ်သူတွေလဲဆိုတာ တို့မသိခဲ့ကြရဘူးလေ။ တို့ကိုသတ်ခဲ့တာ ဝင်းသောင်းနဲ့ မင်းတို့ဆရာတပည့်အုပ်စုတွေဖြစ်နိုင်သလို၊ တင်အောင်တို့သားအဖအုပ်စုလည်း ဖြစ်နိုင်တယ်။ တင်အောင်တို့အုပ်စုနဲ့ ဝင်းသောင်းတို့ အုပ်စုပေါင်းပြီး လုပ်ကြံခဲ့တာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် ငါတို့ ညီအစ်ကိုကို လုပ်ကြံတဲ့အထဲမှာ မင်းတို့နှစ်ယောက် များပါနေသလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . မင်း. . မင်း"

"ဒီကောင် ဘာကောင်လဲ"

ဧည့်သည်လူရွယ်၏ပြောစကားတွေကြောင့် စံလှနှင့်မြမောင်တို့မှာ သည်းခံနိုင်စွမ်းမရှိကြတော့။ ထို့ကြောင့် လူရွယ်ကို ထိုးကြိတ်တိုက်ခိုက်ရန် ပြေးသွားခဲ့ကြသည်။ ထိုစဉ်လူရွယ်မှာလည်း ထိုင်နေရာမှထလိုက်ပြီး သူတို့နှစ်ယောက်ဘက်သို့လှည့်လိုက်သည်။ ထို့နောက်ကြီးမားကျယ်ပြန့်သော ဦးထုတ်အဝိုင်းကြီးကိုချွတ်လိုက်သည်။ လူရွယ်က ဦးထုတ်အဝိုင်းကြီးကို ချွတ်လိုက်ချိန်တွင် မြမောင်နှင့် စံလှတို့မှာလည်း လူရွယ်အနီးသို့ရောက်ရှိလာခဲ့ကြပြီး လူရွယ်နှင့် မျက်ချင်းဆိုင်ဖြစ်သွားခဲ့ကြသဖြင့် -

"ဟာ. . . မြတ်စွာဘုရား"

"အမလေး. . . ကယ်တော်မူပါ"

ထိုးကြိတ်တိုက်ခိုက် ရန်ဒေါသတကြီးပြေးလာခဲ့ကြရာမှ သွေးပျက်ချောက်ချားစွာ နောက်သို့ခုန်ဆုတ်လိုက်ကြသဖြင့် ဖင်ထိုင်လဲကျသွားခဲ့ကြတော့သည်။ ကာလသားခေါင်းကိုချစ်ကလည်း လူရွယ်ကိုကြည့်ကာ တအံ့တသြရေရွတ်ပြောဆိုလိုက်သည်။

"ထွန်း. . . ထွန်းတောက်. . . မင်း. . . မင်း"

"ဟုတ်ပါတယ် ကိုချစ်၊ ကျွန်တော် ထွန်းတောက်ပါ။ လုပ်ကြံသတ်ဖြတ်ခံခဲ့ရလို့ သေသွားခဲ့ရတဲ့ ထွန်းတောက်ပါ။ အရှေ့မကြီးဒေါ်မြအင်ရဲ့သားထွန်းတောက်ပါ။ ကိုချစ်တို့လာမယ်ဆိုတာ သိနေလို့ ကျွန်တော်တို့ ဒီမှာ စောင့်နေခဲ့ကြရတာပါ"

ကိုချစ်မှာလည်း ကြောက်လန့်နေခဲ့ပြီဖြစ်သည်။ စံလှနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြမောင်တို့ကမူ အသားတွေပင် တဆတ်ဆတ်တုန်နေခဲ့ပြီဖြစ်သည်။ အချိန်မှာလည်း မှောင်စပင်ပျိုးလာခဲ့ပြီဖြစ်သဖြင့် အပုပ်ချိန်ကိုရောက်နေပြီဖြစ်သည်။

ထိုစဉ်. . .

ထွန်းတောက်က သချိုင်းဆီသို့ လှမ်းအော်ပြောလိုက်သည်။

"ဝင်းနိုင်. . . လာတော့လေကွာ၊ မြေပုံထဲက တိုးထွက်နေတာ ဒီလောက်တောင်မှ ကြာရသလားကွာ"

"လာပါပြီကွာ၊ ငါ့မြေပုံက မင်းမြေပုံလို မြေပွမဟုတ်ဘူးကွ။ မြေတွေက ကျစ်သိပ်နေတာ မနည်းတိုးထွက်နေရတာ"

"ဟာ. . . ဝင်း. . . ဝင်း. . ဝင်းနိုင်"

"မြတ်စွာဘုရား ကယ်တော်မူပါ"

ဝင်းနိုင်က သချိုင်းတောထဲမှ ထွက်လာခဲ့သည်။ ကိုယ်ပေါ်မှ ဖုန်တွေကိုပုတ်ခါရင်း လျှောက်လာနေခဲ့သည်။

ကိုချစ်၊ မြမောင်နှင့်စံလှတို့မှာ ထွန်းတောက်ကိုတစ်လှည့်၊ ဝင်းနိုင်ကိုတစ်လှည့်ကြည့်ကာ သွေးပျက်ချောက်ချားနေကြရပြီဖြစ်သည်။

ထိုစဉ်-

ထွန်းတောက်နှင့် ဝင်းနိုင်တို့က သူတို့ဆီသို့လျှောက်လာနေသဖြင့် မြမောင်နှင့်စံလှတို့က သွေးပျက်ချောက်ချားစွာ မေးလိုက်သည်။

"တို့. . . တို့ကိုဘာ. . . ဘာ. . . ဘာလုပ်မလို့လဲကွာ"

"မ. . . မ. . မလုပ်. . လုပ်ပါနဲ့. . ကွာ. . . မင်း. . . မင်းတို့ကိုသတ်တာ ငါတို့မဟုတ်ပါဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မဟုတ်ရင် ဘယ်သူလဲ"

"မ. . . ခ. . မသိ. . . မသိပါဘူးကွာ"

ထို့နောက်-

ထွန်းတောက်နှင့် ဝင်းနိုင်တို့က သူတို့နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်ကြသည်။

ထို့နောက်

ထွန်းတောက်က ပြောလိုက်သည်။

"မင်းတို့ မသတ်ဘဲ ဘာဖြစ်လို့ကြောက်နေရတာလဲ"

"မင်း. . မင်း. . . တို့ကလူ. . . လူမှ မ. . . မဟုတ်ဘဲ"

"လူဟုတ်ဟုတ် မဟုတ်ဟုတ် မင်းတို့မသတ်ရင် ဘာမှ ကြောက်စရာမလိုဘူး"

ဤတွင်

ဝင်းနိုင်က ပြောလိုက်သည်။

"မကြောက်ပါနဲ့ကွာ၊ မင်းတို့ကို ဘာမှမလုပ်ပါဘူး မှာစရာ ရှိလို့ပါ"

"ဘာ. . . ဘာမှာ,မှာလဲ"

"ငါတို့ အမေကို ပြောလိုက်ပါ။ သေတဲ့လူတွေ သုသာန်မှ ပြန်လာကြမယ်လို့။ အမေက တို့ကို လေးလပြည့်တဲ့နေ့မှာ ပြန်လာ ခဲ့လို့ မှာခဲ့တာလေ။ လေးလပြည့်ဖို့ တစ်ပတ်ပဲလိုတော့တယ်။ အဲဒါ အမေ့ကိုပြောပြလိုက်ပါ"

ထို့နောက်-

ထွန်းတောက်က ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရွာလုံးကိုလည်း ပြောလိုက်၊ တို့ကိုလုပ်ကြံခဲ့သူတွေကို ပြန်ပြီး လက်စားချေဖို့ တစ်ပတ်အတွင်း တို့ရွာကိုပြန်လာခဲ့မယ်။ ရွာမှာ တို့ကိုလုပ်ကြံသူတွေရှိနေရင် ကိုယ့်ကိုကိုယ် သရဏဂုံတင်ထားကြ။ တို့ကို လုပ်ကြံသူမဟုတ်ရင် ဘာမှကြောက်စရာအကြောင်းမရှိဘူး။ ကိုယ့်အကြောင်း ကိုယ်သိနေတဲ့သူတွေ သတိသာထားနေကြ။ သေသောသူတွေ သုသာန်က ပြန်လာပြီလက်စားချေကြတော့မယ့် အကြောင်းကို တစ်ရွာလုံးသိအောင်ပြောပေးကြစမ်းပါ"

ကိုချစ်က မျက်စိနှင့် တပ်အပ်မြင်နေခဲ့ရသော်လည်း မယုံနိုင်အောင်ပင်ဖြစ်နေခဲ့ရတော့သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ သေဆုံးခဲ့ကြပြီးဖြစ်သည်။ ရွာပြင်တွင် မျက်နှာဖုံးစွပ်လူဆိုးတွေက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသဖြင့် သေဆုံးသွားခဲ့ကြရခြင်းဖြစ်သည်။ သားအမိသုံးယောက် ကမ်းသာယာမြို့မှ ပြန်လာခဲ့ကြစဉ် ရွာနားရောက်မှ လုပ်ကြံသတ်ဖြတ်ခံကြရခြင်းဖြစ်သည်။ ဒေါ်မြတင်တစ်ယောက်သာ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး ရွာကိုလာပြောခဲ့သဖြင့် သူကြီးဦးလှကျော်နှင့် ရွာသူရွာသားတွေ လိုက်သွားခဲ့ကြတော့မှ အလောင်းတွေကို တွေ့မြင်ခဲ့ကြရခြင်းဖြစ်သည်။ ထို့ကြောင့် အလောင်းတွေကို ရွာပြင်သင်္ချိုင်းသို့ သယ်ယူလာခဲ့ကြပြီး မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့ကြရသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့၏အလောင်းတွေကို ထုံးစံအတိုင်း ရွာပြင်သင်္ချိုင်းတွင် သုံးရက်ထားပြီးမှ မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့ကြခြင်းဖြစ်သည်။

ဖြစ်စဉ်အစအဆုံးတွင် ကိုချစ်လည်းပါသည်။ ထို့ကြောင့် ဝင်းနိုင်နှင့် ထွန်းတောက်တို့ သေဆုံးခဲ့ပြီးကြသည်မှာ ကိုယ်တွေ့မျက်

www.burmeseclassic.com

www.burmeseclassic.com



မြင်ပင်ဖြစ်သည်။ အခု သေဆုံးခဲ့ပြီးကြသည်မှာ ကိုယ်တွေ့မျက်မြင်ပင်ဖြစ်သည်။ အခု သေဆုံးခဲ့ပြီးလူနှစ်ယောက်စလုံးကို မျက်စိအောက်မှာပင် ပြန်လည်တွေ့မြင်နေရပြီဖြစ်သည်။ လောကတွင် လူတူမရှား နာမည်တူမရှားရှိနိုင်သော်လည်း တစ်ယောက်တစ်လေသာဖြစ်နိုင်ပေမည်။ နှစ်ယောက်စလုံးတော့ လူတူမရှား၊ နာမည်တူမရှား မဖြစ်နိုင်။ သေဆုံးသွားခဲ့ကြသော ထွန်းတောက်နှင့် ဝင်းနိုင်တို့သာဖြစ်ပေသည်။ ထို့ကြောင့် ကိုချစ်မှာ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်အောင်ဖြစ်နေခဲ့ရခြင်းပင် ဖြစ်သည်။

မြမောင်နှင့် စံလှတို့ကမူ သွေးပျက်ချောက်ချားနေခဲ့ကြသဖြင့် ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို ရဲရဲပင်မကြည့်။ တစ်ယောက်ကိုတစ်ယောက်ဖက်ကာ မျက်နှာတွေကိုငုံ့ကာ အသားတွေ တဆတ်ဆတ်တုန်နေကြတော့သည်။

ထိုစဉ်

ဝင်းနိုင်က ပြောလိုက်သည်။

"ကဲ. . . ကိုချစ်၊ မှောင်လာပြီ ပြန်ကြတော့။ တော်တော်ကြာရင်တော်တို့ အပေါင်းအသင်းတွေ ရောက်လာကြတော့မှာ။ အဲဒီ ဗွာကောင်တွေရောက်လာရင် ခင်ဗျားတို့ မလွယ်ဘူး"

"မြတ်စွာဘုရား ကယ်တော်မူပါ"

"ဘုရားတ,မနေကြနဲ့ ပြန်ကြတော့။ ဟော. . . ပြောရင်းဆိုရင်း တို့မှာမိစ္ဆာတစ်ကောင်တောင်လာနေပြီ"

ဝင်းနိုင်က သချိုင်းဖက်ကိုကြည့်ပြီး ပြောလိုက်သဖြင့် ကိုချစ် စံလှနှင့်မြင့်မောင်တို့မှာ သချိုင်းဆီသို့ကြည့်လိုက်ကြရာ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဗုဒ္ဓေါ"

"ပြေး. . . ပြေး. . . ပြေး"

သချိုင်းတောအုပ်ထဲမှ မကောင်းဆိုးဝါးတစ်ကောင် အခေါင်းကြီးထမ်းပြီး ထွက်လာနေသည်ကို တွေ့မြင်လိုက်ကြရသဖြင့် ကိုချစ်၊ စံလှနှင့် မြမောင်တို့မှာ သွေးပျက်ချောက်ချားစွာ ဇရပ်ပေါ်မှ ဆင်းပြေးသွားခဲ့ကြတော့သည်။

ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့်ကြည့်လိုက်ကြရာ-

"ဟာ. . ."

"မရှိကြတော့ဘူး"

"ဘယ်ရောက်သွားကြပြီလဲ"

ဇရပ်ပေါ်တွင် ဘယ်သူမှမရှိ။ ဇရပ်ပတ်ဝန်းကျင်တွင်လည်း ဘယ်သူ့ကိုမှမမြင်။ ထွန်းတောက်၊ ဝင်းနိုင်နှင့် အခေါင်းထမ်းလာသော မိစ္ဆာကောင်ကြီးမှာ ဘယ်ရောက်လို့ ဘယ်ပျောက်သွားခဲ့ကြသည်မသိ။

ထို့ကြောင့်-

ရွာဆီသို့ ကမျောသောပါးအော်ဟစ်ထွက်ပြေး သွားခဲ့ကြလေတော့သည်။

"ကယ်တော်မူကြပါဗျို့"

"လုပ်ကြပါဦး. . . သရဲ. . . သရဲ"

"သရဲထွန်းတောက်၊ သရဲထွန်းတောက်. . . သရဲညီအစ်ကို၊ သရဲညီအစ်ကို. . . လုပ်ကြပါဦး. . ကယ်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်၊ စံလှနှင့် မြမောင်တို့မှာ ကြောက်ကြောက်လန့်လန့်နှင့် တုန်လှုပ်ချောက်ချားစွာ ထွက်ပြေးလာခဲ့ကြလေတော့သည်။

ပတ်ဝန်းကျင်တစ်ခွင်မှာ မိုးချုပ်လာခဲ့ပြီးဖြစ်သဖြင့် အမှောင်ထုက စိုးမိုးလာနေပြီဖြစ်သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# မယုံတစ်ဝက် ယုံတစ်ဝက်

မိုးချုပ်လာပြီဖြစ်သဖြင့် လဗတစ်ပင်ရွာကလေးမှာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့တော့သည်။ လမ်းပေါ်တွင် လမ်းသွားလမ်းလာတွေပင် မရှိတော့။ တောလက်ဒေသများ၏ နေဝင်မီးလက် စီးပွားတက်ဟူသော အယူအဆကြောင့် နေအိမ်တိုင်းမှာ မီးခွက်တွေ၊ မှန်အိမ်တွေပင် ထွန်းညှိနေကြပြီဖြစ်သည်။

ထိုစဉ်-

"ကယ်တော်မူကြပါဗျို့"

"လုပ်ကြပါဦး. . . သရဲ. , သရဲ"

"သရဲထွန်းတောက်. . . သရဲထွန်းတောက်. . . သရဲညီအစ်ကို. . သရဲညီအစ်ကို. . . လုပ်ကြပါဦး. . . ကယ်ကြပါဦး"

အော်ဟစ်ဆူညံသံတွေကြောင့် တိတ်ဆိတ်ငြိမ်သက်နေသော လဗတစ်ပင်ရွာကလေးမှာ လှုပ်လှုပ်ရွရွဖြစ်လာခဲ့ကြတော့သည်။ ကိုချစ်၊ စံလှနှင့် မြမောင်တို့၏တုန်လှုပ်ခြောက်ခြားစွာအော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



နေသံတွေက တိတ်ဆိတ်နေသော ညအမှောင်ထဲတွင် ဆူညံနေတော့သည်။

ထို့ကြောင့်

မီးတုတ် မီးတိုင်တွေနှင့် လမ်းပေါ်သို့ ထွက်လာခဲ့ကြသည်။ အချို့မှာ ဓားတွေ၊ လှံတွေ၊ တုတ်တွေ၊ မိုန်းတွေကိုင်ဆောင်ပြီး ထွက်လာခဲ့ကြသည်။ အော်ဟစ်သံတွေကို ဆူညံစွာကြားနေကြရဆဲဖြစ်သည်။ ထို့ကြောင့် လမ်းပေါ်တွင် တစ်ယောက်ကိုတစ်ယောက် စုံစမ်းမေးမြန်းနေခဲ့သည်။

"ဘာဖြစ်တာလဲ"

"မသိဘူး အော်သံကြားလို့ထွက်လာတာ"

"အသံတွေက ရွာပြင်သချိုင်းဘက်က ကြားနေရတာ"

"ရွာအပြင်မှာ တစ်ယောက်ယောက်တော့ တစ်ခုခုဖြစ်နေပြီနဲ့တူတယ်"

"တစ်ယောက်တည်းမဖြစ်နိုင်ဘူး။ အသံတွေက နှစ်ယောက်၊ သုံးယောက်အသံတွေ"

"ရွာပြင်ကို ဘယ်သူတွေထွက်ကြသေးလဲ"

"ထွက်တာတော့ မတွေ့မိဘူး"

လူအုပ်ထဲတွင် သူကြီးဦးလှကျော်နှင့် ဝင်းသောင်းတို့လည်း ရောက်ရှိနေခဲ့ကြသည်။ ထို့ကြောင့် သူကြီးက ပြောလိုက်သည်။

"ကဲ. . . လာ ရွာအပြင်ကို သွားကြည့်ကြမယ်"

"သတိတော့ထားကြနော်"

ဝင်းသောင်း၏ဖခင်ဦးလှမော်က သတိပေးပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ထို့နောက် အသံကြားရာဆီကို လာခဲ့ကြသည်။

ရွာအပြင်တွင် မှောင်မည်းနေသည်။ လမိုက်ည ကြယ်ရောင်ကလေးများကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါးသာ တွေ့မြင်နေကြရသည်။ ထို့ကြောင့် မီးခွက်၊ မီးတိုက်၊ လက်နှိပ်ဓာတ်မီးများနှင့် ပတ်ဝန်းကျင်တစ်ခွင်ကို ရှာဖွေကြည့်ရှုနေခဲ့ကြသည်။ ရှာဖွေနေခဲ့ကြသော်လည်း ဘာမှမတွေ့။ အော်ဟစ်သံတွေကိုလည်း မကြားကြရတော့။ ထို့ကြောင့် တအံ့တသြဖြစ်နေခဲ့ကြရတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ"

"အော်သံတွေလည်း မကြားရတော့ဘူး"

ထို့ကြောင့်

သူကြီးဦးလှကျော်က ပြောလိုက်သည်။

"အော်သံ ဟစ်သံတွေကို တစ်ရွာလုံးကြားခဲ့ကြရတာ။ အသံကြားရပြီး ဘာမှမတွေ့ရဘူးဆိုတာတော့ မဖြစ်နိုင်ဘူး။ ဒီတော့. . . ဒီလမ်းအတိုင်း ရှေ့ဆက်ပြီး ရှာကြစမ်း"

"ဟာ. . . သူကြီး၊ ရှေ့မှာ သချိုင်းကုန်းပဲရှိတော့တာ"

ဦးလူမော်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူကြီးက ပြန်ပြောလိုက်သည်။

"အော်သံတွေက ကျုပ်တို့လာမှ ပျောက်သွားတာ။ ဒီလမ်းပေါ်မှာပဲရှိရမယ်။ သချိုင်းရောက်တဲ့အထိ ဆက်ရှာရမှာပဲ။ လမ်းဘေးကိုလည်း ကြည့်ကြ။ သေသေချာချာ ရှာကြစမ်း"

ထို့ကြောင့်-

လက်နှိပ်ဓာတ်မီးတွေ၊ မီးခွက် မီးတိုင်တွေနှင့် လမ်းတစ်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ရှာဖွေလာခဲ့ကြရာ-

"ဟာ"

"ဟိုမှာ. . . ဟိုမှာ"

"ဘယ်သူတွေလဲ မသိဘူး"

လမ်းပေါ်တွင် သတိလစ်မေ့မျောနေသော လူသုံးယောက်တို့ တွေ့မြင်လိုက်ကြရသဖြင့် ပြေးသွားကြည့်လိုက်ကြရာ-

"ဟာ. . . ကိုချစ်. . . ကိုချစ်တို့ပါလား"

"ဟိုမှာ စံလှမဟုတ်လား"

"ဒီမှာ မြမောင်"

"ဘယ်လို ဖြစ်ကြရတာလဲ"

"ဒီကောင်တွေ မြို့ကပြန်လာကြတာဖြစ်မယ်"

"ဝင်းနိုင်နဲ့ ထွန်းတောက်တို့ဖြစ်သလိုများ ဖြစ်နေတာလား"

ကိုချစ်၊ စံလှ၊ မြမောင်တို့ သုံးယောက်မှာ သတိလစ်မေ့မျောနေကြသည်ကို တွေ့မြင်နေကြရသဖြင့် ဝင်းနိုင်နှင့် ထွန်းတောက်တို့သားအမိသုံးယောက်တည်းဖြစ်နေလေသလားဟု စိုးရိမ်သောက ဖြစ်သွားခဲ့ကြရတော့သည်။

ထွန်းတောက်နှင့် ဝင်းနိုင်တို့ ညီအစ်ကိုမှာလည်း ဤကဲ့သို့ပင် ရွာပြင်တွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ကြရခြင်းဖြစ်သည်။ ယခုတိုင် လုပ်ကြံသူဘယ်သူလဲဆိုသည်မှာ အဖြေမပေါ်သေးပေ။ တစ်ရွာလုံးက ဝင်းသောင်းတို့ သားအဖကို သံသယရှိနေခဲ့ကြသော်လည်း ဘာသက်သေ၊ ဘာအထောက်အထားမှမရှိ။ ဝင်းနိုင်နှင့် ထွန်းတောက်တို့ လုပ်ကြံသတ်ဖြတ်ခံရမှုမှာလည်း ဘယ်လိုမှ စဉ်းစားလို့မရ။ ဝင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်ထွန်းတောက်တို့၏ဖခင် ဦးကျော်သောင်းနှင့် ဒေါ်မြတင်တို့မှာ လဗတစ်ပင်ရွာ ဇာတိမဟုတ်ကြပေ။ ရန်ကုန်မြို့မှ သူဌေး၏ဦးဘသောင်း၏သားနှင့် ချွေးမတို့ဖြစ်သည်။ ဒေါ်မြတင်မှာ သူဌေးဦးဘသောင်း၏အိမ်မှ အိမ်ဖော်ဖြစ်သည် ဦးဘသောင်းတွင် လှသောင်းနှင့် ကျော်သောင်း၊ သားနှစ်ယောက်ရှိသည်။ လှသောင်းမှာ သားကြီးဖြစ်သည်။ သားငယ်ကျော်သောင်းမှာ အိမ်ဖော်မမြတင်နှင့် မေတ္တာမျှနေခဲ့ကြရာ ဦးဘသောင်းက သဘောမတူ။ နည်းအမျိုးမျိုးနှင့် ခွဲရန်ကြိုးစားခဲ့သည်။ ထို့ကြောင့် ကျော်သောင်းမှာ မမြတင်ကို ခိုးယူထွက်သွားခဲ့သဖြင့် ဦးဘကောင်းက သားငယ်ကျော်သောင်းကို အမွေပြတ်စွန့်လွှတ်ခဲ့သည်။

ကျော်သောင်းကလည်း မာနရှိသူဖြစ်သည်။ ဖခင်ရှိရာ ပြန်မသွားတော့။ လဗတစ်ပင်ရွာတွင် အခြေချနေထိုင်ကာ ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေခဲ့သည်။ သို့နှင့် ထွန်းတောက်နှင့် ဝင်းနိုင်တို့ ဆယ့်ငါးနှစ်သားနှင့် ဆယ့်ရှစ်နှစ်သားအရွယ်တွင် ကျော်သောင်းမှာ မြွေကိုက်သေဆုံးသွားခဲ့သည်။ သားကြီးထွန်းတောက်နှင့် သားငယ်ဝင်းနိုင်တို့က မိခင်ကြီးကို လုပ်ကိုင်ကျွေးမွေးခဲ့ကြသည်။ သို့နှင့် ထွန်းတောက်မှာ နှစ်ဆယ့်တစ်နှစ်အရွယ်၊ ဝင်းနိုင်မှာ ဆယ့်ရှစ်နှစ်အရွယ်ရောက်ရှိလာခဲ့ကြသည်။ ဤတွင် ရန်ကုန်မြို့မှ သူဌေးကြီးဦးဘကောင်းက ကျော်သောင်း၏မိသားစု လဗတစ်ပင်တွင် ရှိနေကြောင်း စုံစမ်းသိရှိသွားခဲ့သည်။

ဦးဘကောင်း သိရှိသွားခဲ့ရသည်မှာလည်း ဝင်းသောင်းကြောင့်ဖြစ်သည်။ ဦးဘကောင်း၏မြေး၊ ဦးကျော်သောင်း၏သား တင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှာ ကျောင်းနေဖက်သူငယ်ချင်းတွေဖြစ်သည်။ ဝင်းသောင်း၏ ဖခင်ဦးလူမော်မှာလည်း တောသူဌေးတစ်ယောက်ဖြစ်နေသဖြင့် ဝင်းသောင်းကို ရန်ကုန်မြို့ရှိ အသိမိတ်ဆွေအိမ်မှာထားကာ ကျောင်းထားခဲ့သည်။ ထို့ကြောင့် ဝင်းသောင်းနှင့် တင်ဆောင်တို့မှာ အတန်းတူ အခန်းတူသူငယ်ချင်းများဖြစ်ခဲ့ကြသည်။ ဝင်းသောင်းမှာ ပညာရေး မထွန်းကားသဖြင့် ကျောင်းထွက်ခဲ့ရသော်လည်း တင်ဆောင်နှင့် အဆက်အသွယ်မပြတ်ခဲ့။ တင်ဆောင်နှင့် ဝင်းသောင်းတို့မှာ ရင်းနှီးသော သူငယ်ချင်းတွေဖြစ်နေခဲ့ကြသဖြင့် ဦးလူမော်နှင့် ဦးကျော်သောင်းတို့မှာလည်း သိကျွမ်းခင်မင်သွားခဲ့ကြရပြန်သည်။ ထို့ကြောင့် စပ်မိစပ်ရာပြောဆိုခဲ့ကြရာမှ ကျော်သောင်းတို့မိသားစု လဗတစ်ပင်တွင်ရှိနေကြောင်း ဦးဘကောင်း သိရှိသွားခဲ့ရခြင်းဖြစ်သည်။

ထိုအချိန်တွင် ဦးဘကောင်းမှာ အသက်ရှစ်ဆယ်ကျော်နေပြီဖြစ်သဖြင့် အိပ်ယာထဲမှာလဲနေပြီဖြစ်သည်။ သားမရှိတော့ပေမယ့် မသေခင်မှာ မြေးတွေကို တွေ့မြင်လိုသည်။ ဆင်းဆင်းရဲရဲဖြစ်နေခဲ့ကြသဖြင့် အမွေပေးလိုသည်။ ထို့ကြောင့် ဦးကျော်သောင်းနှင့် တင်ဆောင်တို့ သားအဖနှစ်ယောက်ကိုယ်တိုင်ပင် ဝင်းသောင်းနှင့် လဗတစ်ပင်ကို လိုက်လာပြီး ဒေါ်မြတင်တို့ မိသားစုကိုခေါ်ယူခဲ့ကြသည်။ ဒေါ်မြတင်တို့ မိသားစုရောက်လာချိန်မှာပင် ဦးဘကောင်း သေဆုံးသွားခဲ့သည်။ ထို့ကြောင့် ဦးကျော်သောင်းက ဒေါ်မြတင်တို့ မိသားစုအား အမွေတစ်ဝက်ခွဲပေးခဲ့သည်။ ဒေါ်မြတင်တို့မိသားစုက မာနရှိသည်။ အမွေတွေကို လက်မခံ။ ဦးဘကောင်း အသုဘကိစ္စပြီးသည်နှင့် ပြန်လာခဲ့ကြသဖြင့် ဦးကျော်သောင်းနှင့် တင်ဆောင်တို့

www.burmeseclassic.com

www.burmeseclassic.com



သားအဖမှာ စိတ်မကောင်းဖြစ်နေခဲ့ကြရသည်။ ဒေါ်မြတင်တို့က လမ်းစရိတ်ပင် လက်မခံ။ သားနှစ်ယောက်ကို ဘိုးအေကိုမြင်ဖူးစေရန်နှင့် ဦးဘကောင်းစိတ်ချမ်းသာစေရန် နောက်ဆုံးလိုက်လျောသည့်အနေနှင့် ရန်ကုန်မြို့သို့ လိုက်လာခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့်

ရန်ကုန်မြို့မှ ကမ်းသာယာသို့ သင်္ဘောနှင့်ပြန်လာခဲ့ကြသည်။ ကမ်းသာယာရောက်တော့ လဗတစ်ပင်သွားမည့် စက်လှေမရှိ။ နောက်သုံးရက်ကြာမှ လဗတစ်ပင် စက်လှေရှိမည်ဖြစ်သဖြင့် လဗတစ်ပင်သို့ ကုန်းကြောင်းပြန်လာခဲ့ကြသည်။ ရွာရောက်ခါနီးမှ မျက်နှာဖုံးစွပ်နှင့် လူတွေ၏လုပ်ကြံခြင်းကို ခံခဲ့ကြရခြင်းဖြစ်သည်။ ဒေါ်မြတင်တစ်ယောက်သာ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ ဒေါ်မြတင်မှာ ထွက်ပြေးလွတ်မြောက်လာခဲ့ရသော်လည်း စိတ်နောက်ရှူးသွပ်သွားခဲ့သည်။

ထွန်းတောက်တို့သတင်းကို ဝင်းသောင်းက အကြောင်းကြားခဲ့သဖြင့် ဦးကျော်သောင်းနှင့် တင်ဆောင်တို့ လဗတစ်ပင်ကိုရောက်ရှိလာခဲ့ကြသည်။ အသုဘကိစ္စကို အကုန်အကျခံပြုလုပ်ပေးခဲ့သည်။ ခယ်မဖြစ်သူမမြတင်ကို ရန်ကုန်သို့ ဆေးကုသမှုခံရန်ခေါ်သည်။ သူတို့နှင့်လိုက်နေရန် ပြောသည်။ ဒေါ်မြတင်မှာ စိတ်နောက်ရှူးသွပ်နေပြီဖြစ်သဖြင့် ဘယ်လိုမှခေါ်မရ။ ထို့ကြောင့် ဦးကျော်သောင်းနှင့် တင်အောင်တို့ သားအဖမှာ ဒေါ်မြတင်ကို ရင်းနှီးစားသောက်ရန် ငွေကြေးပေးလို့မရ။ ခေါ်လို့လည်းမလိုက်သဖြင့် ဒေါ်မြတင်အား ပြုစုစောင့်ရှောက်ရန် ကျေးရွာလူကြီးများအား အပ်နှံထားခဲ့ပြီး ကျေးရွာအတွက်

www.burmeseclassic.com

www.burmeseclassic.com



အလှူငွေတွေ ရက်ရက်ရောရောပေးခဲ့ပြီး စိတ်မကောင်းစွာနှင့် ပြန်သွားခဲ့ကြရတော့သည်။

ထို့ကြောင့်

ကိုချစ်၊ စံလှနှင့် မြမောင်တို့မှာလည်း ထွန်းတောက်တို့ကဲ့သို့ပင် လုပ်ကြံခံခဲ့ကြရတာများလားဟု စိုးရိမ်သောကဖြစ်သွားခဲ့ကြခြင်းပင် ဖြစ်သည်။

ထိုစဉ်-

"ဟာ. . . ဟို. . ဟိုမှာ"

"အခေါင်း. . . အခေါင်းကြီးဟ"

ခပ်လှမ်းလှမ်းနေရာတွင် လူသေထည့်သောအခေါင်းကြီးတစ်လုံးကို တွေ့မြင်လိုက်ကြပြန်သဖြင့် တုန်လှုပ်ခြောက်ခြားသွားကြရပြန်သည်။ ထို့ကြောင့် ကြောက်ကြောက်နှင့် သွားကြည့်ခဲ့ကြရာ အခေါင်းထဲမှာ ဘာမှမရှိ။

"ဦးလူမော်. . . ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ။ သူတို့ကို ရွာထဲကိုခေါ်သွားပြီး ပြုစုတုသပေးရမှာပေါ့"

သူကြီးက မေးလိုက်သဖြင့် ဦးလူမော်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုချစ်၊ စံလှနှင့် မြမောင်တို့ကို ရွာထဲသို့ သယ်ယူခေါ်ဆောင်လာခဲ့ကြပြီး သူကြီးအိမ်မှာပင် ဆေးဆရာကြီးဦးစိန်မြင့်နှင့် ပြုစုကုသပေးခဲ့ကြသည်။

"သူတို့သုံးယောက် သွေးပျက်စရာဖြစ်စဉ်ဖြစ်ရပ်တွေ့နဲ့ ကြုံခဲ့ကြရလို့ နှလုံးသွေးမမှန်ဘဲ သတိလစ်သွားခဲ့ကြရတာ။ စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



စရာမရှိပါဘူး။ မကြာခင် သတိရလာကြမှာပါ"

ဆရာကြီး ဦးစိန်မြင့်ပြောသလိုပင် ဆရာကြီးဦးစိန်မြင့်၏ ပြုစုကုသပေးမှုကြောင့် ပြန်လည်သတိရလာခဲ့ကြသည်။ သတိရလာခဲ့သဖြင့် သူတို့၏ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်ပြောပြခဲ့ကြသည်။ ကိုချစ်၊ စံလှနှင့် မြမောင်တို့က တစ်ပတ်ကြာလျှင် ဝင်းနိုင်နှင့် ထွန်းတောက်တို့ သူ့အမေဒေါ်မြတင်ဆီ ပြန်လာကာ သူတို့ကိုလုပ်ကြံသူများကို လက်စားချေကြလိမ့်မည်ဟု ပြောဆိုလိုက်ကြသဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေခဲ့ကြရတော့သည်။ ကိုချစ်တို့မှာ သူတို့၏ ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်ပြောပြခဲ့ကြသော်လည်း သူတို့အနီးတွင် အခေါင်းကြီးရောက်ရှိနေခဲ့သည့်အကြောင်းကိုမူ ပြောမပြနိုင်ကြပေ။ သချိုင်းထဲမှ မိစ္ဆာတစ်ကောင်အခေါင်းထမ်းပြီး ထွက်လာခဲ့သည်ကို တွေ့မြင်ခဲ့ကြရသဖြင့် ထိုမိစ္ဆာကြီးပင် ထားသွားခဲ့လေသလားဟု ထွေးတင်ပြောဆိုခဲ့ကြသည်။ ထို့ကြောင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေခဲ့ကြရသော်လည်း တုန်လှုပ်ကြောက်လန့်နေကြရပြီ ဖြစ်သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ပွတ်ထွက်လာတဲ့ တောင်ပို့

ကိုချစ်၊ စံလှနှင့် မြမောင်တို့၏ဖြစ်စဉ်ဖြစ်ရပ်များ၊ ဝင်းနိုင်နှင့် ထွန်းတောက်တို့ ညီအစ်ကိုသေဆုံးခဲ့ကြပြီးဖြစ်သော်လည်း သူ့ဒါမေ ဆီသို့ ပြန်လာကြတော့မည်ဆိုသော သတင်းစကားများမှာ လဗတစ်ဝင်းသာမက တစ်နယ်လုံးသို့ ပြန့်နှံ့သွားခဲ့တော့သည်။ ယုံသူတွေရှိသလို မယုံသူတွေလည်း ရှိနေခဲ့ကြပြန်သဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ ငြင်းခုံပြောဆိုနေခဲ့ကြပြန်သည်။

"သေတဲ့လူသုသာန်ကပြန်လာမယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဒီတိုင်း မရိုးသားဘူး။ ထွန်းတောက်တို့ ဘကြီးဦးကျော်သောင်းက ချန်တုန်မှာ တအားချမ်းသာတာ။ ဦးကျော်သောင်း ချမ်းသာတဲ့ပစ္စည်းတစ်ဝက်က ထွန်းတောက်တို့အမွေတွေ။ ထွန်းတောက်တို့က ကိုယ့်ဘာနဲ့ကိုမို့ မယူကြတာ။ အဲဒီအကြောင်းတွေကို သိတဲ့သူတွေက ထွန်းတောက်နဲ့ ဝင်းနိုင်အယောင်ဆောင်ပြန်လာပြီး ဒီပစ္စည်းတွေ ယူလို့ကြံစည်တာဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြတင်ကလည်း လေးလပြည့်တဲ့နေ့မှာ သူ့သားတွေ ပြန်လာမယ်ဆိုတာ ဝင်းနိုင်နဲ့ ထွန်းတောက်သေပြီးကတည်းက ပြော နေခဲ့တာပဲ"

"ဒါဆိုရင် သေသောသူ သုသာန်ကပြန်လာတာ တကယ်ပဲ ပေါ့"

"တကယ် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် လုပ်ကြံတဲ့သူမဟုတ် ရင် ဘာမှစိုးရိမ်စရာမလိုဘူး"

လဗတစ်ပင်ရွာကလေးတွင် လူနှစ်ယောက်ဆုံလိုက်သည် နှင့် ဒီအကြောင်းသာ ပြောဆိုနေခဲ့ကြသည်။ ဒီရက်အတွင်း လဗတစ် ပင်ရွာကလေးတွင် အံ့ဩစရာ မထင်မှတ်တာတွေ တစ်ခုပြီးတစ်ခု ဖြစ်လာခဲ့သည်။ မြမောင်တို့ သရဲခြောက်ခံခဲ့ကြရပြီး သုံးရက်အကြာ တွင် ဦးကျော်သောင်းနှင့် တင်ဆောင်တို့သားအဖ လဗတစ်ပင်ကို ရောက်လာခဲ့ကြသည်။ တိုက်ဆိုင်မှုတစ်ခုဟုပင် ဆိုရမည်ဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ ပြန်လာကြတော့မည်ဆိုမှ တင်ဆောင် တို့သားအဖရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

တင်ဆောင်တို့သားအဖရောက်ရှိလာခဲ့ကြသည်မှာ သူတို့ အကြောင်းနှင့် သူတို့ဖြစ်သည်။ တင်ဆောင်မှာ ထွန်းတောက်တို့ မိသားစုကိုလာခေါ်ခဲ့စဉ်က တစ်ကြိမ်၊ ထွန်းတောက်တို့ အသုဘကို လာရောက်သဂြိုလ်ခဲ့စဉ်က တစ်ကြိမ်၊ လဗတစ်ပင်သို့ ဖခင်ဖြစ်သူ နှင့်အတူ နှစ်ကြိမ်နှစ်ခါလာရောက်ခဲ့ဖူးသည်။ အသုဘသဂြိုဟ်ရန် လာစဉ်က လဗတစ်ပင်တွင် ဆယ်ရက်ခန့်ပင်ကြာသွားခဲ့သည်။ ထိုစဉ် လဗတစ်ပင်၏အချောအလှ ခင်နှင်းလှိုင်ကို တွေ့မြင်ကာ သဘောကျ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ ထို့ကြောင့် ခင်ဝင်းလှိုင်ကို ဝင်းသောင်းတို့အုပ်စု အကူအညီနှင့် ချဉ်းကပ်ခဲ့သည်။ သို့သော် ခင်ဝင်းလှိုင်မှာ ဝင်းနိုင်၏ချစ်သူရည်းစားဖြစ်နေသဖြင့် ဝင်းနိုင်အတွက် သောကဖြာနေ၊ မျက်ရည်ဝေနေခဲ့ရသော အချိန်အခါဖြစ်နေသဖြင့် အခွင့်မသာခဲ့။ ထွန်းတောက်ဝင်းနိုင်နှင့် တင်ဆောင်တို့မှာလည်း တစ်ဝမ်းကွဲညီအစ်ကိုတော်စပ်သူတွေ ဖြစ်နေခဲ့ကြပြန်သည်။ တင်ဆောင်မှာ အကြံကြီးသူဖြစ်သဖြင့် ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်ဆိုသလို တကယ့်ကို စိတ်ကောင်းစေတနာကြီးသူတစ်ယောက်အသွင်သရုပ်ဆောင်လှုပ်ရှားခဲ့ပြီး နောက်ဆုတ်ပြန်လာခဲ့သည်။ ခင်ဝင်းလှိုင်ကို အမှန်တကယ်ချစ်ခင်မြတ်နိုးခဲ့သော်လည်း ညီအစ်ကိုတော်သည့်သူတစ်ယောက်၏ချစ်သူကို ပွဲထုန့်တုန်းမှာ ဝင်ခဲ့ကာ နေရာဝင်လုသည့်အဖြစ်မျိုး တွေးထင်ခဲ့ရမှာ ရိုးရိမ်မိသောကြောင့်လည်း နောက်ပြန်ဆုတ်လာခဲ့ခြင်းဖြစ်သည်။

အခုလောက်ဆိုလျှင် ဝင်းနိုင်နှင့် ထွန်းတောက်တို့၏အကြောင်းကို မေ့လျော့နေလောက်ပြီဖြစ်သည်။ ထို့ကြောင့် တင်ဆောင်က ဖခင်ဖြစ်သူ ဦးကျော်သောင်းအား လဗတစ်ပင်ရွာသူခင်ဝင်းလှိုင်ကို တောင်းယူပေးစားရန် ပူဆာလာခဲ့သည်။ ဦးကျော်သောင်းကလည်း သားဖြစ်သူကို ငယ်ငယ်ကတည်းက မိတဆိုးလေးဖြစ်နေသဖြင့် အလိုလိုက်အကြိုက်ဆောင်ပေးနေသူဖြစ်သည်။ လဗတစ်ပင်ကိုလည်း နှစ်ကြိမ် နှစ်ခေါက်ပင်ရောက်ဖူးခဲ့ပြီဖြစ်သဖြင့် ခင်ဝင်းလှိုင်ကိုလည်း တွေ့မြင်ခဲ့ဖူးသဖြင့် သဘောကျနေခဲ့သည်။ ထို့ကြောင့် တင်ဆောင်နှင့် ခင်နှင်းလှိုင်တို့ကို စေ့စပ်ကြောင်းလမ်းရန် လဗတစ်ပင်သို့ ကိုယ်တိုင်လိုက်ပါလာခဲ့သည်။ လဗတစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်သည်နှင့် ထွန်းတောက်နှင့် ဝင်းလှိုင်တို့ ပြန်လာကြတော့မည့်အကြောင်းကို သိရှိလိုက်ရသဖြင့် တအံ့တသြဖြစ်သွားခဲ့ကြရတော့သည်။

ထို့ကြောင့် ဦးကျော်သောင်းတို့သားအဖမှာ ရောက်သည်နှင့် ဒေါ်မြတင်၏အခြေအနေကို မေးမြန်းစုံစမ်းကာ ဒေါ်မြတင်ကိုသွားရောက်တွေ့ဆုံခဲ့ကြပြီး လိုအပ်သလို ကူညီလုပ်ကိုင်ပေးခဲ့သည်။ ထို့နောက် သူကြီးဦးလှကျော်၊ ဦးလှမော်နှင့် ဝင်းသောင်းတို့သားအဖ၊ အကြီးအကဲများဖြစ်ကြသော ခင်နှင်းလှိုင်၏ဖခင် ဦးရွှေတင်၊ ခင်ဝင်းလှိုင်၏ဖခင်ဦးစောဝေ၊ အဘိုးလှတို့ကို ဖိတ်ကြားကာ ထွန်းတောက်နှင့် ဝင်းနိုင်တို့ကိစ္စနှင့် ပတ်သက်ပြီး တိုင်ပင်ဆွေးနွေးခဲ့တော့သည်။

"သေတဲ့သူ သုသာန်က ပြန်လာမယ်ဆိုတဲ့ကိစ္စကတော့ လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ။ ဒီကိစ္စကို ခင်ဗျားတို့က ဘယ်လိုမြင်လဲ"

"ဒီလိုကိစ္စတွေက မဖြစ်နိုင်ဘူး ပြောလို့လည်း မရနိုင်ဘူး ဦးကျော်သောင်း။ ဝိညာဉ်ကိစ္စတွေကိစ္စတွေမှာ မဖြစ်နိုင်တာမရှိဘူး"

ဦးကျော်သောင်းက မေးလိုက်သဖြင့် သူကြီးက ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဦးရွှေတင်နှင့် ဦးစောဝေတို့က ပြောလိုက်ကြပြန်သည်။

"ထွန်းတောက်နဲ့ ဝင်းနိုင်တို့ ပြန်လာမယ်ဆိုတာ သူတို့ကိုလုပ်ကြံခဲ့သူတွေကို လက်စားချေဖို့ ပြန်လာကြမှာ။ ဦးကျော်သောင်းတို့လည်း ပုလိပ်တွေနဲ့ နီးနီးစပ်စပ်ရှိနေတာပဲ။ သေသူတွေ ဖော်ထုတ်ပေးခဲ့လို့ ပေါ်လာခဲ့ရတဲ့အမှုတွေလည်း ရှိနေခဲ့တာပဲ"

"အခုကိစ္စက ဝင်းနိုင်တို့ကို ဘယ်သူသတ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



တောင်မှ မသိကြရသေးဘူးလေ။ သူတို့ ဝိညာဉ်တွေက ဒီကိုစ္စနဲ့ ပတ်သက်ပြီး အခဲမကြေဖြစ်နေခဲ့ကြမှာ သေချာတယ်။ ဒါကြောင့် ဒီကိစ္စအပေါ်မှာ သိပ်ပြီး အစွဲအလမ်းကြီးနေခဲ့လိမ့်မယ်။ ဦးကျော်သောင်းလည်း ဗုဒ္ဓဘာသာတစ်ယောက်ပဲ။ လူဆိုတာ သေရင်စွဲလမ်းသလိုဖြစ်သွားခဲ့တာ"

"ဒါကြောင့် ထွန်းတောက်နှင့် ဝင်းခိုင်တို့ ပြန်လာကြမယ်ဆိုတာ မဖြစ်နိုင်ဘူးလို့တော့ ပြောမရဘူး"

ထို့ကြောင့်-

ဦးကျော်သောင်းက ပြောလိုက်ပြန်သည်။

"ကျွန်တော်ကတော့ ဒီကိစ္စကို လုပ်ကြံမှုတစ်ခုလို့ပဲ ယူဆတယ်။ ဒီကိစ္စရဲ့နောက်ကွယ်မှာ လျှို့ဝှက်မှုတွေရှိနေလိမ့်မယ်။ ထွန်းတောက်နဲ့ ဝင်းနိုင်ဆိုတာ အယောင်ဆောင်တွေပဲဖြစ်လိမ့်မယ်။ သေတဲ့လူ သုသာန်ကပြန်လာမယ်ဆိုတာတော့ ကျွန်တော်လုံးဝလက်မခံနိုင်ဘူး"

"အဖေပြောတာ ကျွန်တော်ထောက်ခံတယ်။ ကျွန်တော့်အထင်ပြောရရင် ကျွန်တော်တို့ရဲ့ ချမ်းသာကြွယ်ဝမှုတွေရဲ့တစ်ဝက်ကို ထွန်းတောက်တို့မိသားစုပိုင်ဆိုင်ကြတာပဲ။ သူတို့က သူတို့မာနနဲ့ သူတို့ ဒီပစ္စည်းဥစ္စာတွေကို လက်မခံခဲ့ကြတာ။ ကျွန်တော်တို့က ပေးနေခဲ့တာပဲ"

တင်ဆောင်က ပြောလိုက်သဖြင့် ဦးကျော်သောင်းက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ အခု ထွန်းတောက်တို့ မမှန်မကန်ပြန်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြပြီး ဒီပစ္စည်းဥစ္စာတွေကိုယူချင်ကြတယ်ဆိုရင်လဲ ကျွန်တော်က ပေးဖို့အဆင်သင့်ပါ"

ဤတွင်-

တင်ဆောင်က ပြောလိုက်ပြန်သည်။

"ဒါပေမဲ့ ဝင်းနိုင်နဲ့ ထွန်းတောက်တို့က သေနေကြပြီပဲ။ ဘယ်လိုလုပ်ပြန်လာနိုင်ကြတော့မှာလဲ။ ဒါပေမဲ့ အကြံသမားတွေက ဒီပစ္စည်းတွေကိုလိုချင်လို့ ထွန်းတောက်နဲ့ ဝင်းနိုင်နဲ့တူတဲ့လူနှစ်ယောက်ကိုရှာပြီး သေသောသူသုသာန်ကပြန်လာမယ်ဆိုတဲ့ ဇာတ်လမ်းကိုဆင်ခဲ့တာဖြစ်နိုင်တယ်"

ထို့ကြောင့်-

ဝင်းသောင်းက ဝင်ရောက်ပြောဆိုလိုက်သည်။

"တင်ဆောင်ပြောတာဖြစ်နိုင်တယ်။ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကိုလုပ်ကြံသတ်ဖြတ်ခဲ့တာလည်း ဒီအကြံသမားတွေပဲဖြစ်နိုင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒေါ်မြတင်ဟာ သူဌေးကြီးဦးဘကောင်းရဲ့ချွေးမ၊ ထွန်းတောက်နဲ့ ဝင်းနိုင်တို့က ဦးဘကောင်းရဲ့မြေးနှစ်ယောက်။ ဦးဘကောင်းက အမွေတွေပေးပေမယ့် ထွန်းတောက်တို့မိသားစုက လက်မခံဘူး။ ဒါကြောင့် ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကိုလုပ်ကြံသတ်ဖြတ်ပြီး ထွန်းတောက်နဲ့ ဝင်းနိုင်တို့ရဲ့နေရာကိုဝင်ပြီး အမွေတွေကို ရယူဖို့ကြံစည်ခဲ့တာဖြစ်မယ်"

ထို့ကြောင့်-

အားလုံးတွေဝေသွားခဲ့ကြရတော့သည်။ ထွန်းတောက်တို့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ ဝင်းသောင်းသာဖြစ်နိုင်သည်ဟု တစ်ရွာလုံးက တွေးထင်နေခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းသောင်းတို့မှာ ဦးရွှေတင်၏သမီး ခင်နှင်းလှိုင်ကို အပြိုင်ပိုးခဲ့ကြသည်။ ဝင်းသောင်းမှာ အတန်းပညာတွင် မထူးချွန်သော်လည်း သွက်လက်ဖြတ်လတ်သူ လူငယ်တစ်ယောက်ဖြစ်သဖြင့် ဖခင်၏လုပ်ငန်းတွေကို ဦးဆောင်လုပ်ကိုင်နိုင်သူဖြစ်သည်။ မြို့မှပုလိပ်အရာရှိများ လဗတစ်ပင်သို့လာခဲ့လျှင်ပင် သူကြီးဦးလှကျော်၏အိမ်မှာ မတည်း။ ဝင်းသောင်းတို့အိမ်မှာပင် တည်းကြသည်။ ပုလိပ်အရာရှိတွေကို လိုသမျှ ဝင်းသောင်းက ဖြည့်ဆည်းပေးခဲ့သည်။ ပုလိပ်အရာရှိတွေက မိန်းမလိုချင်သည်ဟုဆိုလျှင်ပင် ဝင်းသောင်းကရှာဖွေပေးခဲ့သည်။ သို့သော် ရွာထဲကအမျိုးကောင်းသမီးပျိုတွေကိုတော့ ဖျက်ဆီးခဲ့သည်မဟုတ်။ သူ့နည်းသူ့ဟန် သူ့လမ်းကြောင်းနှင့် မကောင်းတဲ့မိန်းမတွေကိုသာ ရှာဖွေပေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စာင်ဆောင်တို့သားအဖမှတစ်ဆင့် ဆက်နွယ်သိရှိနေခဲ့ရသော အင်္ဂလိပ်အရာရှိများအတွက်လည်း အလိုလိုက်အကြိုက်ဆောင်ပေးနေခဲ့ပြန်သဖြင့် မင်းရေးမင်းရာမှုခင်းကိစ္စများနှင့်ပတ်သက်လာခဲ့လျှင် ဝင်းသောင်းမှာ ခရီးပေါက်သူဖြစ်နေခဲ့သည်။ ကျေးရွာသူကြီးဦးလှကျော်မဖြေရှင်းနိုင်သောကိစ္စများကိုပင် ဝင်းသောင်းတို့သားအဖဝင်ရောက် ဖြေရှင်းပေးနိုင်ခဲ့သည်။

ထို့ကြောင့်-

လဗတစ်ပင်တွင် ဝင်းသောင်းတို့သားအဖကို ဘယ်သူမှ မကျော်နိုင်၊ သူကြီးဦးလှကျော်သည်ပင်လျှင် ဝင်းသောင်းတို့သားအဖကို မဆန့်ကျင်နိုင်။ ဝင်းသောင်းတို့ သားအဖပါးစပ်လှုပ်တာနဲ့ သူကြီး

www.burmeseclassic.com

www.burmeseclassic.com



ရာထူးပြုတ်သွားနိုင်သည်။ ထို့ကြောင့် ဝင်းသောင်းတို့သားအဖကို ကျွန်စိတ်ပေါက်နေသူ၊ အင်္ဂလိပ်အလိုတော်ရိများအဖြစ် တစ်ရွာလုံးက သတ်မှတ်ထားခဲ့ကြသည်။ သတ်မှတ်နေခဲ့သော်လည်း ဘယ်သူကမှ ဘာမှမပြောရဲကြ။ ထို့ကြောင့် ထွန်းတောက်နှင့် ဝင်းနိုင်တို့ကိစ္စတွင်လည်း မပြောရဲကြသဖြင့် မပြောဘဲနေခဲ့ကြရခြင်းဖြစ်သည်။

ဝင်းသောင်းတို့သားအဖမှာ ကျွန်စိတ်ပေါက်နေသော အင်္ဂလိပ်ကို ဘုရားထူးနေကြသော အင်္ဂလိပ်အလိုတော်ရိများဖြစ်နေခဲ့ကြသော်လည်း ရပ်ရေး၊ ရွာရေး၊ လူမှုရေးကိစ္စနှင့် အလှူအတန်းကိစ္စများတွင်မူ လက်မနှေးကြ။ ရက်ရက်ရောရောလှူဒါန်းကာ ကိုယ်ဖိရင်ဖိ ကူညီလုပ်ကိုင်ပေးခဲ့ကြသည်သာဖြစ်သည်။ ထွန်းတောက်တို့သင်္ဂြိုလ်ခဲ့စဉ်ကလည်း ဝင်းသောင်းကိုယ်တိုင် ထွန်းတောက်၏အလောင်းကို ဝင်ထမ်းခဲ့သည်။ အခက်အခဲရှိသူများကိုလည်း ထိုက်ထိုက်တန်တန်ငွေကြေးကူညီပေးခဲ့သဖြင့် ကျေးရွာမှုခင်းကိစ္စများတွင်လည်း အားနည်းသူဘက်မှ ပါဝင်ကူညီပေးခဲ့သည်။

မည်သို့ပင်ဖြစ်စေ. . .

ဝင်းသောင်းတို့ သားအဖကို ကျွန်စိတ်ပေါက်နေသော အင်္ဂလိပ်အလိုတော်ရိများဖြစ်သည်ဟူသော အချက်တစ်ချက်တည်းနှင့်ပင် တစ်ရွာလုံးက ဘဝင်မကျဖြစ်နေခဲ့ကြတော့သည်။ ရပ်ရေး ရွာရေး၊ ဘာသာ သာသနာရေး၊ လူမှုရေးနှင့် အမှုအခင်းကိစ္စများတွင် လူအား ငွေအားနှင့် ပါဝင်ကူညီနေမှုများကိုလည်း အထင်ကြီးအောင် လေးစားလာအောင် သူတို့အတွင်းစိတ်တွေကို လူမရိပ်မိအောင် ဟန်ဆောင်လုပ်ဆောင်နေခဲ့ကြသည်ဟုပင် တွေးထင်နေခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင်လျှင် ဝင်းသောင်းမှာ မိန်းကလေးတွေ သဘောကျလောက်သော ရုပ်ရည်၊ စိမ်းစည်ဥစ္စာနှင့် လုပ်ရည်ကိုင်ရည် အရည်အသွေးတွေရှိနေခဲ့သော်လည်း ခင်နှင်းလှိုင်က စိတ်မဝင်စားခဲ့ခြင်းဖြစ်သည်။

ထွန်းတောက်တို့ ညီအစ်ကိုကမူ အေးဆေးရိုးသားကြသည်။ ဝင်းသောင်းတို့ကဲ့သို့ ချမ်းသာကြွယ်ဝမှုမရှိခဲ့ကြသော်လည်း ညီအစ်ကိုနှစ်ယောက် လုပ်အားရှိနေခဲ့သဖြင့် နေနိုင်စားနိုင်အဆင့်ရှိနေခဲ့ကြသည်။ ရပ်ရေးရွာရေး၊ လူမှုရေးတွင်လည်း ဝင်းသောင်းတဲ့သို့ပင် တက်ကြွသူများပင်ဖြစ်သည်။ ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ၊ သူတို့မျက်စိရှေ့တွင် မတရားမှုတွေ့လျှင် အားနည်းသူဘက်မှ ဝင်ရောက်ကူညီပေးကြသည်။ အင်္ဂလိပ်အစိုးရတိုလည်းလုံးဝကြည့်မရသူတွေဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်အလိုတော်ရိတင်ဆောင်တို့ ပေးခဲ့သော အမွေအနှစ်တွေကို လက်မခံခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းတို့အုပ်စုနှင့် ထွန်းတောက်တို့ ညီအစ်ကိုမျက်နှာချင်းဆိုင်လိုက်သည်နှင့် ပြဿနာဖြစ်ခဲ့ကြတော့သည်။ တစ်ရွာလုံးကမူ ထွန်းတောက်တို့ဖက်မှာသာရှိနေခဲ့သော်လည်း ဝင်းသောင်းတို့ကိုမပြောရဲကြ။

လဗတစ်ပင်၏စီးပွားရေးလုပ်ငန်းအားလုံးလိုလိုမှာ ဝင်းသောင်းတို့သားအဖနှင့် လွတ်ကင်းမှုမရှိသလောက်ပင်ဖြစ်သည်။ ဦးစောဝေနှင့် ဦးရွှေတင်တို့သည်ပင်လျှင် ဝင်းသောင်းတို့၏ငွေကြေးနှင့်မကင်း။ ထို့ကြောင့် ထွန်းတောက်တို့ ညီအစ်ကိုမှာ လဗတစ်ပင်တွင် အလုပ်မလုပ်ကြ။ ဝင်းသောင်းတို့ သားအဖနှင့် ဆက်နွယ်ပတ်

www.burmeseclassic.com



သက်မှုမပြုလိုသဖြင့် တနယ်တကျေးတွင် သွားရောက်လုပ်ကိုင်ကြသည်။ ထွန်းတောက်တို့ ညီအစ်ကိုမှာလည်း ဝင်းသောင်းတို့ သားအဖကဲ့သို့ပင် အားကိုးရှိနေခဲ့ကြသည်။ ဝင်းသောင်းတို့ သားအဖမှာ တင်ဆောင်တို့ သားအဖအားကိုးရှိနေသကဲ့သို့ ထွန်းတောက်တို့ ညီအစ်ကိုမှာလည်း ရွှေပြည်သာမြို့မှ စက်သူဌေးဦးလူလှအားကိုးရှိနေခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ ဦးလူလှ၏လူယုံများဖြစ်ကြသည်။ ဦးလူလှလုပ်ငန်းများတွင် ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်လှည့် သွားရောက်လုပ်ကိုင်နေခဲ့ကြခြင်းဖြစ်သည်။ ထွန်းတောက်သွားရောက်လုပ်ကိုင်ခဲ့လျှင် ဝင်းနိုင်က မိခင်ကြီးနှင့်အတူနေခဲ့ပြီး ဝင်းနိုင်သွားရောက်လုပ်ကိုင်ခဲ့လျှင် ထွန်းတောက်က မိခင်ကြီးနှင့်အတူနေခဲ့သည်။ ထွန်းတောက်တို့ မိသားစုကို ဦးလူလှက ရွှေပြည်သာသို့ပြောင်းရွှေ့နေထိုင်ရန် ခေါ်ယူခဲ့သော်လည်း ထွန်းတောက်မှ ခင်နှင်းလှိုင်၏သံယောဇဉ်နှင့် ဝင်းနိုင်မှာ ခင်ဝင်းလှိုင်၏သံယောဇဉ်များကြောင့် လဗတစ်ပင်မှ မပြောင်းရွှေ့နိုင်ခဲ့ကြ။

ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့မှာ နာမည်ချင်းဆင်နေခဲ့ကြသော်လည်း ညီအစ်မများမဟုတ်ပေ။ ညီအစ်မ မဟုတ်သော်လည်း ညီအစ်မအရင်းကဲ့သို့ ခင်မင်ရင်းနှီးနေသော ငယ်သူငယ်ချင်းများဖြစ်ကြသည်။ ထွန်းတောက်နှင့် ဝင်းသောင်းတို့က ခင်နှင်းလှိုင်ကို အပြိုင်ပိုးနေခဲ့ကြပြီး၊ ဝင်းနိုင်က ခင်ဝင်းလှိုင်ကို ပိုးပန်းခဲ့သည်။ ဝင်းသောင်းတို့မှ အင်္ဂလိပ်အလိုတော်ရိ ကျွန်စိတ်ရှိသည်ဟူသော အမှတ်တစ်ချက်တည်းနှင့် ခင်နှင်းက မစဉ်းစားတော့။ ထွန်းတောက်ကိုမူ အဖြေမပေးသေးသော်လည်း စဉ်းစားနေခဲ့သည်။ ထို့အတူ ခင်ဝင်းလှိုင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းနိုင်ကို အဖြေမပေးသေးဘဲ စဉ်းစားနေဆဲပင်ဖြစ်သည်။ မိဘတွေ၏ စီးပွားရေးမှာ ဝင်းသောင်းနှင့် မလွတ်ကင်းသေးသဖြင့် အချိန်ဆွဲနေခဲ့ကြခြင်းလည်းဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ဖက်ကမူ သေချာပေါက်တွက်ထားခဲ့ကြပြီးဖြစ်သည်။ တစ်ရွာလုံးကလည်း ထွန်းတောက်နှင့် ခင်နှင်းလှိုင်၊ ဝင်းနိုင်နှင့် ခင်ဝင်းလှိုင်တို့ချစ်နေခဲ့ကြပြီဟု ပင်တွေးထင်နေခဲ့ကြသည်။ ထို့ကြောင့် ထွန်းတောက်တို့ လုပ်ကြံခံခဲ့ရခြင်းမှာ ဝင်းသောင်း၏ပယောဂမကင်းဟု တွေးထင်နေခဲ့ကြခြင်းဖြစ်သည်။

ယခုလည်း ဝင်းသောင်းက ထွန်းတောက်ကိုလုပ်ကြံခဲ့ရမှုမှာ သူနှင့်မပတ်သက်ကြောင်း လှည့်ပတ်ပြောဆိုနေပြီး သေရွာကပြန်လာကြမည့် ထွန်းတောက်တို့ကို အကြံသမားတွေက တင်ဆောင်တို့၏ ဓစ္စည်းဥစ္စာတွေကို လုပ်ကြံရယူသူတွေအဖြစ် တင်ဆောင်တို့နှင့် ရန်တိုက်ပေးနေခဲ့ပြန်သည်။ ထို့ကြောင့် သူကြီးဦးလှကျော်နှင့် ကျေးရွာအကြီးအကဲတွေမှာ ဝင်းသောင်းကို ဆန့်ကျင်ပြောဆိုခြင်းမပြုလိုသဖြင့် ငြိမ်သက်နေခဲ့ကြသည်။

အားလုံးက ငြိမ်သက်နေသဖြင့် ဝင်းသောင်းက ပြောလိုက်ပြန်သည်။

"ဒါကြောင့် တကယ်လို့ ထွန်းတောက်တို့ ပြန်လာခဲ့ကြမယ်ဆိုရင် ဒီကောင်တွေဟာ အကြံသမားတွေပဲဖြစ်မယ်။ သူတို့တစ်တွေ အကြံသမားတွေဖြစ်ကြောင်းတော့ သက်သေပြစရာမရှိသေးလို့ အရေးယူလို့လည်း မရနိုင်ဘူး။ ကျွန်တော်တို့ လုပ်စရာတစ်ခုရှိတယ်။ ဒီကောင်တွေကို လက်မခံဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

တင်ဆောင်က ကန့်ကွက်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းက ဘဝင်မကျစွာ ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဒီရွာမှာ သူတို့အမေရှိနေတယ်လေကွာ။ နောက်ပြီး ဒီရွာကလည်း သူ့ရွာ၊ သူ့ရွာမှာရှိတဲ့ သူတို့အမေဆီကို သူတို့လာကြတာပဲ လက်မခံလို့ ဘယ်ဖြစ်မလဲ"

ဝင်းသောင်းနှင့် တင်ဆောင်တို့ အတိုက်အခံဖြစ်နေကြသဖြင့် သူကြီးဦးလှကျော်က ဝင်ရောက်ပြောဆိုလိုက်သည်။

"မင်းတို့က ဝင်းနိုင်နဲ့ ထွန်းတောက်တို့ကို လူကိုယ်တိုင်အကောင်အထည်ကြီးနဲ့ ပြန်လာမယ်အထင်နဲ့ ပြောနေကြတာပဲ။ သူတို့နှစ်ယောက်က သေသွားခဲ့ကြပြီလေကွာ။ အကောင်အထည်ကြီးနဲ့ ဘယ်လိုလုပ်ပြန်လာနိုင်ကြတော့မှာလဲ။ အမှန်တကယ်လာခဲ့ကြမယ်ဆိုရင်တောင် ဝိညာဉ်သရဲဘဝနဲ့ပဲ လာနိုင်ကြမှာ။ ဝိညာဉ်ဆိုတာလူတိုင်းမြင်နိုင်ကြတာမှ မဟုတ်တာ။ မြင်ရတဲ့သူက မြင်နေရပြီး မမြင်ရတဲ့လူက မမြင်ရဘူး"

ထို့ကြောင့် ဦးရွှေတင်နှင့် ဦးစောဝေတို့က ထောက်ခံပြောဆိုလိုက်ကြပြန်သည်။

"ဟုတ်တယ်. . . နှစ်ယောက်အတူတူလာနေတာတောင် တစ်ယောက်ကမြင်ရပြီး တစ်ယောက်က မမြင်ရဘူး။ ကျွန်တော်တောင် ကိုယ်တိုင်ကြုံခဲ့ဖူးခဲ့တာ"

"ဟုတ်တယ် ထွန်းတောက်တို့ညီအစ်ကိုပြန်လာပြီး သူတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရန်သူတွေကိုလက်စားချေကြမယ်ဆိုရင် ဝိညာဉ်ဘဝ သရဲဘဝနဲ့ပဲ လာကြမှာ။ လူ့ဘဝနဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

ဤတွင်-

ဦးကျော်သောင်းက ပြောလိုက်သည်။

“ကျွန်တော်ကတော့ သရဲ၊ တစ္ဆေဆိုတာ လုံးဝကိုမယုံဘူး။ ဒါကြောင့် ဒီကောင်နှစ်ကောင် လူ့ဘဝနဲ့ပဲဖြစ်ဖြစ်၊ ဝိညာဉ်ဘဝ၊ သရဲဘဝနဲ့ပဲဖြစ်ဖြစ် ပြန်လာမယ်ဆိုတာ လုံးဝမယုံဘူး။ သေသောသူသုသာန်က ပြန်လာမယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီကိစ္စမှာ ကြံစည်မှုတွေရှိနေလိမ့်မယ်။ စောစောက ဝင်းသောင်းပြောသလို လည်းမဖြစ်နိုင်ဘူး”

“ဘာဖြစ်လို့လဲ”

“ထွန်းတောက်နဲ့ ဝင်းသောင်းတို့ လူအဖြစ်နဲ့ပြန်လာပြီး ကျွန်တော်တို့ဆီက အမွေတွေခွဲယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်နှစ်ကောင် လူအဖြစ်နဲ့ပြန်လာရင် အယောင်ဆောင်မှုနဲ့ ဖမ်းလိုက်ရုံပဲ။ ပြန်လာမယ့်ကောင်တွေက အကြံသမားတွေဆိုတော့ ဒီလောက်တော့ တွေးမိကြမှာပဲ။ ဒါကြောင့် လူ့ဘဝအကောင်အထည်နဲ့တော့ လာကြမှာမဟုတ်ဘူး။ အကြံအစည်တစ်ခုခုကြောင့် တမင်သက်သက်ချောက်ခြားအောင် သတင်းလွှင့်တာပဲဖြစ်မယ်”

“တမင်သက်သက် သတင်းလွှင့်ခဲ့တာတော့ မဖြစ်နိုင်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ ခြောက်လွှတ်လိုက်တဲ့ ထိုးချစ်၊ မြမောင်နဲ့ စံလှတို့ ကံကောင်းလို့မသေခဲ့ကြရတာ။ နောက်ပြီး ဒေါ်မြတင်ကလည်း ထွန်းတောက်တို့ သေပြီး မကြာခင်မှာ ရူးသွပ်

www.burmeseclassic.com



သွားခဲ့ပြီး သူ့သားနှစ်ယောက်ကို လေးလပြည့်တဲ့နေ့မှာ ပြန်လာခဲ့ဖို့ နေ့တိုင်းသချိုင်းမှာ သွားသွားပြောနေတာ။ အခု လေးလပြည့်ဖို့ တစ်တစ်အလိုမှာ ကိုချစ်တို့သုံးယောက် အခြောက်ခံခဲ့ရတာ။ လွန်ခဲ့တဲ့ လေးလက အရှုးဒေါ်မြတင်ပြောခဲ့သလို အခုစပြီးဖြစ်လာခဲ့တာ။ သက်သက်တစ်ဦးတစ်ယောက်က လုပ်ကြံသတင်းလွှင့်နေတာမဟုတ်ဘူး။ တကယ်ဖြစ်လာနေတာ"

သူကြီးက ရှည်လျားစွာ ရှင်းလင်းပြောပြလိုက်သည်။ ထို့ကြောင့် ဦးစောဝေက ဝင်ပြောလိုက်သည်။

"ကျွန်တော့် သဘောကတော့ ဒီကိစ္စကိုခေါင်းရှုပ်ခံပြီး စဉ်းစားစရာမလိုဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ထွန်းတောက်တို့ ညီအစ်ကိုလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူး။ ပူစရာ ကြောက်စရာလည်း မလိုဘူး။ လူ့ဘဝနဲ့ပဲလာလာ၊ သရဲဘဝနဲ့ပဲလာလာ။ သူတို့လာမှာက သူတို့ရန်သူကို လက်စားချေဖို့လာခဲ့ကြမှာ။ ကျွန်တော်တို့က သူတို့ရန်သူ၊ သူတို့ကို လုပ်ကြံသူတွေမှ မဟုတ်ကြတာပဲ။ ဘာမှ စိုးရိမ်စရာ အကြောင်းမရှိပါဘူး"

ဦးစောဝေ၏စကားကြောင့် ဦးကျော်သောင်းတို့သားအဖနှင့် ဦးလှမော်တို့ သားအဖဒေါသဖြစ်သွားခဲ့ကြရတော့သည်။ ထို့ကြောင့် ဦးကျော်သောင်းက လေသံမာမာနှင့် ပြန်ပြောလိုက်သည်။

ဦးစောဝေစကားကို ခြင်ခြင်ဆင်ဆင်ပြောပါ။ ခင်ဗျား စကားက ထွန်းတောက်နဲ့ ဝင်းနိုင်ကို ကျုပ်တို့က လုပ်ကြံခဲ့ကြလို့ စိုးရိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်နေပြီ။ ကျုပ်က ခင်ဗျားတို့ ရွာအတွက် စိုးရိမ်လို့ အခုလို ပြောနေရတာ။ ဒီကိစ္စက တစ်ရွာလုံး သွေးပျက်ချောက်ချားရမယ့်ကိစ္စ၊ အကြံသမားက ဘာလုပ်ချင်လို့ ဒီလိုဇာတ်လမ်းဆင်နေတယ် မသိဘူး။ မသိပေမယ့် တစ်ခုခုကြောင့်ဆိုတာတော့ သေချာတယ်။ ဒါကြောင့် ကျုပ်က မနေနိုင်လို့ ဝင်ပါနေခဲ့ရတာ။ ကျုပ်ဒီကိုလာတာ ဒီကိစ္စအတွက် မဟုတ်ဘူး။ ကျုပ်သားနဲ့ ခင်ဗျားသမီးကိစ္စအတွက် လာတာ။ ခင်ဗျားတို့ဖက်က သဘောတူရင် ဆက်ပြီးလုပ်ကိုင် ဆောင်ရွယ်မယ်။ သဘောမတူရင် ပြန်မယ်။ ဒါပဲရှိတယ်။ ခင်ဗျား ကျုပ်စေတနာကို မစော်ကားနဲ့"

ထို့ကြောင့်

ဦးလူမော်ကလည်း စိတ်ဆိုးမာန်ဆိုးပြောလိုက်ပြန်သည်။

"ဒီမှာ ဦးစောဝေ. . . ကျုပ်တို့က ထွန်းတောက်တို့ လုပ်ကြံခံရမှာကြောက်ပြီး ပြောနေကြတာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့လိုပဲ ကျုပ်တို့ သားအဖလည်း ကြောက်စရာအကြောင်း ဘာတစ်ခုမှမရှိဘူး။ သူတို့ကို ကျုပ်တို့ လုပ်ကြံခဲ့ကြတာမှ မဟုတ်တာပဲ။ ဒါပေမဲ့ ခင်ဗျားတို့ တစ်ရွာလုံး ကျုပ်တို့ သားအဖအပေါ် သံသယဖြစ်နေကြတာ ကျုပ်တို့ သိတာပေါ့။ ကျုပ်သားဝင်းသောင်းက ဦးရွှေတင်ရဲ့ သမီး ခင်နှင်းလှိုင်နဲ့ ပတ်သက်ပြီး ကျုပ်တို့က ထွန်းတောက်တို့ကို ရှင်းပစ်ခဲ့တာလို့ ခင်ဗျားတို့ တစ်ရွာလုံးထင်နေခဲ့ကြတာ။ ကျုပ်တို့ကို မပြောရဲလို့ မပြောဘဲ နေနေကြရတာ ကျုပ်တို့သိတာပေါ့။ ကျုပ်တို့ကလည်း အဲဒီတရားခံကို ပေါ်စေချင်လို့ နောက်ပြီးရွာမှာ တစ်ခုခုဖြစ်မှာစိုးလို့ အခုလို တိုင်ပင်ပြောဆိုနေကြရတာ။ ဒီမှာ ကျုပ်ခင်ဗျားတို့ တစ်ရွာ

www.burmeseclassic.com

www.burmeseclassic.com



လုံးကို စိန်ခေါ်တယ်။ ကျုပ်တို့ သားအဖက ထွန်းတောက်တို့ကို လုပ်ကြံခဲ့တယ်လို့ သံသယရှိနေရင် ဒီအမှုကို ရဲရဲတင်းတင်း ဖော်ထုတ်ကြ၊ စုံစမ်းကြ။ ကျုပ်တို့ သားအဖ ဖြေရှင်းဖို့ အဆင်သင့်ပဲ"

ဦးကျော်သောင်းတို့ သားအဖနှင့် ဦးလူမော်တို့ သားအဖ တစ်တွေ၏ မောက်မာပြောဆိုနေမှုတွေကို ဘဝမကျနိုင်ခဲ့ကြသော်လည်း ဆန့်ကျင်ပြောဆိုနိုင်စွမ်းမရှိ။ ကိုယ်က မရိုးတော့ သူများကို သူခိုးထင်နေသူတွေကို ပြောလို့လည်း ရနိုင်မည်မဟုတ်။ အခြေအနေတွေကလည်း ကိုယ့်ဖက်မှာ ဘာအားကိုးမှုမရှိ။ ငွေရှိသူ၊ ဂုဏ်ကြီးသူ၊ တန်ခိုးကြီးနေသူတွေကို ယှဉ်ပြိုင်လျှင် ကျောက်တုံးကို ဘဲဥနှင့် ကိုင်ထုသလို ကိုယ်သာလျှင် ကြေမွပျက်စီးသွားပေလိမ့်မည်။ ထို့ကြောင့် ဘာမှပြန်မပြောကြတော့။

ဘယ်သူမှ ဘာမှမပြောကြသဖြင့် ဦးကျော်သောင်းက ပြောလိုက်သည်။

"ခင်ဗျားတို့ကို ကျွန်တော်ပြောမယ်။ ကျွန်တော့်တူ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့အမှုကို မရရအောင် ဖော်ထုတ်မယ်။ ဒီအမှုမပေါ်မချင်း ကျွန်တော်တို့သားအဖ ဒီရွာထ မပြန်ဘူး။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ဖော်ထုတ်မယ်။ ခင်ဗျား တို့လည်း ခင်ဗျားတို့နည်း ခင်ဗျားတို့ဟန်နဲ့ ဖော်ထုတ်ကြပါ။ ထွန်း တောက်တို့ကို ဘယ်သူလုပ်ကြံတယ်ဆိုတာ မကြာခင် သိလာကြ မယ်။ တစ်ခုတော့ရှိတယ်။ ကျုပ်အစီအစဉ်တွေကိုတော့ နှောင့်ယှ မယ်မကြံနဲ့ ကျွန်တော်က သည်းခံမှာမဟုတ်ဘူး"

ဦးကျော်သောင်းနှင့် ဦးလူမော်တို့ သားအဖတစ်ချ

www.burmeseclassic.com

www.burmeseclassic.com



သဘောထားပြောင်းသွားခဲ့ကြပြီဖြစ်သည်။ ဒီလူတွေမှာ အတွေးခေါင်းသူမတွေမဟုတ်။ အများသူငါထက်ပင် တွေးတတ်မြင်တတ်နေသူတွေဖြစ်သည်။ ဦးစောဝေ၏ ပြောစကားကို သူတို့ သိရှိနေခဲ့ကြမည်မှာသေချာသည်။ သိရှိနေကြသော်လည်း သူတို့တွင် အကြောင်းတစ်ခုခုရှိနေသဖြင့် လိုချင်သလို အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြခြင်းသာဖြစ်မည်။ သူတို့အစီအစဉ်တွေကိုလည်း အနှောင့်အယှက်မပြုရန် ခြိမ်းခြောက်ပြောဆိုသွားခဲ့သဖြင့် အကြံအစည်တစ်ခုကြောင့် ဇာတ်လမ်းဆင်သွားခဲ့သည်မှာ သေချာသည်။ သူတို့ဘာတွေကြံစည်လုပ်ကိုင်ကြဦးမည်မသိ။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ လုပ်ကြံခံရမှုကို တစ်ယောက်ယောက်အပေါ် အပြစ်ပုံချရန် ဇာတ်လမ်းဆင်နေခြင်းလည်းဖြစ်နိုင်သည်။ အင်္ဂလိပ်အလိုတော်ရိ၊ ကျွန်စိတ်ပေါက်နေသူတွေရဲ့ အကျင့်စရိုက်အတိုင်း တစ်ယောက်ယောက်ကို အမှုဆင်ကာ တရားခံအဖြစ်၊ မားစားခံအဖြစ် ဖော်ထုတ်လာနိုင်သည်။

ထို့ကြောင့်

သူကြီးဦးလှကျော်၊ အဘိုးလှ၊ ဦးစောဝေနှင့် ဦးရွှေတင်တို့မှာ ဦးကျော်သောင်းတို့သားအဖကို အထင်ကြီးလေးစားနေခဲ့ကြရာမှ ဖွတ်ထွက်မှ တောင်ပို့မှန်းသိလာခဲ့ကြရသဖြင့် စိုးရိမ်သောကဖြစ်နေခဲ့ကြရလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာစပြီ

ဦးကျော်သောင်းတို့ သားအဖနှင့် ဦးလူမော်တို့သားအဖမှာ လဗတစ်ပင်ကျေးရွာအပေါ် စိတ်ဆိုးဒေါသဖြစ်နေခဲ့ကြကြောင်းနှင့် ဦးကျော်သောင်း၊ ဦးလူမော်တို့ သားအဖနှင့် သူကြီးဦးလှကျော်၊ ဦးစောဝေ၊ ဦးရွှေတင်၊ အဘိုးလှဆို့ သေသောသူသူသာန်မှပြန်လာမည် ဆိုသော ကိစ္စကို တိုင်ပင်ဆွေးနွေးနေကြစဉ် သဘောပေါက်လွဲကာ လမ်းခွဲသွားခဲ့ကြသည်။ သတင်းမှာ ချက်ချင်းပြန့်နှံ့သွားခဲ့သဖြင့် တစ်ရွာလုံး စိုးရိမ်သောက ဖြစ်သွားခဲ့ကြရတော့သည်။ အင်္ဂလိပ် အလိုတော်ရိမျှားမှာ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ပြုလုပ် လေ့ရှိကြသဖြင့် ဦးကျော်သောင်းတို့၏ ဇာတ်လမ်းဆင်တရားခံလုပ် ခံရမည်ကိုလည်း စိုးရိမ်ထိတ်လန့်နေခဲ့ကြတော့သည်။

ဦးကျော်သောင်းတို့ သားအဖမှာ ဦးလူမော်၏အိမ်မှာပင် တည်းခိုနေခဲ့ကြသဖြင့် ပို၍ပင် စိုးရိမ်သောကဖြစ်နေခဲ့ကြရတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်-

သေသောသူတွေ သုသာန်မှ ပြန်လာရန် တစ်ရက်သာလိုတော့သည်။ မနက်ဖြန်ဆိုလျှင် ထွန်းတောက်တို့ ညီအစ်ကို သူ့အမေဆီကို ပြန်လာကြပေတော့မည်။ ထွန်းတောက်တို့ ညီအစ်ကိုမှာ လူသားအဖြစ်နှင့် ပြန်လာကြမှာလား။ ဝိညာဉ်အဖြစ်နှင့် ပြန်လာကြမှာလား။ ထွန်းတောက်တို့ညီအစ်ကို ပြန်ရောက်လာခဲ့လျှင် ဦးကျော်သောင်းနှင့် ဦးလူမော်တို့သားအဖက ဘယ်ပုံဘယ်နည်းလှုပ်ရှား တုန့်ပြန်ကြမှာလဲ။

ထွန်းတောက်တို့ ညီအစ်ကိုက သူ့ကို ရန်သူအဖြစ် ဘယ်လိုလက်စားချေကြမှာလဲ။ ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ကလည်း တမလွန်လူသား ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို ဘယ်လိုဆက်ဆံကြမှာလဲ။ ထွန်းတောက်တို့ ညီအစ်ကိုလုပ်ကြံသတ်ဖြတ်ခဲ့တာ ဘယ်သူတွေလဲ။ ဘာ့ကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြရတာလဲ။ ဦးကျော်သောင်းတို့ သားအဖပူးပေါင်းလုပ်ကြံခဲ့ကြတာလား။ ဦးကျော်သောင်းနှင့် ဦးလူမော်တို့ သားအဖကတော့ သူဖို့ကိုယ် သူတို့ တရားခံအဖြစ်ခံကြမည်မဟုတ်။ ဒီလိုဆို ဘယ်သူတွေကို ဓားစားခံ၊ တရားခံလုပ်ကြမှာလဲ။ လဗတစ်ပင်ရွာသူရွာသားများမှာ 'လား. . 'ပေါင်းများစွာနှင့် စိတ်ဝင်စားနေကြသည်။ စိတ်ဝင်စားနေခဲ့ကြသော်လည်း ထွန်းတောက်နှင့် ဝင်းနိုင်တို့ ဝိညာဉ်ဘဝနှင့် ပြန်လာကြမှာကိုတော့ စိုးရိမ်ထိတ်လန့်နေခဲ့ကြသည်။ လုပ်ကြံသူတွေမဟုတ်သဖြင့် စိုးရိမ်ကြောက်လန့်ရန် မလိုသော်လည်း သရဲ တစ္ဆေဖြစ်နေသဖြင့် ကြောက်လန့်နေခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်-

ညနေမိုးချုပ်လာသည်နှင့် လဗတစ်ပင်ရွာကလေးမှာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ မနက်ဖြန်တွင် သေသောသူတွေ သုသာန်မှ ပြန်လာကြတော့မည်ဖြစ်သဖြင့် ယနေ့ညတွင် ထူးခြားမှုတစ်ခုခုဖြစ်နိုင်သည်ဟူသော အတွေးကြောင့် မိုးချုပ်စပြုသည်နှင့် နေအိမ်တွေ တံခါးပိတ်နေခဲ့ကြတော့သည်။ ထို့ကြောင့် ယခင်ညတွေထက်ပင် ပို၍ တိတ်ဆိတ်ငြိမ်သက်နေခဲ့ခြင်းဖြစ်သည်။

ထိုစဉ်-

သချိုင်းဇရပ်ဆီမှ လူနှစ်ယောက်လျှောက်လာနေခဲ့သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ပင်ဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ ရွာထိပ်သို့ ရောက်သည်နှင့် ခြေစုံရပ်လိုက်ကြသည်။ ဖိနပ်တွေကို ချွတ်လိုက်ကြသည်။ မတ်တပ်အနေအထားနှင့်ပင် လက်အုပ်ချီကာ တိုင်တည်ပြောဆိုလိုက်ကြသည်။

"ဘိုးတော်ရုက္ခစိုးနတ်မင်းကြီးနဲ့ ဘဘဆရာကြီးတို့၏ စေခိုင်းမှုအရ ကျွန်တော်တို့ ညီအစ်ကို လဗတစ်ပင်ရွာထဲသို့ ဝင်ကြပါတော့မည်။ ဘိုးတော်ရုက္ခစိုးနှင့် အဘဆရာကြီးတို့ရဲ့ ဆုံးမသြဝါဒများကို နားထဲမှာ အမြဲကြားယောင်နေပါမည်။ စောင့်ရှောက်တော်မူကြပါ။ ဤရွာနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်အပေါင်းကိုလည်း အနှောင့်အယှက်မပြုကြရန်၊ ဘိုးတော်ရုက္ခစိုးနှင့် အဘဆရာကြီးတို့က မေတ္တာရပ်ခံပေးကြပါ"

ထို့နောက်-

ဝင်းနိုင်နှင့် ထွန်းတောက်တို့က ရွာဆီသို့ လှမ်းတစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်တန်းက ရေရွတ်ပြောဆိုလိုက်ကြပြန်သည်။

"အို. . . ဒီရွာ ဒီဒေသနှင့် ပတ်သက်သော ပုဂ္ဂိုလ်အပေါင်းတို့ . . . ငါတို့သည် ဘိုးတော်ရကွစိုးနတ်မင်းနှင့် အဘဆရာကြီးတို့၏ စေခိုင်းမှုအရ ဒီရွာကိုရောက်လာခဲ့ကြရခြင်းဖြစ်သည်။ ထို့ကြောင့် ငါတို့အား အနှောင့်အယှက်မပြုကြရန်နှင့် ကူညီမှုပေးကြပါရန် မေတ္တာရပ်ခံပါတယ်"

ထို့နောက်-

"ဟုတ်တယ်. . . ကျွန်တော်လည်း အခုလို ကျွေးတာစားခိုင်းတာလုပ်နေရတဲ့ ဒီဘဝကို တော်တော်စိတ်ပျက်နေပြီ။ လုပ်တောင်မလုပ်ချင်တော့ဘူး"

"ငါလည်း စိတ်ပျက်နေတာပါပဲကွာ။ ဒါပေမဲ့ မင်းနဲ့ငါဒီလိုမှ မလုပ်ရင်လည်း ဒီလိုဘဝဆိုးဝဋ်ဒုက္ခက မကျွတ်မလွတ်ဖြစ်ရုံတင်မကဘူး ငရဲကိုတောင်မှ ရောက်သွားနိုင်တယ်"

"ဟုတ်ပါတယ်လေ။ အခုလည်း ကျွန်တော်တို့ ဒီလိုဘဝကကျွတ်အောင် လွတ်အောင်ကြိုးစားနေခဲ့ကြတာပဲ မဟုတ်လား။ ဒီဘဝက လွတ်ရင်တော့ ကောင်းရာမွန်ရာကိုရောက်ကြရမှာပါ။ ဒီတော့ ကျွန်တော်တို့ လုပ်ချင်လည်း လုပ်ရမှာပဲ။ မလုပ်ချင်လည်း လုပ်ကြရမှာပဲလေ"

"အေးလေ. . . ဒီလိုလုပ်မှလည်း ကောင်းရာမွန်ရာကိုရောက်ကြရမှာဆိုတော့ မလုပ်ချင်လည်း လုပ်ကြရမှာပေါ့လေ"

"ကဲ. . . ဒါဆိုရင် ကျွန်တော်က ခင်ဝင်းလှိုင်ဆီသွားမယ်"

"မင်းက ခင်ဝင်းလှိုင်ဆီသွားရင် ငါက ခင်နှင်းလှိုင်ဆီကို

www.burmeseclassic.com

www.burmeseclassic.com



သွားရမှာပေါ့"

"ဒါပေါ့"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်"

"ဘာလဲ"

"ကောင်းရာမွန်ရာရောက်ဖို့အတွက် ကျွန်တော်တို့ နှစ်ယောက် ပေးခဲ့ရတဲ့ ကတိတွေကို မေ့လို့မဖြစ်ဘူးနော်"

"ငါသိပါတယ်ကွာ။ တို့တစ်တွေ သစ္စာတွေဆိုခဲ့ရတာပဲ။ ဒီသစ္စာကတိတွေပျက်ရင် ဒီဘဝက မကျွတ်မလွတ်တဲ့အပြင် တစ်ခါတည်း ငရဲကိုတန်းသွားရမှာ"

"ဟဲ့. . . ဒါဆိုလည်း သွားကြစို့"

ထို့နောက်-

ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ ဦးစိန်မြင့်၏အိမ်ရှေ့မှာပင် လမ်းခွဲခဲ့ကြတော့သည်။ ထွန်းတောက်မှာ ခင်နှင်းလှိုင်တို့ အိမ်ဆီသို့ လျှောက်လာခဲ့ပြီး ဝင်းနိုင်မှာ ခင်ဝင်းလှိုင်တို့ အိမ်ဆီသို့ သွားခဲ့ကြသည်။

ထို့ကြောင့်-

ဆရာကြီးဦးစိန်မြင့်က တံခါးကို အသာအယာဖွင့်လိုက်သည်။ နေအိမ်မှာ လမ်းနှင့် ကပ်နေသဖြင့် ထွန်းတောက်တို့ ညီအစ်ကို ပြောဆိုနေသည်ကို ဆရာကြီးဦးစိန်မြင့် အားလုံးကြားသိနေခဲ့ရသည်။

"အိမ်သားတွေကို နှိုးသွားရင်ကောင်းမလား၊ မနှိုးတော့ပါဘူးလေ။ တော်တော်ကြာ သူတို့သိရင် ကြောက်နေကြဦးမယ်။ အဘိုးလှဆီကိုလည်း မသွားတော့ဘူး။ အဘိုးလှအိမ်က ဦးရွှေအောင်တို့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



နားမှာ။ အဘိုးလှကလည်း ညဖက်ဆို သိပ်အိပ်တာမဟုတ်ဘူး။ ဒီလို အချိန်ဆိုရင် ပူအိုက်တာနဲ့ ကုလားထိုင်တစ်လုံးနဲ့ အိမ်အပြင်မှာ ထွက်ထိုင်နေမှာ သေချာတယ်။ ဒီတော့ ခင်နှင်းလှိုင်တို့အိမ်ကို ကိုထွန်းတောက်လာတာကို မြင်မှာပဲ။ မြင်ရင်တော့ နေမှာမဟုတ်ဘူး။ အခြေအနေကို တစေ့တစောင်းကြည့်မှာပဲ။ သူကြီးအိမ်နဲ့ကလည်း နီးနေတော့ သူကြီးလည်း သိနိုင်တယ်။ ဒီတော့ ငါက ဒီပတ်ဝန်းကျင်က လူတွေကို နှိုးပြီး ဝင်းနိုင်နောက်ကို လိုက်ကြည့်မယ်"

ထို့ကြောင့်-

ဆရာဦးစိန်မြင့်မှာ ပတ်ဝန်းကျင်မှ လူတွေကို လိုက်လံနှိုးခေါ်နေခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# သွေးပျက်ခဲ့ရ ထိုတစ်ည

"အု. . . အု. . အူး. . . အူး"

"ဝေါ. . . ဝုတ်. . . ဝုတ်. . ဝေါင်း"

"ဘုရား. . . ဘုရား၊ ထွန်းတောက်တို့များ ရွာထဲဝင်လာကြပြီလားမသိဘူး။ မနက်ဖြန်ဆိုရင် သူတို့ပြောတဲ့ လေးလပြည့်ပြီ။ သူတို့က ဘယ်လိုပုံစံနဲ့ ပြန်လာကြမှာလဲ။ ငါ့ဆီကိုလာရင်တော့ ဒုက္ခပဲ"

ခွေးဟောင်သံတွေ၊ ခွေးအူသံတွေ ဆူညံနေသဖြင့် ခင်နှင်းလှိုင် ကြောက်လန့်နေခဲ့မိသည်။ မနက်ဖြန်တွင် ထွန်းတောက်တို့သူ့အမေဆီကို ပြန်လာမည်ဆိုသဖြင့် ပို၍ပင် ကြောက်လန့်နေမိခဲ့သည်။ ထို့အပြင် ထွန်းတောက်မှာ ခင်နှင်းလှိုင်ကို ချစ်ရေးဆိုနေစဉ်မှာပင် သေဆုံးသွားခဲ့ခြင်းဖြစ်သဖြင့် ပို၍ပင် ကြောက်လန့်နေမိခဲ့တော့သည်။

လဗတစ်ပင်ရွာတွင် ခင်နှင်းလှိုင်ကို ချစ်ခင်စွဲလမ်းနေသူလူငယ်ကာလသား များစွာရှိနေခဲ့သော်လည်း ဖွင့်ဟပြောဆိုလာသူ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသာရှိခဲ့သည်။ ထွန်းတောက်နှင့် ဝင်းသောင်းတို့ဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းသောင်းတို့မှာ မိန်းကလေးတစ်ယောက်အတွက် အားကိုးလောက်သည်။ အရည်အသွေးတွေရှိနေကြသော်လည်း နှစ်ယောက်စလုံးမှာ ပြစ်ချက်မကင်း။ ဝင်းသောင်းမှာ ရုပ်ရည်ရှိသည်။ ပညာရှိသည်။ လုပ်ရည်ကိုင်ရည် အရည်အချင်းအပြည့်ရှိသည်။ ရုပ်ရေးရွာရေး လူမှုရေးကိစ္စတွင် လိုလေသေးမရှိ ပြီးပြည့်စုံသည်။ သို့သော် အင်္ဂလိပ်အစိုးရကို အလွန်အထင်ကြီးသူဖြစ်သည်။ မျက်နှာချိုသွေးလွန်းသည်။ ကျွန်စိတ်ပေါက်နေသော အင်္ဂလိပ်အလိုတော်ရိတစ်ယောက်ဖြစ်သည်။ ဒီတစ်ချက်တည်းနှင့် ဝင်းသောင်း၏ ကောင်းကွက်တွေ မှေးမှိန်သွားခဲ့ရသည်။ ခင်နှင်းလှိုင်ကလည်း ဒီတစ်ချက်တည်းနှင့်ပင် ဝင်းသောင်း၏အချစ်မေတ္တာကို ပယ်ချခဲ့သည်။

ထွန်းတောက်မှာလည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ထွန်းတောက်၏ ပြစ်ချက်များမှာ လျှို့ဝှက်လွန်းသည်။ ရွှေပြည်မြို့ ဦးလူလှ၏ လူယုံတော်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြသော်လည်း ဘာတွေဘယ်လိုလုပ်နေကြသည်ကို မေးမရ။ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ မေးသည်တိုင်ပင် မပြောခဲ့။ ထို့ကြောင့် ထွန်းတောက်တို့ ညီအစ်ကို လုပ်ကိုင်နေခဲ့ကြသည်မှာ ဒုစရိုက်လုပ်ငန်းတွေများလားဟုပင် စိတ်တွေးထင်နေခဲ့ကြသည်။ သို့သော် ဝင်းသောင်းတို့ သားအဖက ထိုကဲ့သို့ တွေးထင်သွားခဲ့ကြပါက ထွန်းတောက်တို့ ညီအစ်ကိုမှာ အန္တရာယ်ရှိလာမည်ဖြစ်၍ ဘယ်သူ့ကမှ မပြောကြ။ ခင်နှင်းလှိုင်ကလည်း အဲဒီအချက်ကိုင် သဘောမကျ။ ထွန်းတောက်က ချစ်လှပါသည်ဆိုသော ခင်နှင်းလှိုင်တိုင်ပင် မယုံကြည်နိုင်ဟု ခင်နှင်းလှိုင်က တွေးထင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပေါ်ကို မယုံမကြည်ဖြစ်နေသူ အယုံအကြည်ကင်းမဲ့နေသူကို အားကိုးဖို့ မေတ္တာမျှဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ ထို့ကြောင့် ထွန်းတောက်ကို အဖြေမပေးခဲ့။ စဉ်းစားနေဆဲပင် ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်ချက်တွေသာ မရှိခဲ့လျှင် ဝင်းသောင်းရော၊ ထွန်းတောက်ပါ ခင်နှင်းလှိုင်၏ဖူးစာဖက်တွေဖြစ်လာမည်မှာ မလွဲပေ။ ဝင်းသောင်းက ထွန်းတောက်အရင်ပင် ချစ်ရေးဆိုခဲ့သဖြင့် ဝင်းသောင်းသာ ခင်နှင်းလှိုင်၏ဖူးစာရှင်ဖြစ်လာနိုင်ပေသည်။

သို့သော် . . . နယ်ချဲ့အလိုတော်ရိကိုတော့ ဘယ်လိုမှ စဉ်းစားလို့မရနိုင်။ အကယ်၍ ဝင်းသောင်းသာ နယ်ချဲ့အလိုတော်ရိ တစ်ယောက်မဟုတ်ခဲ့လျှင် ထွန်းတောက်မရှိတော့သဖြင့် ဝင်းသောင်းမှာ သေချာပေါက် ခင်နှင်းလှိုင်ကို ရယူပိုင်ဆိုင်ခွင့်ရပေမည်။ အခုတော့ ဝင်းသောင်းမှာ ပထမချစ်တဲ့ ဒုတိယလူနေရာကိုပင် မရနိုင်တော့။ ခင်နှင်းလှိုင်က ပြတ်ပြတ်သားသားပယ်ချခဲ့ပြီးဖြစ်သည်။ ထွန်းတောက်မရှိလဲ ဝင်းသောင်းမှာ ခင်နှင်းလှိုင်ကို မျှော်လင့်ချက်မရှိတော့ပေ။ မရှိသော်လည်း ဝင်းသောင်းက ဇွဲမလျှော့၊ ကြိုးစားနေဆဲပင်ဖြစ်သည်။ ထိုစဉ် ထွန်းတောက်က တစ်ကျော့ တဖန်ပြန်ရောက်လာမည်။ အခြေအနေတွေ ဖြစ်လာခဲ့သည်။ ဒီတော့ ဝင်းသောင်းစိုးရိမ်သောက ဖြစ်သွားခဲ့ရတော့သည်။ တစ်ရွာလုံးမှာလည်း စိုးရိမ်သောကမဖြစ်ခဲ့ကြသော်လည်း ကြောက်လန့်နေခဲ့ကြတော့သည်။ ထို့ကြောင့် ဒီကနေ့ညမှ တစ်ရွာလုံးတိတ်ဆိတ်နေခဲ့ခြင်းဖြစ်သည်။ ခင်နှင်းလှိုင်မှာလည်း စိုးရိမ်သောကဖြစ်နေရသဖြင့် မီးမှုန်အိမ်ကို မှိန်လိုက်ပြီး ကုတင်ပေါ်တွင် **စောင်ကို** ခေါင်းမြီးခြုံပြီးနေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေးဟောင်သံတွေက နေအိမ်နှင့် တစတစနီးလာခဲ့ပြီဖြစ်သည်။ ခင်နှင်းလှိုင် အမှန်တကယ် ကြောက်လန့်နေတော့သည်။

ဒေါ်ဒေါ်ခင်ကို ခေါ်အိပ်ရင် ကောင်းမလား။ အိမ်ပေါ်ထပ်က အဖေတို့ အမေတို့နဲ့ သွားအိမ်ရင် ကောင်းမလား. . .။

ခင်နှင်းလှိုင် စဉ်းစားနေခဲ့သည်။

ထိုစဉ်-

"ချောက်"

"ဟာ. . ."

ပတ်ဝန်းကျင်တစ်ခွင်လုံးမှာ တိတ်ဆိတ်နေသဖြင့် 'ချောက်' ဟူသော အသံကို ပီပီပြင်ပြင်ကြားလိုက်ရသဖြင့် ခင်နှင်းလှိုင် တုန်လှုပ်သွားခဲ့တော့သည်။ ဒီအသံမှာ အိမ်ရှေ့တံခါးဆီမှ သော့ဂလောက်ခွင့်သံဖြစ်ကြောင်း ခင်နှင်းလှိုင် သိရှိနေခဲ့သဖြင့် တုန်လှုပ်သွားခဲ့ရခြင်းဖြစ်သည်။

ထိုစဉ်-

"ရှပ်. . ရှပ်. . . ရှပ်. . . ရှပ်"

"ဘုရား. . . ဘုရား၊ ထွန်းတောက်. . . ထွန်းတောက် များလား။ ဖေဖေနဲ့ မေမေတို့ကို လှမ်းခေါ်လိုက်ရင် ကောင်းမယ်"

လမ်းလျှောက်လာနေသံကို ကြားနေရပြန်သဖြင့် ခင်နှင်းလှိုင် ဘာလုပ်ရမှန်းမသိတော့။ ခြေသံမှာ ခပ်ဖွဖွ လျှောက်လာနေသော်လည်း နားစွင့်နေသော ခင်နှင်းလှိုင် ကျယ်ကျယ်လောင်လောင်ပင် ကြားနေခဲ့ရသည်။ ခြေသံမှာ ခင်နှင်းလှိုင်၏ အိမ်ခန်းဆီသို့ ဦးတည်နေသဖြင့် ခင်နှင်းလှိုင်စောင်ကို ခေါင်းမီးခြုံကာ မျက်လုံးကို စုံမှိတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရသမျှ ဘုရားစာတွေကိုသာ အဆီအငေါ်မတည့်စွာ ရွတ်ဆိုနေခဲ့သည်။

ထိုစဉ်-

"ရှပ်. . . ရှပ်. . ရှပ်. . ရှပ်"

"ဟယ်. . . ငါ့အခန်းထဲကို ဝင်လာပြီး ဒုက္ခပဲ။ ဘုရား. . ဘုရား. . . ငါဘယ်လိုလုပ်ရပါ့မလဲ"

ခြေသံမှာ အခန်းထဲသို့ ဝင်ရောက်လာသဖြင့် ခင်နှင်းလှိုင်အသားများပင် တဆတ်ဆတ်တုန်လာခဲ့ရပြီဖြစ်သည်။ အဖေ၊ အမေနှင့် ဒေါ်ခင်ခင်တို့ကိုလည်း လှမ်းမခေါ်ရဲတော့။ စောင်ကို ခေါင်းမြီးခြုံကာ မျက်လုံးကိုသာစုံမှိတ်ထားပြီး ဘုရားပရိတ်တော်တွေကိုသာ တုန်တုန်ရီရီနှင့် ရွတ်ဖတ်နေခဲ့လေတော့သည်။ ရွတ်ဖတ်နေသော်လည်း အသံကထွက်မလာ။ အသံမထွက်ရဲ၊ စိတ်ထဲမှသာ ထွန်းတောက်ကို အမျှဝေနေမိတော့သည်။

"ထွန်းတောက်ရေ. . . ငါ့ကို မခြောက်ပါနဲ့ဟာ. . . အမျှ အမျှ. . . အမျှ. . . သမ္ဗုဒ္ဓေ. . . ဣတိပိသော"

ခင်နှင်းလှိုင်မှာ တုန်လှုပ်ချောက်ချားနေပြီဖြစ်သည်။ ဘုရားရှိခိုးနှင့် ပရိတ်တော်တွေကိုလည်း ဆိုမိဆိုရာ ဆိုနေခဲ့တော့သည်။

ထိုစဉ်-

"ဟာ. . . မီးလင်းလာပြီ"

ခြင်ထောင်ထဲမှာ စောင်ခြုံပြီးမျက်လုံးမှိတ်ထားသော်လည်း ခြင်ထောင်ပါးပါး စောင်ပါးပါးဖြစ်နေသဖြင့် ခပ်မှိန်မှိန်ထွန်းထားသော မှန်အိမ်မီးရောင် ပိုမိုလင်းလာသည်ကို သိရှိနေရသည်။ ခင်နှင်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာ ပိုမို၍တုန်လှုပ်ခြောက်ခြားသွားရတော့သည်။ မျက်လုံးလည်း ဖွင့်မကြည့်ရဲ။ သရဲထွန်းတောက်မှာ အခန်းထဲသို့ပင် ရောက်နေပြီဖြစ်သဖြင့် အသံလည်းမထွက်ရဲတော့. . . ။

ထိုစဉ်-

"ရှပ်. . ရှပ်. . . ရှပ်. . ရှပ်"

"ဟာ. . . လာနေပြီ၊ ငါ့ဆီကိုလာနေပြီ. . . ဘုရား. . ဘုရား ငါ့ကိုဂုဏ်ချီးသတ်မလို့လား မသိဘူး"

ခြေသံမှာ ကုတင်ဆီသို့ တဖြည်းဖြည်း နီးကပ်လာနေခဲ့သည်။ ကုတင်အနီးတွင် ခြေသံရပ်သွားခဲ့သည်။

"မြတ်စွာဘုရား. . . ကယ်တော်မူကြပါ"

ကုတင်ပေါ်တွင် တစ်စုံတစ်ယောက်ထိုင်လိုက်သည်ကို ခံစားသိရှိလိုက်ရပြီး ခြင်ထောင်ကို ဆွဲယူမနေသည်ကိုလည်း သိရှိနေခဲ့ရပြန်သည်။ ထိုစဉ်-

"ဘုရား. . . ဘုရား. . ဘုရား"

ခြုံထားသောစောင်ကို လာရောက်ဆွဲဖယ်ယူနေသဖြင့် ခင်နှင်းလှိုင်မှာ လိပ်ပြာလွင့်မတတ်ခြောက်ခြားသွားခဲ့ရတော့သည်။

ထိုစဉ်-

"မင်း. . . ကောင်းရာမွန်ရာ ဘဝမကူးချင်ဘူးလား။ မင်းစိတ်ကို မင်းမနိုင်ရင် အခုချက်ချင်း ငရဲကိုရောက်သွားမယ်ဆိုတာ မင်းမသိဘူးလား"

"ဟာ"

နေအိမ်အပြင်ဖက်ဆီမှ ခပ်အုပ်အုပ်မာန်မဲကြိမ်းသံကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရပြီး ခြေသံပိုင်ရှင်၏ 'ဟာ'ခနဲ အသံကိုကြားလိုက်ရပြန်သည်။ ထို့နောက် ခြေသံရှင်၏ စိုးရိမ်ကြောက်လန့်ပြောဆိုသံကို ကြားလိုက်ရပြန်သည်။

"ကျွန်. . . ကျွန်တော်. . . မှား. . . မှား. . . ပါတယ်. . နောက်. . . နောက်. . . ဒါ. . ဒါ. . မျိုး. . မ. . မ. . မဖြစ်စေရပါဘူး. . . ကျွန်. . . ကျွန်တော့်ကို. . အ. . အ. . အပြစ်ပေးပါ"

"ဒီအချိန်က အပြစ်ပေးရမယ့် အချိန်မဟုတ်ဘူး။ နောက်ဒါမျိုးမဖြစ်စေနဲ့"

"ဟုတ်. . . ဟုတ်. . . ဟုတ်ကဲ့"

ဘာတွေလဲ။ ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ။ အသံရှင်တွေကလည်း အခန်းထဲမှ တစ်ယောက်၊ အိမ်အပြင်မှာတစ်ယောက်၊ အခန်းထဲမှ အသံရှင်က အိမ်အပြင်မှ အသံရှင်ကို ကြောက်လန့်နေပုံရသည်။ အခန်းထဲမှ အသံရှင်မှာ ထွန်းတောက်ဆိုလျှင် အပြင်က အသံရှင်မှာ ဘယ်သူလဲ။ ဝင်းနိုင်လား၊ ဝင်းနိုင်တော့ မဖြစ်နိုင်။ ဝင်းနိုင်ဆိုလျှင် ထွန်းတောက်က ဒီလောက်အထိကြောက်နေစရာမလို။ ဒါဆိုရင် အိမ်အပြင်က အသံရှင်ဘယ်သူလဲ။ ထွန်းတောက်ကို ထိန်းချုပ်စေခိုင်းနေသူပင်ဖြစ်မည်။ ထွန်းတောက် လူမဟုတ်၊ သရဲတစ္ဆေ။ ထို့ကြောင့် အိမ်အပြင်မှအသံရှင်မှာလည်း လူမဖြစ်နိုင်။ သရဲတစ္ဆေတစ်ကောင်သာဖြစ်ရပေမည်။ သရဲတစ်ကောင်တည်းကိုပင် သေမလောက်ကြောက်နေခဲ့ရသော ခင်နှင်းလှိုင်မှာ သရဲနှစ်ကောင်ဟုသိလိုက်ရသည်နှင့် သွေးပျက်ချောက်ချားသွားခဲ့ရတော့သည်။

ထိုစဉ်-

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှပ်. . . ရှပ်. . . ရှပ်. . ရှပ်"

ခင်နှင်းလှိုင်မှာ သွေးပျက်ခြောက်ခြားနေရာမှ အံ့ဩသွားခဲ့ရပြန်သည်။ ခြေသံရှင်မှာ ကုတင်ပေါ်မှ ပြန်ဆင်းသွားခဲ့ပြီး မှန်တင်ခုံဆီသို့ သွားနေခဲ့ပြန်သည်။ မှန်တင်ခုံအနီးတွင် ခြေသံရပ်သွားခဲ့သည်။

ထို့နောက်-

မှန်တင်ခုံဆီသို့ မရဲတရဲနှင့် တဖြည်းဖြည်းကြည့်လိုက်ရာ

"အမလေး. . . မြတ်စွာဘုရား"

ထွန်းတောက်ကို မှုန်ဝါးထင်ထင်တွေ့မြင်လိုက်ရသဖြင့် ခင်နှင်းလှိုင်မှာ သွေးပျက်ချောက်ချားစွာ အော်ဟစ်လိုက်သည်။ ထို့နောက် ထွန်းတောက်ကို လက်ညှိုးထိုးကာ မျက်လုံးပြူး မျက်ဆံပြူးနှင့် ထစ်ထစ်ငေါ့ငေါ့ပြောဆိုတော့သည်။

"နင်. . . နင်. . . နင်. . ထွန်း. . ထွန်း. . ထွန်းတောက် ထွန်းတောက်"

ထွန်းတောက်က မှန်တင်ခုံကို ဟန်ပါပါမှီရပ်ကာ ခင်နှင်းလှိုင်ကို ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်. . . ငါထွန်းတောက်ပါ"

"နင်. . နင်. . နင်က. . သေ. . သေ. . . သေပြီ. . ပြီပဲ"

"ဟုတ်တယ်လေ. . . ငါသေပြီးပြီ. . . သေတာတောင်မှ ကောင်းကောင်းမွန်မွန် သေခဲ့ရတာ မဟုတ်ဘူး။ သူများလုပ်ကြံခံခဲ့ရလို့ အစိမ်းသေသေခဲ့ရတာ။ သေပြီးလို့ အခု သုသာန်က ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ"

"နင်. . . နင်. . နင်. . . "

"ငါ့ကို မကြောက်ပါနဲ့ဟာ၊ ငါပြန်လာတာ နင်တို့ကို ဒုက္ခပေးဖို့ ပြန်လာခဲ့တာမဟုတ်ပါဘူး။ ငါတို့ညီအစ်ကို ငါတို့ မိသားစုအပေါ် ရက်စက်လုပ်ကြံခဲ့သူတွေကို လက်စားချေချင်လို့ လက်စားချေရအောင် ပြန်လာခဲ့တာပါ"

"ဒါ. . ဒါ. . ဆို. . နင်. . နင့်ကိုလုပ်. . လုပ်. . . လုပ်ကြံတဲ့သူတွေဆီကိုသွား. . . သွား. . . ငါ့ဆီကို မ. . မ. . မလာနဲ့"

"ငါသွားမှာပါဟာ. . . ဒါပေမဲ့ ငါတို့ကို ဘယ်သူလုပ်ကြံခဲ့တယ်ဆိုတာ မသိရသေးဘူး။ ငါတို့ ညီအစ်ကို ငါ့အမေဆီမှာနေပြီး ငါတို့ကို လုပ်ကြံတာ ဘယ်သူလဲဆိုတာ သိရအောင်စုံစမ်းပြီး လက်စားချေမယ်။ အမေ့ဆီကို မသွားခင် နင့်ကိုဝင်နှုတ်ဆက်တာ။ ဝင်းနိုင်ကလည်း ခင်ဝင်းလှိုင်ဆီကိုသွားပြီ"

"မလာနဲ့. . . ငါ့တို့ဆီကိုမလာနဲ့. . . နင်တို့က သေနေကြပြီ. . မလာကြပါနဲ့"

"ငါတို့က သေခဲ့ကြရပေမယ့် ငါတို့အချစ်တွေက မသေကြသေးဘူးလေဟာ။ ငါတို့ရန်သူကို လက်စားချေပြီးတဲ့နေ့မှာ ဒီရွာကနေ တမလွန်ကို ပြန်သွားကြမှာပါ။ ငါတို့ပြန်ရင် နင်တို့ကိုပါခေါ်သွားမှာ"

"ဟင့်အင်း. . . ဟင့်အင်း. . . မလိုက်ဘူး. . မလိုက်ဘူး"

"ငါတို့ကို အဖြေပေးပါတော့ဟာ. . . နင်တို့က ငါတို့ကို အဖြေပေးမှ နင်တို့ကို ငါတို့က တမလွန်ကိုခေါ်သွားလို့ရမှာ ငါ့ကို နင်ချစ်တယ် မဟုတ်လားဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ဟင့်အင်း. . မချစ်ဘူး. . . မချစ်ဘူး. . မလိုက်ဘူး. . . ငါ. . . ငါ့ကိုမခြောက်ပါနဲ့တော့ ထွန်းတောက်ရယ်၊ ငါ. . . ငါ. . ကြောက်. . . ကြောက်လို့ပါဟာ. . ငါ. . ငါကြောက်. . ကြောက်ပါတယ်. . . ထွန်းတောက်ရယ်"

ခင်နှင်းလှိုင်မှာ တုန်လှုပ်ခြောက်ခြားစွာနှင့် ဤသို့ပြောဆိုနေတော့သည်။ ထို့ကြောင့် ထွန်းတောက်က ပြန်ပြောလိုက်ပြန်သည်။

"နင်မလိုက်လို့မရဘူး ခင်နှင်းလှိုင်၊ နင့်ကို ဝင်းသောင်းရဲ့ ရင်ခွင်ထဲကို ငါအရောက်မခံနိုင်ဘူး။ နင့်ကို ငါ့မထားခဲ့နိုင်ဘူး။ ရအောင်ခေါ်သွားရမှာပဲ။ ဒါကြောင့် နင်ငါ့ကို ချစ်တယ်လို့ အဖြေပေးပါ။ နင်လည်း ငါ့ကိုချစ်ပါတယ်ဟာ"

"မချစ်ဘူး. . . မလိုက်ဘူး. . မချစ်ဘူး. . . နင့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ ငါ့ကိုအယုံအကြည်မရှိတဲ့လူကို ဘယ်တော့မှ မချစ်ဘူး. . . အီး. . ဟီး. . ဟီး"

"နင်မချစ်လို့မရဘူး။ မချစ်ချင်လည်း ချစ်ရမယ်. . ဟာကွာ"

"ဒေါက်. . ဒေါက်. . ဒရောက်. . . ဂေါက်"

ထွန်းတောက်က ခင်နှင်းလှိုင်က မချစ်ဘူးဟုဆိုလိုက်သဖြင့် ဒေါသဖြစ်သွားခဲ့တော့သည်။ ထို့ကြောင့် မှန်တင်ခုံပေါ်မှ ပေါင်ဒါဘူး၊ ရေမွှေးဘူး၊ မိတ်ကပ်ဘူး၊ သနပ်ခါးတုံးစသည့် အလှပြင်ပစ္စည်းတွေကို ဒေါသတကြီးလက်နှင့် တွန်းဖယ်တိုက်ချလိုက်သည်။ ထို့ကြောင့် မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းတွေ ကြမ်းပြင်သို့ ဖရိုဖရဲကျသွားခဲ့တော့သည်။

ထို့ကြောင့်-

www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းလှိုင်က တုန်လှုပ်ခြောက်ခြားစွာ ငိုယိုတောင်းပန်နေခဲ့လေတော့သည်။

"ထွန်း. . . ထွန်း. . တောက်. . . တောက်ရယ်။ ငါ. . ငါ ကြောက်နေပါပြီဟာ. . . ငါကြောက်. . ကြောက်ပါတယ်. . ငါ့ကို မ. . မ. . မခြောက်ပါနဲ့. . တော့ဟာ. . . အီး. . . ဟီး. . ဟီး"

"နင် ငါ့ကိုမထားခဲ့နိုင်ဘူး။ နင့် ငါနဲ့တမလွန်ကိုလိုက်ခဲ့ရမယ်။ နင်. . . ငါ့ကို ပြန်ချစ်ရမယ်"

ထွန်းတောက်က ပြောပြောဆိုဆိုနှင့် ခင်နှင်းလှိုင် ကုတင်ဆီသို့ ဖြည်းဖြည်းချင်းလျှောက်လာခဲ့သည်။ ထို့ကြောင့် ခင်နှင်းလှိုင်မှာ သွေးပျက်ခြောက်ခြားစွာ မျက်လုံးကိုစုံမှိတ်ပြီး အော်ဟစ်ငိုယိုနေတော့သည်။

"မချစ်ဘူး. . မလိုက်ဘူး. . . ငါကြောက်လို့ပါဟာ. . . ငါ့ကို မခြောက်ပါနဲ့တော့ဟာ. . . ငါတောင်းပန်ပါတယ်. . . ဟီး. . အီး အီး. . ဟီး"

●

www.burmeseclassic.com

www.burmeseclassic.com

## အခိမ်းသေနှင့် ပိနပ်ကိစ္စ

မနက်ဖြန်တွင် ထွန်းတောက်နှင့် ဝင်းနိုင်တို့ ပြန်လာကြတော့မည်ဆိုသဖြင့် တစ်ရွာလုံးစိုးရိမ်ခြောက်ခြားစွာ အိပ်မရဘဲဖြစ်နေခဲ့ကြသကဲ့သို့ ဦးရွှေတင်နှင့် ဒေါ်တင်ယုံတို့ လင်မယားမှာလည်း အိပ်မရခဲ့။ ခွေးအူသံ ခွေးဟောင်သံတွေကြောင့် ပို၍ပင် အိပ်မရဖြစ်နေခဲ့ကြရတော့သည်။ ထို့ကြောင့် အိမ်ပေါ်ထပ် အိပ်ခန်းထဲတွင် လင်မယားနှစ်ယောက် အခြေအနေကို နားစွင့်နေခဲ့ကြသည်။ နေအိမ်မှာ အခိုင်အခံ့ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်ကြီးတစ်လုံးဖြစ်နေပြီး အိမ်အပေါ်ထပ်တွင်ရှိနေကြသဖြင့် တော်ရုံတန်ရုံ အိမ်အပြင်မှ အသံကို အိမ်ထဲမှ မကြားရ။ ထို့ကြောင့် အိမ်အပြင်မှ ချောက်ခနဲသော့ပွင့်သွားခဲ့သည့်အသံကို ဦးရွှေတင်တို့လင်မယား မကြားခဲ့ကြရ။ အိမ်အောက်ထပ်မှာ အသံကိုပင် တစ်ခါတရံမှ ကြားကြရသည်။ ထို့ကြောင့် နားစွင့်နားထောင်နေခဲ့ကြခြင်းဖြစ်သည်။

ထိုစဉ်-

www.burmeseclassic.com

www.burmeseclassic.com



တဒီးဒီနှင့် စကားပြောသံလိုလို၊ ငိုသံလိုလို ခပ်သဲ့သဲ့ကြား နေရပြန်သဖြင့် ဦးရွှေတင်က ဒေါ်တင်ယုံကို ပြောလိုက်သည်။

"မတင်ယုံ. . . အောက်ထပ်က စကားပြောနေသံကြား လား"

"ကြားတယ်. . ငိုသံလိုလိုလည်း ကြားနေရတယ်"

"သမီး အခန်းဆီကနေ့တူတယ်"

"ဟုတ်တယ်. . . လာ သွားကြည့်ကြရအောင်"

ထိုစဉ်

မှန်တင်ခုံပေါ်မှ အလှပြင်ပစ္စည်းတွေ ပြုတ်ကျသံကြား လိုက်ရပြီး ခင်နှင်းလှိုင်၏ငိုယိုပြောဆိုနေသံကို ပီပီပြင်ပြင် ကြားလိုက် ရသဖြင့် လင်မယားနှစ်ယောက် စိုးရိမ်တကြီး ပြေးဆင်းလာခဲ့ကြ တော့သည်။

"သမီး. . . သမီး"

"သမီး. . . ဘာဖြစ်လို့လဲ"

"မချစ်ဘူး. . . မလိုက်ဘူး၊ ငါ. . . ကြောက်လို့ပါဟာ. . . ငါ တောင်းပန်ပါတယ်"

ထိုစဉ် -

နောက်ဖေးခန်းတွင် အိပ်နေသော ထမင်းချက် ဒေါ်ခင်ခင် မှာလည်း အပြေးအလွှားရောက်လာခဲ့ပြန်သည်။ မျက်စိကို စုံမှိတ်ကာ အော်ဟစ်ငိုယိုနေသော ခင်နှင်းလှိုင်ကို တွေ့မြင်လိုက်ရသဖြင့် စိုးရိမ် တကြီးပွေ့ဖက်မေးလိုက်ကြသည်။

"မလိုက်ဘူး. . . မချစ်ဘူး. . . မလိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . သမီး. . . သမီး၊ ဘာဖြစ်လို့လဲ"

"သမီး ဖေဖေ့ကိုကြည့်စမ်း. . . ဖေဖေ မေးနေတယ်လေ"

"ခင်နှင်းလှိုင်. . . သမီးလေး"

ခပ်ကြမ်းကြမ်းလှုပ်ကိုင်ခေါ်နေခဲ့သော်လည်း ခေါ်မရတော့။ ခင်နှင်းလှိုင် သွေးပျက်သတိလစ်သွားခဲ့ပြီဖြစ်သည်။ မိသားစုက စိုးရိမ်တကြီးပြေးပွေ့ခဲ့ကြသည်ကို ထွန်းတောက်ဟုတွေးထင်ကာ အကြောက်လွန်ပြီး သတိလစ်သွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စိုးရိမ်တကြီး ပြုစုစောင့်ရှောက်ပေးခဲ့ကြရသည်။

"သမီး. . သမီးလေး. . . ကိုရွှေတင် သမီးလေးကိုကြည့်ပါဦး"

"ရှူဆေးယူ၊ ရေတစ်ခွက်ပါယူခဲ့. . . သဘက်. . . သဘက်လည်းယူခဲ"

"လုပ်လေ. . . မြန်မြန်လုပ်ကြ"

"သမီး. . . သမီးလေး"

"ခင်နှင်းလှိုင် သမီး. . . သတိရလာပြီလား"

ခင်နှင်းလှိုင်သတိပြန်ရလာခဲ့ပြီ ဖြစ်သည်။ မိသားစု၏ အသံသံတို့ ကြားနေရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ မိသားစုကိုမြင်လိုက်ရသဖြင့် မိခင်ဖြစ်သူ၏ရင်ခွင်ထဲသို့ အားကိုးတကြီး ခေါင်းခွေ့ဖက်ဝင်ရင်း ငိုယိုပြောဆိုနေတော့သည်။

"မေမေ. . . သမီး. . . သမီးကြောက်တယ်. . . ကြောက်တယ်. . . သမီး မလိုက်ပါရစေနဲ့. . အီး. . အီး. . ဟီး"

"သမီး. . . သမီး ဘာဖြစ်တာလဲ ပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဖြစ်လို့လဲ"

စိုးရိမ်တကြီး မေးလိုက်ကြပြန်သည်။ ထွန်းတောက် ခင်နှင်းလှိုင်က ကြောက်ကြောက်လန့်လန့် ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောလိုက်သည်။

"ထွန်း. . . ထွန်းတောက်. . ထွန်းတောက် သမီးကိုလာခေါ်နေတယ်"

"ဘယ်မှာလဲ"

"ဟို. . ဟို. . မှာ. . "

ခင်နှင်းလှိုင် ညွှန်ပြရာသို့ ကြည့်လိုက်ကြသည်။ ဘာမှမရှိ။

"ဘာမှမရှိပါဘူး သမီးရယ်။ သေသေချာချာလည်း ကြည့်ပါဦး"

"ဟို. . ဟိုမှာလေ. . . ဟင်"

ခင်နှင်းလှိုင် မရဲတရဲကြည့်လိုက်သည်။ ဘာမှမရှိ။ ထွန်းတောက်မရှိတော့။ ထို့ကြောင့် ခင်နှင်းလှိုင်က ရေရွတ်ပြောဆိုလိုက်သည်။

"ဘယ်ရောက်သွားပြီလဲ. . . စောစောက သူမှန်တင်ခုံဆီကနေ သမီးဆီကိုလာနေတာ"

"သမီး. . . သမီး အိပ်မက်မက်နေတာဖြစ်မှာပါကွယ်။ မိုးလင်းရင် ထွန်းတောက်တို့ ညီအစ်ကို သူ့အမေဆီကို ပြန်လာမယ်ဆိုတာ စိတ်စွဲပြီး အိပ်မက်မက်နေခဲ့တာဖြစ်မှာပါ"

"မဟုတ်ဘူး. . . သမီး အိပ်မက်မက်နေတာမဟုတ်ဘူး။ သမီး မအိပ်သေးဘူး။ အိမ်ရှေ့က သော့ခလောက်ဖွင့်သံကြားပြီး ထွန်းတောက် အိမ်ထဲဝင်လာခဲ့တာ။ သမီးသိနေတယ်။ ထွန်းတောက် သမီးဆီကို တကယ်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်-

ထမင်းချက် ဒေါ်ခင်ခင်က ပြောလိုက်သည်။

"ဒါဆိုရင် ရွာထဲကို ထွန်းတောက်တို့ရောက်လာကြပြီနဲ့တူတယ်။ ခင်နှင်းလှိုင်ကို ထွန်းတောက်လာခြောက်ပြီနဲ့ တူတယ်"

"ထွန်းတောက်တို့သေတာ လေးလတောင်ရှိနေပြီပဲ။ စောစောတုန်းကတော့ ဘာသံမှ မကြားရဘဲ အခုမှလာခြောက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဦးရွှေတင်က စဉ်းစားပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ခင်နှင်းလှိုင်က ပြောလိုက်ပြန်သည်။

"သမီးက လက်တွေ့ကြုံခဲ့ရတာပါ ဖေဖေရယ်၊ ဟိုမှာ ထွန်းတောက် စိတ်ဆိုးပြီး မှန်တင်ခုံပေါ်က ပစ္စည်းတွေကိုတောင် တိုက်ချသွားခဲ့သေးတယ်"

ထို့ကြောင့်-

မှန်တင်ခုံဆီသို့ကြည့်လိုက်ကြသည်။ ကြမ်းပြင်ပေါ်တွင် သနပ်ခါးတုံး၊ ပေါင်ဒါဗူး၊ ရေမွှေးပုလင်းနှင့် အလှပြင်ပစ္စည်းတွေကို တွေ့မြင်လိုက်ကြရသည်။ ထို့ကြောင့် ခင်နှင်းလှိုင်က ပြောလိုက်ပြန်သည်။

"အဲဒါ. . . ထွန်းတောက် တိုက်ချသွားခဲ့တာပဲ"

"ကဲ. . . သမီး. . . သမီးဘာတွေ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ဖေဖေတို့ကို ပြောပြစမ်းပါဦး"

ဦးရွှေတင်က မေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ခင်နှင်းလှိုင်တာ သူမ၏ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်ပြောပြလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းလှိုင်က သူမ၏ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်ပြောပြခဲ့ဘဖြင့် ဦးရွှေတင်က ရေရွတ်ပြောဆိုလိုက်သည်။

"ဒါဆိုရင်တော့ ထွန်းတောက်တို့ အမှန်တကယ်ပြန်ရောက်လာခဲ့ကြတာပဲ။ ဒါပေမဲ့ သူတို့ပြန်ရောက်လာခဲ့တာက သူတို့ရန်သူကို လက်စားချေဖို့ ပြန်ရောက်လာခဲ့ကြတာဖြစ်မှာပါ။ တို့ကိုတော့ ဘာအန္တရာယ်မှ ပေးကြမယ်မထင်ပါဘူး"

"ရှင်ကသာ အန္တရာယ်မပေးဘူးပြောနေ။ လောလောဆယ် သမီးကို လာခြောက်သွားခဲ့ပြီ"

ဒေါ်တင်ယုံက ဦးရွှေတင်ကို ဘဝင်မကျစွာ ပြောဆိုလိုက်သည်။ ထို့ကြောင့် ဦးရွှေတင်က ပြန်ပြောလိုက်သည်။

"လာခြောက်တာ ဟုတ်မယ်မထင်ပါဘူး မတင်ယုံရယ်။ သူတို့ရောက်နေမှန်း သိအောင်လာနှုတ်ဆက်ကြတာဖြစ်မှာပါ"

"ဒါဆိုရင် ဝင်းနိုင်ကလည်း ခင်ဝင်းလှိုင်ဆီကို သွားတယ်ဆိုတော့ ဦးစောဝေတို့အိမ်မှာလည်း ဒီလိုပဲဖြစ်နေမလားမသိဘူး"

ဒေါ်တင်ယုံက တွေးဆဆပြောဆိုလိုက်ခြင်းဖြစ်သည်။

ထိုစဉ်-

"ဂျုံး. . . ဒုံး. . . ဂျုံး. . . ဂျုံး"

"ဦးရွှေတင်. . . ဗျို့. . . ဦးရွှေတင်"

အိမ်ရှေ့တံခါးကို ထုရိုက်ခေါ်နေသဖြင့် ဦးရွှေတင်တို့ မိသားစုအိမ်ရှေ့တံခါးဆီသို့ ထွက်လာခဲ့ကြသည်။ အဘိုးလှ၊ သူကြီးနှင့် ပတ်ဝန်းကျင်မှ အိမ်နီးနားချင်းတွေကို တွေ့လိုက်ရသဖြင့် ဦးရွှေတင်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးတို့၊ အဘိုးလှတို့ပါလား။ လူတွေ တစ်အုပ်တစ်မကြီးနဲ့ ဘယ်လိုဖြစ်လာကြတာလဲ"

"ကျုပ်လည်း အိုက်စပ်စပ်ဖြစ်နေတာနဲ့ အိမ်ရှေ့မှာ ကုလားထိုင်တစ်လုံးနဲ့ ထွက်ထိုင်နေခဲ့တာ။ ခင်ဗျားတို့ အိမ်ထဲကို လူတစ်ယောက်ဝင်သွားတာ တွေ့လိုက်ရတယ်။ အဲဒီလူက ထွန်းတောက်နဲ့ တစ်ပုံစံထဲပဲ။ ဒါကြောင့် ကျုပ်လည်း ပတ်ဝန်းကျင်ကလူတွေနဲ့ သူကြီးတို့နိုးပြီး လူစုနေတုန်း ခင်ဗျားတို့အိမ်က ဆူဆူညံညံအသံတွေကြားရတယ်။ ဒါကြောင့် ကမန်းကတမ်းလာခဲ့ကြတော့ စောစောကလူပြန်ထွက်သွားတာတွေ့လိုက်ရတယ်။ အဲဒီလူက မှောင်ထဲမှာပျောက်သွားခဲ့တယ်။ ကျုပ်တို့လိုက်ရှာတာ မတွေ့တော့ဘူး။ ဘယ်လိုဖြစ်ကြတာလဲ"

အဘိုးလှက ပြောလိုက်ခြင်းဖြစ်သည်။ ထိုစဉ် ဦးရွှေတင်က တံခါးကိုသော့ဖွင့်ပေးကာ အဘိုးလှတို့ လူစုကို ပြန်ပြောလိုက်သည်။

"ကဲ. . . သူကြီးတို့၊ အဘိုးလှတို့ အိမ်ထဲဝင်ကြပါဦး၊ အိမ်ထဲကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

ထိုစဉ်-

"ဟာ. . . ဟို. . . ဟိုမှာ ဖိနပ်. . ဖိနပ်"

ဖိနပ်ချွတ်မှ ဖိနပ်တစ်ရံကို တွေ့မြင်လိုက်ရသဖြင့် ခင်နှင်းလှိုင်က တအံ့တဩပြောလိုက်သည်။ ဒီဖိနပ်က သူတို့အိမ်က ဖိနပ်မဟုတ်။ ယောကျာ်းစီးဖိနပ်တစ်ရံဖြစ်သည်။ ထို့ကြောင့် ဦးရွှေတင်က ဖိနပ်ကိုကြည့်ပြီး ရေရွတ်ပြောဆိုလိုက်သည်။

"ဒီဖိနပ်က ကျွန်တော်တို့ အိမ်ကဖိနပ်မဟုတ်ဘူး။ ညက ဒီတံခါးကို ကျွန်တော်ပဲ သော့ခတ်ခဲ့တာ။ ဖိနပ်ချွတ်မှာ ဒီဖိနပ်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ တံခါးကလည်း သော့ခတ်ထားတာပဲ။ ဒီဖိနပ် ဘယ်သူ့ဖိနပ်လဲ။ အတွင်းကို ဘယ်လိုလုပ်ရောက်နေရတာလဲ"

ဤတွင်-

ခင်နှင်းလှိုင်က ဝင်ပြောလိုက်သည်။

"သော့ဂလောက်ဖွင့်သံကို သမီးသေသေချာချာကြားလိုက်ရတာ ဖေဖေ။ ဒီဖိနပ် ထွန်းတောက်ရဲ့ဖိနပ်ပဲဖြစ်မယ်။ ထွန်းတောက် သော့ဂလောက်ကို ဖွင့်ဝင်ပြီး ဖိနပ်ကိုချွတ်ခဲ့တာဖြစ်မယ်"

ထို့ကြောင့်-

"တဲ့ . . ကျုပ်တို့လည်း အိပ်ထဲမဝင်ကြတော့ပါဘူး။ ဒီမှာပဲ ခင်ဗျားတို့ ဘာတွေဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာ ပြောပြစမ်းပါဦး"

ထို့ကြောင့်-

ဦးရွှေတင်တို့ မိသားစုက ဖြစ်စဉ်ဖြစ်ရပ်များကို အသေးစိတ် ပြောပြခဲ့ကြသည်။ ဖြစ်စဉ်ဖြစ်ရပ်များကို သိရှိသွားခဲ့ကြရသဖြင့် တအံ့တဩဖြစ်သွားခဲ့ကြရပြန်သည်။ ထို့ကြောင့် အဘိုးလှတို့တွေ့မြင်ခဲ့ရသော ထွန်းတောက်နှင့်တူသည်ဆိုသောလူမှာ ထွန်းတောက်ပင်ဖြစ်နေကြောင်း တွေးထင်သိရှိနေခဲ့ကြတော့သည်။ သို့သော် ခင်နှင်းလှိုင်မှာ သောဂလောက်ဖွင့်သံကြားခဲ့ရသည်ဆိုသော်လည်း လောလောဆယ် သော့ဂလောက်မှာ ပွင့်မနေ။ သော့ဂလောက် မပွင့်ခဲ့သော်လည်း ဖိနပ်ချွတ်တွင် ဖိနပ်တစ်ရံရောက်ရှိနေခဲ့ပြန်သည်။ ထို့ကြောင့် ဝေခွဲမရဖြစ်နေခဲ့ကြရတော့သည်။

ထိုစဉ်-

ရွာသားတစ်ယောက်က ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဖိနပ်ဟာ ထွန်းတောက်ဖိနပ်ပဲဖြစ်ရမယ်။ ထွန်းတောက်က သရဲဆိုတော့ သော့ခတ်ထားလည်း ဝင်လို့ရနိုင်တာပဲ"

"ဟာကွာ. . . သရဲပဲ ဖိနပ်စီးစရာလိုလို့လားကွ။ သူသွားချင် သလိုသွား လာချင်သလိုလာ လုပ်ချင်သလိုလုပ်လို့ ရနေတာပဲ"

"ဟုတ်တယ်. . . သရဲဖိနပ်စီးတာ ဘယ်သူသေသေချာချာ သိလို့လဲ"

"သရဲဖိနပ်စီးလား မစီးလား ဘယ်သူသိလို့လဲ"

အချင်းချင်းငြင်းခုံပြောဆိုနေကြသဖြင့် ဖိနပ်တစ်ရံနှင့် ပတ်သက်၍ စဉ်းစားမရနိုင်ဘဲ ဖြစ်နေခဲ့ကြတော့သည်။

ထိုစဉ် -

"ဗျို့. . . ဦးရွှေတင်. . . ဦးရွှေတင်"

ဆေးဆရာကြီးဦးစိန်မြင့်ဦးဆောင်ကာ လူတွေ တစ်အုပ်တမကြီး ဝင်ရောက်လာခဲ့ကြပြန်သည်။ ဦးစိန်မြင့်တို့မှာ ဦးစောဝေတို့အိမ်မှ လာခဲ့ကြခြင်းဖြစ်သည်။ ဦးစိန်မြင့်မှာလည်း အဘိုးလှကဲ့သို့ပင် ဝင်းနိုင်နောက်သို့လိုက်ရန် ပတ်ဝန်းကျင်ကို လိုက်လံနှိုးဆော်ခေါ် လူစုနေစဉ် ဦးစောဝေတို့အိမ်ဆီမှ ဆူဆူညံညံအသံတွေကိုကြားနေရသဖြင့် အပြေးအလွှားသွားကြည့်ခဲ့ရာ ဝင်းနိုင်ပြန်ထွက်သွားခဲ့သည်ကိုသာ တွေ့မြင်ခဲ့ကြရပြီး ဝင်းနိုင်ကိုရှာမတွေ့ခဲ့။ ထို့ကြောင့် ဆေးဆရာကြီး ဦးစိန်မြင့်တို့အုပ်စုမှာ ဦးစောဝေတို့အိမ်သို့သွားရောက်မေးမြန်းခဲ့ကြရာ ခင်ဝင်းလှိုင်ကို ဝင်းနိုင်လာခြောက်သွားခဲ့ကြောင်း သိခဲ့ကြရသည်။ ထို့ အပြင် ခင်ဝင်းလှိုင်ကို ဝင်းနိုင်ခြောက်လှန့်သွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ် များမှာ ခင်နှင်းလှိုင်ကို ထွန်းတောက်ခြောက်လှန့်သွားခဲ့သော ဖြစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်များနှင့် တစ်ထေရာတည်းတူနေခဲ့သည်။ ကြမ်းပြင်ပေါ်တွင် အလှုပြင်ပစ္စည်းတွေ ပြန့်ကျဲနေပုံနှင့် ဖိနပ်တစ်ရံကျန်ခဲ့ပုံကအစ အတူတူဖြစ်နေခဲ့သည်။ ဆရာကြီးက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သဖြင့် အားလုံးမှာ တအံ့တသြဖြစ်နေခဲ့ကြရတော့သည်။

ထို့ကြောင့် -

ရှာသားတစ်ယောက်က ပြောလိုက်သည်။

"အခု ဖြစ်ခဲ့တာတွေကို တင်ဆောင်တို့၊ ဝင်းသောင်းတို့ မသိကြသေးဘူးနဲ့တူတယ်။ သွားပြောရင်ကောင်းမယ် ထင်တယ်"

"ဟာ. . . မဖြစ်ပါဘူးကွာ။ တစ်ရွာလုံး ဒီလောက်ဆူဆူညံညံဖြစ်နေတာ သူတို့မသိဘဲနေပါ့မလား။ ဒီအချိန်မှာ တစ်ခုခုဖြစ်ခဲ့ရင်တောင် တို့ကိုနှောင့်ယှက်တယ်လို့ အပြောခံနေရပါဦးမယ်"

သူကြီးက ကန့်ကွက်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာကြီးဦးစိန်မြင့်နှင့် အဘိုးလှတို့က ထောက်ခံပြောဆိုလိုက်ကြသည်။

"ဟုတ်တယ်. . . သွားမပြောတာပဲကောင်းပါတယ်"

"တဲ. . . ဒါဆိုလည်း ပြန်ကြရအောင်"

ထို့ကြောင့်-

ဦးရွှေတင်တို့မိသားစုကို ပြောဆိုနှုတ်ဆက်ပြီး လူစုခွဲပြန်လာခဲ့ကြတော့သည်။ လူစုခွဲပြန်လာခဲ့ကြသော်လည်း အစိမ်းသရဲနှင့် ဖိနပ်တစ်စုံကိုမူ ဆက်စပ်တွေးယူ၍ပင် မရနိုင်သဖြင့် ပဟေဠိဖြစ်နေခဲ့လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# မကြေပွဲ နွဲကြပြီ

လဗတစ်ပင်တစ်ရွာလုံးမှာ မိုးချုပ်လာသည်နှင့် သွေးလန့်ချောက်ချားနေခဲ့ကြသော်လည်း တင်ဆောင်တို့လူစုမှာ ပူပင်သောကမရှိဘဲ အေးအေးဆေးဆေးပင် စကားပြောနေခဲ့ကြသည်။ အေးအေးဆေးဆေးစကားပြောနေကြသော်လည်း နေအိမ်ဝင်းခြံ ပတ်ဝန်းကျင်တွင် ဝင်းသောင်း၏လက်ရင်း လူယုံတွေနှင့် တင်ဆောင်တို့နှင့်ပါရှိလာခဲ့သော တပည့်တပန်းတွေက ကင်းစောင့်ပေးနေကြရသည်။ ကင်းစောင့်နေသူများတွင် ဝင်းသောင်း၏လက်ရင်းလူယုံ စံလှ၊ မြမောင်နှင့် ကိုချစ်တို့ပါသည်။ ကိုချစ်မှာ ဝင်းသောင်းကို ဘဝင်မကျသော်လည်း ဦးကျော်သောင်းကိုယ်တိုင် အကူအညီခေါ်ယူထားသဖြင့် လာရောက်ကင်းစောင့်ပေးနေခဲ့ခြင်းဖြစ်သည်။ ကိုချစ်၊ မြမောင်၊ စံလှတို့နှင့်အတူ တင်ဆောင်တို့နှင့် အတူပါလာသည်။ ဘချစ်၊ ဝင်းမောင်နှင့် ဝေဠုတို့လည်း ရှိနေခဲ့ကြသည်။

တင်ဆောင်တို့က အိမ်ပေါ်တွင် စကားဝိုင်းဖွဲ့နေကြသတဲ့

www.burmeseclassic.com

www.burmeseclassic.com



သို့ ကိုချစ်တို့လူစုကလည်း နေအိမ်ဝင်းခြံပတ်ပတ်လည်တွင် ကင်းစောင့်ရင်း စကားပိုင်းဖွဲ့နေခဲ့ကြသည်။ ထိုစဉ် ဦးစောဝေတို့အိမ်နှင့် ဦးရွှေတင်တို့ အိမ်ဖက်ဆီမှ လူသံသူသံတွေကြားလိုက်ကြရသည်။

ထို့ကြောင့်-

ကိုချစ်က ပြောလိုက်သည်။

"ရွာထဲမှာ ဘာဖြစ်နေကြသလဲ မသိဘူး။ သွားကြည့်ကြရအောင်"

"ကိုချစ် မသွားနဲ့ဦး၊ ကိုတင်ဆောင်ကို သွားပြောဦးမှပေါ့"

မြမောင်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝေဠုက ပြောလိုက်သည်။

"ဒါဆို မင်းတို့ခဏနေကြဦး၊ ငါ အာစရိကို သွားမေးလိုက်ဦးမယ်"

အာစရိဆိုသည်မှာ တင်ဆောင်၏တပည့်တွေက တင်ဆောင်ကိုခေါ်သော အခေါ်အဝေါ်ဖြစ်သည်။

ထို့နောက် -

ဝေဠုက အိမ်ဝင်းခြံထဲသို့ ဝင်လာခဲ့သည်။

"ဝေဠု . . . ဘာလုပ်မလို့လဲ"

တင်ဆောင်က ဆီးကြိုမေးလိုက်သဖြင့် ဝေဠုက ပြန်ပြောလိုက်သည်။

"ရွာထဲမှာ လူသံဆူသံတွေကြားနေတယ် အာစရိ"

"တို့လည်းကြားနေရတာပဲ. . . အဲဒါ ဘာဖြစ်လဲ"

"ကျွန်တော်တို့ သွားကြည့်လိုက်ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သွားကြည့်စရာမလိုဘူး။ ရွာထဲကို ထွန်းတောက်နဲ့ ဝင်းနိုင်တို့ ဝင်လာတာဖြစ်လိမ့်မယ်။ သူတို့ကိစ္စ သူတို့လုပ်လိမ့်မယ်။ မင်းတို့ကိစ္စ မင်းတို့လုပ်"

ရွာထဲကို ထွန်းတောက်နဲ့ ဝင်းနိုင်တို့ ဝင်လာသည်ဆိုသဖြင့် စေပျူမှာ တုန်လှုပ်ကြောက်လန့်သွားတော့သည်။ ထို့ကြောင့် မြမောင်တို့ရှိရာသို့ အလျင်အမြန်ပြန်ပြေးလာပြီး ပြောပြလိုက်သဖြင့် အားလုံးမှာ တုန်လှုပ်ကြောက်လန့်သွားခဲ့ကြတော့သည်။

ထို့ကြောင့်-

နေအိမ်ဝင်းခြံကိုပင် လှည့်ပတ်မကြည့်ရဲကြတော့ဘဲ တစ်နေရာတည်းတွင် စုထိုင်နေခဲ့ကြတော့သည်။ ထိုင်နေရင်းမှာပင် မျက်လုံးတွေက ကျီးကန်းတောင်းမှောက် ကြည့်နေခဲ့ကြပြန်သည်။

ထို့နောက်-

လူသံဆူသံတွေ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ အသံတွေ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သော်လည်း မြမောင်တို့လူစုမှာ ထိုင်ရာမှ မထရဲကြသေး။ စိုးတထိတ်ထိတ်နှင့် ဟိုကြည့်ဒီကြည့်လုပ်နေကြဆဲပင် ဖြစ်သည်။

ထိုစဉ် -

"ဟိတ် . . ဟိတ် . . . ဟိတ်"

"ဗုဒ္ဓေါ မြတ်စွာ"

"မြတ်စွာဘုရား ကယ်တော်မူပါ"

အမှောင်ထဲမှာ 'ဟိတ် . . ဟိတ်'ဟု ခပ်တိုးတိုးခေါ်သံတွေကို ကြားလိုက်ရသဖြင့် တုန်လှုပ်သွားခဲ့ကြတော့သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြားရာသို့ကြည့်လိုက်ကြရာ နောက်တစ်နေရာမှ 'ဟိတ်'ဟု အသံထွက်လာခဲ့ပြန်သည်။ အသံထွက်လာသောနေရာကို ထပ်ကြည့်လိုက်ပြန်လျှင် နောက်တစ်နေရာမှထပ်ပေါ် လာခဲ့ပြန်သည်။ ထို့ကြောင့် မြမောင်တို့ မနေရဲကြတော့။ မနေရဲတော့သဖြင့် မှောင်ထဲသို့ ရမ်းသမ်း အော်ဟစ်ပြောဆိုလိုက်ကြတော့သည်။

"ဗဟေ့. . . ဘယ်. . ဘယ်. . ဘယ်. . သူလဲ"

"ထွက်. . ထွက်. . ထွက်ခဲ့ကြစမ်း"

"မ. . မသေ. . . သေချင်ရင် ထွက်. . ထွက်လာခဲ့"

ကြိမ်းဝါးပြောဆိုနေခဲ့ကြသော်လည်း အသံတွေက တုန်ရီ ထစ်ငေါ့နေကြသည်။

ထိုစဉ် -

"ဟိတ်. . ဟိတ်"

အမှောင်တွင်းတစ်နေရာမှ 'ဟိတ်. . ဟိတ်'ဟူသော အသံ ထွက်ပေါ် လာပြန်သဖြင့် အသံကြားရာသို့ ကြည့်လိုက်ကြပြန်သည်။ ထိုသို့ကြည့်လိုက်ကြစဉ် ဘချစ်နှင့် ဝင်းမောင်တို့ကိုနောက်ကျောမှ လက်ကုတ်ခေါ် လိုက်သဖြင့် နှစ်ယောက်စလုံးလှည့်ကြည့်လိုက်ကြရာ-

"ဟာ"

"ဒုန်း"

"အိ"

"ဂွတ်"

"ဟာ"

"အမလေး. . . လာကြပါဦးဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ဘချစ်နှင့် ဝင်းမောင်တို့နောက်ကို လှည့်ကြည့်လိုက်ရာ ချတ်နှာမည်းမည်းကြီးတွေကို တွေ့မြင်လိုက်ကြရသည်။ မည်းမည်းကြီးနှစ်ကောင်က ဘချစ်တို့နှစ်ယောက်ကို ထိုးကြိတ်ချုပ်ကိုင်ကာ လည်ပင်းကို လိမ်ချိုးလိုက်ကြသဖြင့် ဘချစ်တို့နှစ်ယောက်စလုံး ပျော့ခွေသေဆုံးသွားတော့သည်။ ဖြစ်စဉ်များမှာ လျင်မြန်လွန်းလှသဖြင့် မြမောင်တို့မှာလည်း ကြက်သေသေပြီး ငေးကြည့်နေခဲ့ကြရာမှ အသိဝင်လာသာ တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်ခြင်းဖြစ်သည်။

ထိုစဉ် -

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

သေနတ်သံ သုံးချက်ထွက်ပေါ်လာပြီး မည်းမည်းသတ္တဝါနှစ်ကောင်မှာ သေနတ်ထိမှန်သွားခဲ့ပြီး ဒဏ်ရာတွေကို ဆုပ်ကိုင်ကာ အော်ဟစ်ပြောဆိုလိုက်ကြသည်။

"သေတဲ့သူတွေ သုသာန်ကပြန်လာပြီကွ။ မင်းတို့ကို လက်စားချေဖို့ ပြန်လာပြီ။ မင်းတို့တစ်ယောက်မကျန်သေကြရမယ်"

ထို့နောက်-

မည်းမည်းသတ္တဝါကြီးနှစ်ကောင်မှာ အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့ကြတော့သည်။ ထိုစဉ် တင်ဆောင်နှင့် ဝင်းသောင်းတို့ သားအဖတစ်တွေမှာလည်း အိမ်ပေါ်မှ ဒရောသောပါး ပြေးဆင်းလာခဲ့ကြသည်။

တင်ဆောင်တို့သားအဖနှင့် ဝင်းသောင်းတို့သားအဖတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



နေအိမ်ပေါ်တွင် စကားထိုင်ပြောနေကြစဉ် ဝေဠုတို့ မြမောင်တို့ ခြောက်ယောက်မှာ အမှောင်ထဲသို့ ပြူးတူးပြဲတဲလိုက်ကြည့်နေကြသည်ကို တွေ့မြင်နေကြရသည်။ ထို့ကြောင့် ဘာဖြစ်တာလဲဟု ခေါ်မေးမည်ပြုနေစဉ်မှာပင် အမှောင်ထဲမှ မည်းမည်းသဏ္ဌာဝါနှစ်ကောင်ထွက်လာပြီး ဘချစ်နှင့် ဝင်းမောင်တို့ကို လည်ပင်းကိုလိမ်ချိုးသတ်ဖြတ်လိုက်ကြသည်။ မည်းမည်းသဏ္ဌာဝါနှစ်ကောင် လှုပ်ရှားမှုမှာ လျှင်မြန်လွန်းလှသဖြင့် တင်အောင်တို့ သားအဖကလိုင်စင်နှင့် ကိုင်ဆောင်ထားသော သေနတ်နှင့် လှမ်းပစ်လိုက်ကြခြင်းဖြစ်သည်။ ထို့နောက် အိမ်ပေါ်မှ ဒရောသောပါးပြေးဆင်းလာခဲ့ကြသည်။ မည်းမည်းသဏ္ဌာဝါနှစ်ကောင်ကို ရှာမတွေ့တော့၊ ဒဏ်ရာမှ ထွက်ကျနေခဲ့သော သွေးစသွေးနတွေကိုသာ တွေ့မြင်နေခဲ့ကြရသည်။ ဘချစ်နှင့် ဝင်းမောင်တို့မှာလည်း သေဆုံးနေခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် -

ဝင်းသောင်းက ပြောလိုက်သည်။

"ဒီနှစ်ကောင်ဟာ ထွန်းတောက်နဲ့ ဝင်းနိုင်ပဲဖြစ်ရမယ်။ သူတို့ မှန်သွားကြတာပဲ။ သွေးစ သွေးနကိုခြေရာခံပြီးလိုက်ရင် မိနိုင်တယ်"

ဦးလူမော်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် တင်အောင်က ပြောလိုက်ပြန်သည်။

"ဒီကောင်တွေ ဘယ်ကိုမှမသွားဘူး။ သူ့အမေဆီကိုပဲ သွားမှာ။ ကဲ. . . လိုက်ကြရအောင်"

ထို့ကြောင့် -

www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင်းက ကင်းသမားတွေကို ပြောလိုက်သည်။

"မင်းတို့ သူကြီးကို အကြောင်းကြားပြီး ဒီနှစ်ကောင်ကိစ္စကို စီစဉ်လိုက်။ သတိလည်းထားကြနော်။ ထပ်ပြီးသေနေကြဦးမယ်"

ထိုစဉ်-

"ဝင်းသောင်း. . . ဘယ်လိုဖြစ်တာလဲ။ တို့လည်း သေနတ်သံတွေကြားလို့ လာခဲ့ကြတာ"

သူကြီးဦးလှကျော်က ပြောလိုက်ခြင်းဖြစ်သည်။ အဘိုးလှ၊ ဆရာကြီးဦးစိန်မြင့်၊ သူကြီးဦးလှကျော်တို့လူစုမှာ ဦးရွှေတင်၏နေအိမ်မှ ပြန်ထွက်လာခဲ့ကြစဉ် သေနတ်သံကြားလိုက်ရသဖြင့် လာခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် တင်ဆောင်က ပြောလိုက်သည်။

"ကျွန်တော့်လူတွေ အသတ်ခံလိုက်ရတယ်။ အခု လူသတ်သမားနောက်ကိုလိုက်ရမှာ။ သူကြီးလူတွေကို မသာနှစ်ကောင်အတွက် အစီအစဉ်လုပ်ခိုင်းပေးပါ။ သူကြီးပါလိုက်ခဲ့၊ သွားရင်းရှင်းပြမယ်။ အချိန်မရှိဘူး။ လူသတ်သမားလွတ်သွားမယ်"

ထို့ကြောင့် -

သူကြီးက ရွာသားအချို့ကို မှာကြားပြောဆိုခဲ့ပြီး. . . သူကြီး၊ ဦးစိန်မြနှင့် အဘိုးလှတို့မှာ တင်ဆောင်တို့နှင့်လိုက်ပါလာခဲ့ကြရလေတော့သည်။

သွေးစသွေးနတွေကို ခြေရာခံလိုက်လာခဲ့ကြခြင်းဖြစ်သည်။ သွေးစသွေးနတွေကို ခြေရာခံလိုက်လာခဲ့ကြစဉ် တင်ဆောင်တို့က သူတို့၏ဖြစ်စဉ်ဖြစ်ရပ်များကို ရှင်းလင်းပြောပြခဲ့ကြသကဲ့သို့ အဘိုးလှတို့ကလည်း သူတို့တွေ့ကြုံခဲ့ကြရသည့်ဖြစ်စဉ်ဖြစ်ရပ်များကို ရှင်းလင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့ကြသည်။ ထို့ကြောင့် ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ဆီမှ ထွက်လာခဲ့ကြပြီး ဝင်းမောင်တို့ကိုလာရောက်သတ်ဖြတ်သွားခဲ့ကြသည်ဟုပင် တွေးထင်ခဲ့ကြတော့သည်။

ထို့ကြောင့် -

သူကြီးဦးလှကျော်၊ အဘိုးလှနှင့် ဦးစိန်မြင့်တို့မှာ ထွန်းတောက်နှင့် ဝင်းနိုင်တို့က မကြေပွဲကို ဆင်နွှဲနေကြလေပြီဟု တွေးထင်နေခဲ့ကြလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူမဆိုးလဲ ဘယ်သူသားကောင်လဲ

တင်ဆောင်တို့မှာ သွေးစက်တွေကို ခြေရာခံလိုက်လာခဲ့ကြရာ ဘုန်းတော်ကြီးကျောင်းဆီသို့ပင် ရောက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် တင်ဆောင်က ပြောလိုက်သည်။

"ကျွန်တော်ပြောသားပဲ ဒီကောင်တွေ သူ့အမေဆီပဲ သွားကြမှာပါလို့"

ထို့ကြောင့် -

သူကြီးက ပြောလိုက်သည်။

"မောင်တင်ဆောင်၊ ထွန်းတောက်တို့ကို လူသတ်သမားလို့ စွပ်စွဲလို့ရနိုင်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"သူတို့က ဝိညာဉ်တွေလေ"

"ဝိညာဉ်မကလို့ ဘာပဲဖြစ်ဖြစ်ပေါ့။ သူတို့ သေနတ်နဲ့ထားကြတာပဲ။ ဒီဒဏ်ရာတွေနဲ့ ဘယ်လိုငြင်းလို့ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အဘိုးလှက ပြောလိုက်ပြန်သည်။

"သရဲ၊ တစ္ဆေဆိုတာ ဒဏ်ရာတွေ ဘာတွေဖြစ်နိုင်ပါ့မလား။ နောက်ပြီး တို့သွားရင် သူတို့ညီအစ်ကိုကို တွေ့နိုင်ပါ့မလား"

"ဒဏ်ရာရှိလို့ သွေးတွေတွေ့နေရတာပေါ့"

ဝင်းသောင်းက အဘိုးလှကို ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် တင်ဆောင်က ပြောလိုက်ပြန်သည်။

"ကဲ. . . ပြောမနေကြနဲ့တော့။ လမ်းဆုံးရင်တော့ ရွာတွေ့မှာပဲ"

ထို့ကြောင့် -

ကျောင်းဝင်းဆီသို့ လျှောက်လာခဲ့ကြပြီး ဇရပ်ဆီကိုကြည့်လိုက်ကြသည်။ ဇရပ်ထဲတွင် မည်းမည်းမှောင်နေသည်။ ဇရပ်ထဲတွင် မည်းမည်းမှောင်နေသော်လည်း ကျောင်းပေါ်တွင် မီးလင်းနေသဖြင့် သူကြီးကပြောလိုက်သည်။

"သေနတ်သံကြောင့် ဆရာတော်နိုးနေပြီနဲ့တူတယ်။ သူတို့လည်း ကျောင်းပေါ်ရောက်နေကြပြီနဲ့တူတယ်"

ထို့ကြောင့် -

ကျောင်းပေါ်သို့ တက်လာခဲ့ကြသည်။ ကျောင်းတံခါးကို ကျောင်းသားလေးတစ်ယောက်က လာဖွင့်ပေးခဲ့သည်။ သူကြီးတို့ အုပ်စုဝင်လာခဲ့ကြသဖြင့် ဆရာတော်က ဆီးကြိုမိန့်ကြားပြောဆိုလိုက်သည်။

"သူကြီးတို့ပါလား လူတွေအများကြီးနဲ့ ဘယ်လိုဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ သေနတ်သံတွေလည်း ကြားနေရတယ်"

သူကြီးနှင့် အဖွဲ့က ဘုရားနှင့် ဆရာတော်ကို ရှိခိုးကန်တော့လိုက်ကြသည်။ ဆရာတော်၏ရှေ့တွင် ကပ္ပိယကြီးဦးပေသီး၊ ဒေါ်မြတင်၊ ထွန်းတောက်နှင့် ဝင်းနိုင်တို့ ထိုင်နေကြသည်။ တင်ဆောင်တို့အုပ်စုက ထွန်းတောက်တို့အုပ်စုကို မသိမသာအကဲခတ်ကြည့်နေခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ကမူ မသိသလို အမူအယာနဲ့ နေခဲ့ကြသည်။

ထို့နောက် -

တင်ဆောင်၊ ဦးစိန်မြင့်နှင့် အဘိုးလှတို့က သူတို့၏ ဖြစ်စဉ်ဖြစ်ရပ်များကို ရှင်းလင်းပြောပြခဲ့ကြသည်။ ထို့ကြောင့် ဆရာတော်က မိန့်ကြားပြောဆိုလိုက်သည်။

"ဒကာကြီးတို့ လျှောက်တင်ကြသလိုဆိုရင် ထွန်းတောက်နဲ့ ဝင်းနိုင်တို့နှစ်ယောက်က ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ဆီကို သွားခဲ့ပြီးမှ ဘချစ်နဲ့ ဝင်းမောင်တို့ကို လာသတ်သွားခဲ့ကြတာပဲ"

"အဲဒီအတိုင်းပါပဲ ဘုရား"

ဝင်းသောင်းက လျှောက်ထားပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာတော်က ဆက်လက်မိန့်ကြားပြောဆိုလိုက်ပြန်သည်။

"နောက်ပြီး ထွန်းတောက်နဲ့ ဝင်းနိုင်တို့နှစ်ယောက်စလုံး သေနတ်မှန်သွားခဲ့ကြတယ်နော်"

"မှန်ပါတယ် ဘုရား"

"တစ်နေရာရာမှာတော့ လွဲနေပြီလို့ ဘုန်းကြီးထင်တယ်"

"အမိန့်ရှိပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ထွန်းတောက်နဲ့ ဝင်းနိုင်တို့က သေနတ်သံမကြားခင်က တည်းက ကျောင်းကိုရောက်နေခဲ့ကြတာ။ သူတို့ရောက်လာတော့ ဘုန်းကြီးမကျိန်းသေးဘူး။ ကပ္ပိယကြီးက ထွန်းတောက်နဲ့ ဝင်းနိုင်ကို ကြောက်လန့်ပြီး ကျောင်းပေါ်တက်ပြေးလာခဲ့တာ။ ဒါကြောင့် ဘုန်းကြီးက မယုံလို့ လိုက်ကြည့်ခဲ့တယ်။ ဒီတော့မှ ထွန်းတောက်နဲ့ ဝင်းနိုင်တို့က သူတို့ဟာ သရဲတစ္ဆေတွေမဟုတ်ကြောင်း၊ လူသားစင်စစ်ဖြစ်ကြောင်း ရှင်းပြခဲ့ကြတယ်။ ဒါကြောင့် သူတို့ကို ကျောင်းပေါ်ကို ခေါ်လာပြီး . . . ဘာတွေဘယ်လိုဖြစ်ခဲ့ကြတယ်ဆိုတာ မေးမြန်းနေတုန်း သေနတ်သံတွေကြားခဲ့ရတာပဲ။ သေနတ်သံတွေကြားခဲ့ရပြီး မကြာခင် ဒကာကြီးတို့ရောက်လာခဲ့ကြတာ။ နောက်ပြီး ထွန်းတောက်တို့မှာ သေနတ်မှတ်ခဲ့တယ်ဆိုရင် သူတို့မှာ ဒဏ်ရာရှိရမယ်။ သူတို့မှာလည်း ဘာဒဏ်ရာမှ မရှိကြဘူး။ ဒါကြောင့် ဒကာကြီးတို့ ပြောခဲ့တာတွေနဲ့ ဖြစ်စဉ်တွေက တစ်ထပ်တည်းမကျဘူး။ တစ်နေရာရာမှာတော့ လွဲနေပြီလို့ ဘုန်းကြီးထင်တယ်"

ဆရာတော် မိန့်ကြားပြောဆိုသကဲ့သို့ ထွန်းတောက်တို့မှာ ဘာဒဏ်ရာမှမရှိ။ ထွန်းတောက်တို့ကလည်း အင်္ကျီချွတ်ပြခဲ့ကြသည်။ ဘာဒဏ်ရာမှမရှိ။ ထွန်းတောက်တို့က အင်္ကျီပြန်ဝတ်လိုက်ကြသည်။ အားလုံးမှာ ဝေခွဲမရဖြစ်သွားခဲ့ကြရတော့သည်။

ထို့ကြောင့် -

ဝင်းသောင်းက ဆရာတော်ကို လျှောက်ထားပြောဆိုလိုက်ပြန်သည်။

"ဝင်းနိုင်နဲ့ ထွန်းတောက်တို့က သေသွားခဲ့ကြလို့အရှင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



တိုယ်တော်တိုင် သရဏဂုံတင်ပေးခဲ့ပြီး တပည့်တော်တို့ကိုယ်တိုင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရတာပါ ဘုရား။ မြေပုံထဲက လူသေကအသက်ပြန်ရှင်လာခဲ့တယ်ဆိုတာ ဘယ်လိုမှအဓိပ္ပာယ်မရှိပါဘူး. . . ဘုရား။ လှည့်စားမှုတစ်ခုသာဖြစ်ပါတယ် ဘုရား။ ဒီကောင်နှစ်ကောင်ဟာ ထွန်းတော်နဲ့ ဝင်းနိုင်တို့ မဖြစ်နိုင်ပါဘူး ဘုရား။ လူလိမ်တွေပါ ဘုရား"

ဤတွင် -

ထွန်းတောက်က ဝင်ပြော်လိုက်သည်။

"စောစောကတော့ မင်းတို့ပဲ သွေးစက်တွေက ဒီကျောင်းဝမှာတင် ပျောက်သွားခဲ့တယ်။ ငါတို့နှစ်ယောက် ဒီကျောင်းထဲကို ဝင်လာခဲ့ကြလို့ လိုက်လာခဲ့ကြတာလို့ပြောခဲ့ပြီး အခုမှ ငါတို့ကို ထွန်းတောက်မဟုတ်ဘူး၊ ဝင်းနိုင်မဟုတ်ဘူး ပြောနေပြန်တယ်။ ဘာလိုဖြစ်ရတာလဲ"

"ဝင်းနိုင်နဲ့ ထွန်းတောက်က သေသွားခဲ့ပြီးပြီကွ"

"ဝင်းနိုင်နဲ့ ထွန်းတောက် သေသွားခဲ့ပြီလို့ မင်းတို့က ဘာကြောင့် အခိုင်အမာပြောနိုင်နေကြရတာလဲ"

ဝင်းနိုင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းပါးစပ်ပိတ်သွားခဲ့တော့သည်။ ဝင်းသောင်းတို့အုပ်စုတစ်ခုလုံး ချာတိပျက်၊ မျက်နှာပျက်ဖြစ်သွားခဲ့တော့သည်။ သူကြီးတို့အုပ်စုကသည်း အကဲခတ်ကြည့်နေခဲ့ကြသည်။

ထိုစဉ် -

ဆရာတော်က မိန့်ကြားပြောဆိုလိုက်သည်။

"ကဲ. . . အေးအေးဆေးဆေး ပြောကြဆိုကြ။ ကိုယ့်အချင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေပဲ။ ပြဿနာရှိရင် အဖြေလည်းရှိရမှာပေါ့။ ဘုန်းကြီးသွား ကျိန်းတော့မယ်"

ဆရာတော်မှာ လူမှုကိစ္စများတွင် မပါဝင်လိုသဖြင့် ကျက်သရေ ခန်းကို ကြွသွားခဲ့တော့သည်။ ဆရာတော် ကျက်သရေခန်းတံခါး ပိတ်သွားသည်နှင့် တင်ဆောင်က ပြောလိုက်သည်။

"ဝင်းနိုင်နဲ့ ထွန်းတောက်တို့အလောင်းတွေကို ဆရာတော် က သရဏဂုံတင်ပေးခဲ့ပြီး တို့ကိုယ်တိုင်မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့တာဟာ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ သေခဲ့ကြတဲ့ နိုင်လုံတဲ့ သက်သေပြချက် မဟုတ်ဘူးလား"

"ဆရာတော် သရဏဂုံတင်ပေးပြီး မင်းတို့ မြေမြှုပ်သင်္ဂြိုဟ် ခဲ့ကြတာ ငါတို့နှစ်ယောက်မဟုတ်ဘူး"

"ဘာ. . ."

"ဘာပြောတယ်"

ထွန်းတောက်က ဆရာတော်သရဏဂုံတင်ပေးပြီး တင် ဆောင်တို့ မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့သည်မှာ သူတို့နှစ်ယောက်မဟုတ် ဘူးဟု ပြောဆိုလိုက်သဖြင့် အံ့ဩသွားခဲ့ကြတော့သည်။

ထို့ကြောင့် -

ထွန်းတောက်က ဆက်ပြောလိုက်ပြန်သည်။

"မင်းတို့က ဘာမှမသိကြသေးတော့ ငါတို့ ညီအစ်ကို တကယ်သေခဲ့ကြပြီထင်ပြီး ဝမ်းသာနေခဲ့ကြမှာပေါ့လေ။ တို့ တကယ်တော့ သေမှမသေခဲ့ကြတာပဲကွာ။ ဘာလဲ တို့မသေဘူး လို့ မင်းတို့လန့်သွားကြပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် လူလိမ်၊ တို့က ဘာမှလန့်စရာအကြောင်းမရှိဘူး။ သူကြီး. . . ဒီကောင်နှစ်ကောင်ကို ဖမ်းလိုက်ပါ"

တင်ဆောင်က သူကြီးကိုအမိန့်ပေးသလို ပြောဆိုလိုက်သည်။ သူကြီးမှာ နဂိုကတည်းကပင် တင်ဆောင်တို့သားအဖကို လွန်ဆန်နိုင်သူမဟုတ်၊ တင်ဆောင်တို့သားအဖ၏ဦးဆောင်မှုအောက်မှာပင် အမြဲလိုလိုလုပ်ကိုင်နေခဲ့ရသူဖြစ်သည်။ ခု တင်ဆောင်က ထွန်းတောက်တို့ကို ဖမ်းဆီးခိုင်းနေသဖြင့် သူကြီး ဘာလုပ်ရမယ်မသိတော့။

ထို့ကြောင့် -

အဘိုးလှက ဝင်ပြောလိုက်သည်။

"ခဏလေး. . ခဏလေး. . . ဝင်းနိုင်နဲ့ ထွန်းတောက်တို့အခုလို ဘယ်လိုပြန်ရှင်လာခဲ့ကြတာလဲ။ ဘာကြောင့် မသေခဲ့ကြသလဲဆိုတာ တို့နားလည်အောင်လည်း ရှင်းပြကြပါဦးကွယ်"

အဘိုးလှ၏စကားကို ဦးစိန်မြင့်နှင့် သူကြီးတို့ကလည်း ဆောက်ခံပြောဆိုခဲ့ကြသည့်အပြင် ဝင်းသောင်းနှင့် တင်ဆောင်တို့ကိုယ်တိုင်ကလည်း သိချင်ခဲ့ကြသဖြင့် ဝင်းသောင်းကပြောလိုက်သည်။

"ကဲ. . . မင်းတို့နှစ်ယောက်ကို တို့ကိုယ်တိုင် မြေမြှုပ်ခဲ့ကြပြီးမှ မင်းတို့က မသေကြဘူးဆိုတော့ ဘယ်လိုဖြစ်လို့လဲ"

ထို့ကြောင့် -

ဝင်းနိုင်က ရှင်းပြပြောဆိုလိုက်သည်။

"မင်းတို့က မသိသလိုပြန်မေးနေကြတော့လည်း တို့က ပြန်ပြီး ပြောပြရတော့မှာပေါ့ကွာ။ မင်းတို့ တပည့်တွေ တို့ညီအစ်ကိုတို့

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းပြီးလုပ်ကြံခဲ့ကြတော့ တို့က ပြန်ခုခံခဲ့တယ်။ မင်းတပည့်နှစ်ယောက် သေသွားခဲ့ပြီး တို့လည်း အလူးအလဲခံနေကြရတယ်။ အဲဒီအချိန်မှာ လူတစ်ယောက်ဘယ်ကဘယ်လို ရောက်လာမှန်းမသိဘူး။ တို့ဘက်ကဝင်ကူတယ်။ မင်းလူတွေ ထွက်ပြေးသွားခဲ့ကြတယ်။ ငါတို့ကို ဝင်ကယ်တဲ့လူက သေသွားတဲ့ မင်းတပည့်နှစ်ယောက်နဲ့ တို့ညီအစ်ကိုနှစ်ယောက် အဝတ်အစားတွေလဲဝတ်ခိုင်းပြီး မင်းတပည့်နှစ်ယောက်ရဲ့မျက်နှာတွေကို ဖျက်ဆီးပစ်ခဲ့တယ်။ အမေကတော့ ထွက်ပြေးသွားလို့ လွတ်သွားခဲ့တယ်။ ဒီတော့ မင်းတို့က မင်းတို့တပည့်နှစ်ယောက်ကို တို့ညီအစ်ကိုလို့ထင်သွားအောင် တို့ကိုသင်္ဂြိုဟ်ခဲ့ကြတာလေ"

"ဟော့ကောင်. . . မင်းမဟုတ်တာ မပြောနဲ့."

ဝင်းသောင်းက ဒေါသတကြီးပြောဆိုလိုက်သဖြင့် အဘိုးလုက ဝင်ရောက်တောင်းပန်ပြောဆိုလိုက်သည်။

"ခဏ. . ခဏ သည်းညီးခံပါ မောင်ဝင်းသောင်း"

ထို့ကြောင့် -

ဝင်းနိုင်က ဆက်ပြောလိုက်ပြန်သည်။

"တို့ကို ဝင်ကယ်ခဲ့တာ ဘယ်သူလဲ မင်းတို့သိလား"

"ဘယ်သိမလဲကွ"

"မကောင်းသူကိုပယ်ပြီး ကောင်းသူကို ကယ်နေတဲ့ ထွက်ရပ်ပေါက်ဝိဇ္ဇာဘိုးတော်ကြီးပဲ။ ဒီဘိုးတော်ကြီးက မသိတာမရှိသလို မလုပ်နိုင်တာလဲ မရှိဘူး။ ဒါကြောင့် အဲဒီဘိုးတော်ကြီးက မင်းတို့ရဲ့ကြောင်သူတော်ကြွက်သူခိုးလုပ်ရပ်တွေကို သိနေလို့ တို့ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



တို သူကယ်ခဲ့တာ"

"ဟော့ကောင်. . . မင်း ဝင်းနိုင်မဟုတ်ဘူးဆိုတာ ငါသိနေတယ်။ မင်းတို့ ဘာဖြစ်လို့ ဒီလိုအယောင်ဆောင်လာကြတာလဲ။ ဘာလဲ ဝင်းနိုင်နဲ့ ထွန်းတောက်တို့ရဲ့အမွေတွေကို လိုချင်လို့လား။ အယ်တော့မှမရဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က ဝင်းနိုင်အစစ်၊ ထွန်းတောက်အစစ်မှ မဟုတ်တာ"

ဤတွင် -

ထွန်းတောက်က ဝင်ပြောလိုက်သည်။

"ဒီမှာ တင်အောင်၊ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကို မင်းတို့က တကယ့်စေတနာရှင်ကြီးတွေပုံစံနဲ့ အမွေတွေခွဲပေးခဲ့ကြတယ်။ တကယ်တော့ လူတွေက မင်းတို့ကို တကယ့်သူတော်ကောင်းကြီးတွေလို ထင်အောင်လုပ်ပြခဲ့ကြတာပဲ။ ငါတို့ကို တစ်နည်းနည်းနဲ့ ရှင်းပစ်ဖို့ စီစဉ်ပြီးသားပါ။ ဒါပေမဲ့ တို့ကလည်း မင်းတို့ငွေတွေကို မမက်လို့ မယူခဲ့ကြပါဘူး။ ငါတို့ မယူခဲ့ပေမယ့် မင်းတို့ စိတ်မချကြဘူးလေ။ ဒါကြောင့် အပြန်မှာ မင်းတပည့်တွေနဲ့ လုပ်ကြံခိုင်းခဲ့ကြတာ. . . ကဲ မင်းတို့ဘာပြောမလဲ"

"ဟော့ကောင် အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့"

ဦးကျော်သောင်းက မြူးတူးပြတဲ ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ဦးကျော်သောင်းက တားမြစ်ပြောဆိုခဲ့သော်လည်း ထွန်းတောက်က ဆက်ပြောနေခဲ့သည်။

"ဆင်သေကို ဆိတ်ရေနဲ့ဖုံးဖို့ မကြိုးစားချင်စမ်းပါနဲ့ ဦးကျော်သောင်းရယ်။ ခင်ဗျားတို့ သားအဖနဲ့ ဝင်းသောင်းတို့သားအဖ ပူးပေါင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံခဲ့ကြတာ ဝန်ခံလိုက်စမ်းပါဗျာ"

"ဟော့ကောင် ငါက ဘာကိစ္စနဲ့ မင်းတို့ကို လုပ်ကြံရမှာလဲ"

ဝင်းသောင်းက ဒေါသတကြီး ဝင်ပြောလိုက်သဖြင့် ဝင်းနိုင်က ဝင်ပြောလိုက်သည်။

"မင်းက ခင်နှင်းလှိုင်ကိုလိုချင်လို့ တင်ဆောင်တို့က အမွေတွေ မပေးချင်လို့"

"ဟော့ကောင်တွေ မင်းတို့ ရှုးကြောင်မူးကြောင်လျှောက်ပြောမနေကြနဲ့။ သူကြီး ဒီကောင်နှစ်ကောင်ကို အခုချက်ချင်းဖမ်း၊ ထိတ်တုံးခတ်ထားလိုက်၊ မနက်ကျရင် မြို့ကိုပို့မယ်"

ဦးကျော်သောင်းက ဒေါသတကြီးပြောဆိုကာ သူကြီးကို ပြောလိုက်သည်။ ထို့ကြောင့် ထွန်းတောက်က မေးလိုက်သည်။

"နေပါဦး. . . ကျွန်တော်တို့ကို ဘာအမှုနဲ့ ဖမ်းမှာလဲ"

"ဘချစ်နဲ့ ဝင်းမောင်ကိုသတ်တဲ့အမှု၊ ဝင်းနိုင်နဲ့ ထွန်းတောက် အယောင်ဆောင်မှု၊ မသင်္ကာမှု"

"ခင်ဗျားတို့ တော်တော်ရယ်ရတဲ့လူတွေပဲ။ ခင်ဗျားတို့ တပည့် ဘချစ်နဲ့ ဝင်းမောင် အသတ်ခံနေရတဲ့အချိန်မှာ ကျွန်တော် ဒီမှာရှိနေတာ စောစောကလေးတင် ဆရာတော်မိန့်ကြားပြောသွားခဲ့တာ ခင်ဗျားလည်းကြားခဲ့တာပဲ။ နောက်ပြီး ကျွန်တော်တို့နှစ်ယောက်ကို ထွန်းတောက်နဲ့ ဝင်းနိုင်ဆိုတာ ကျွန်တော့်အမေကိုယ်တိုင်က လက်ခံနေခဲ့တာပဲ။ ကျွန်တော့် အမေတင်မကဘူး ဆရာတော်ရော၊ ကပ္ပိယကြီးရော သက်သေခံခဲ့တာပဲ။ ကဲ. . . သူကြီး၊ အဘိုးလှ၊ ဆရာကြီး . . . ကျွန်တော်တို့ ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းတောက်က သူကြီးဦးလှကျော်၊ အဘိုးလှနှင့် ဆရာကြီးဦးစိန်မြင့်တို့ကိုပါ သက်သေထူမေးမြန်းနေခဲ့သဖြင့် သူကြီးတို့မှာလည်း ဘာပြောရမှန်းမသိဖြစ်နေခဲ့ကြရတော့သည်။

ထို့နောက် -

ဝင်းနိုင်က ဝင်ပြောလိုက်ပြန်သည်။

"ခင်ဗျားတို့ ကျွန်တော်တို့ကို အလွယ်တကူဖမ်းလို့ရလိမ့်မယ်လို့ ထင်နေခဲ့ကြတာကိုး။ ဒီမှာ ကျွန်တော်တို့နှစ်ယောက်စလုံးကို ကျွန်တော်တို့ကို ကယ်တင်ခဲ့တဲ့ ဘိုးတော်ဝိဇ္ဇာကြီးက သူ့ပညာတွေကို အကုန်အစုံသင်ပေးပြီးမှ လွှတ်လိုက်တာ။ ခင်ဗျားတို့မယုံကြဘူးလား. . . ဟောဒီမှာကြည့်"

"ဟိတ်"

"ဒုန်. . . ဖြုန်း"

"ဟာ"

ဝင်းနိုင်က ရုတ်တရက်အနီးရှိ ပြတင်းပေါက်ဆီသို့ လက်ကိုဆတ်ခနဲ ဆန့်တန်းလိုက်သည်။ ဝင်းနိုင်နှင့် ပြတင်းပေါက်မှာ သုံးလေးပေခန့်ဝေးနေခဲ့သော်လည်း ပြတင်းပေါက်တံခါးရွက်နှစ်ရွက်မှာ 'ဝုန်းခနဲ. . ဒိုင်းခနဲ'ပိတ်သွားခဲ့သဖြင့် အံ့ဩတုန်လှုပ်သွားခဲ့ကြတော့သည်။

ထို့နောက်. . .

ဝင်းနိုင်က ရီပြုံးပြောဆိုလိုက်ပြန်သည်။

"ခင်ဗျားတို့က မယုံချင်ကြသေးဘူးလား။ မယုံရင် ဟောဒီမှာကြည့်လိုက်ဦး"

"ဟိတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဟာ"

ဝင်းနိုင်က ပြတင်းပေါက်ဆီသို့ လက်တစ်ဖက်ကို ဆတ်ခနဲ ဆန့်တန်းလိုက်ပြန်ရာ စောစောက ပိတ်နေခဲ့သော ပြတင်းပေါက်တံခါးရွက်နှစ်ချပ်မှာ ဝုန်းခနဲ ပွင့်သွားခဲ့ပြန်သဖြင့် အံ့ဩတုန်လှုပ်သွားခဲ့ကြပြန်သည်။

ထို့နောက် -

ထွန်းတောက်က ပြောလိုက်ပြန်သည်။

"ဒီလောကမှာ ကျွန်တော်တို့ မလုပ်နိုင်တာ ဘာမှမရှိသလို ကျွန်တော်တို့ မသိတာလည်း ဘာမှမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ကို ထိတ်တုံးခတ်ဖို့ မစဉ်းစားကြနဲ့။ ထိတ်တုံးတို့၊ လက်ထိပ်တို့ လောက်ကတော့ ကျွန်တော်တို့အတွက် စာဖွဲ့စရာအကြောင်းမရှိဘူး။ ကျွန်တော်ပြောတာမယုံဘူးလား. . . မယုံရင် ဟောဒီမှာကြည့်"

"ဟိတ်"

"ဂျောက်"

"ဟယ်"

ထွန်းတောက်က အနီးရှိ စာအုပ်ဘီရိုတွင် ခတ်ထားသော သော့ခလောက်ကို ဆတ်ခနဲဆောင့်ဆွဲလိုက်ရာ သော့ခလောက်ပွင့်ထွက်သွားခဲ့တော့သည်။ ထို့ကြောင့် ဝင်းနိုင်နှင့် ထွန်းတောက်တို့ကို မယုံကြည်နိုင်အောင်ပင် အံ့ဩငေးမောကြည့်နေခဲ့ကြတော့သည်။

ထို့နောက် -

ထွန်းတောက်က ဆက်ပြောလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ မယုံကြသေးဘူးဆိုရင် တင်ဆောင် မင်းတို့မှာ သေနတ်တွေပါတယ်မဟုတ်လား တို့ကိုပစ်လိုက်လေကွာ။ မင်းသေနတ်နဲ့ ပစ်လိုက်စမ်းပါ။ မင်း သေနတ်က ကျည်ဆံထွက်လာခဲ့ရင် တို့ညီအစ်ကိုနှစ်ယောက်စလုံးသေသွားစမ်းပါစေ။ ပစ်လေ. . . ပစ်ပါကွ"

ထွန်းတောက်က စိန်ခေါ်ပြောဆိုနေသော်လည်း တင်ဆောင်က ဘာတစ်ခွန်းမှပြန်မပြော။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ကိုသာ စူးစူးစိုက်စိုက်ကြည့်နေခဲ့သည်။ သူကြီး၊ ဆရာကြီးနှင့် အဘိုးလှတို့ကလည်း ဝင်းနိုင်နှင့် ထွန်းတောက်တို့ကိုကြည့်ပြီး ရင်သပ်ရှုမောနေခဲ့ကြသည်။

ထိုစဉ် -

ဝင်းနိုင်ကပြောလိုက်သည်။

"ဒီအချိန်မှာ ငါတို့နှစ်ယောက်ကို မင်းတို့ဘာမှမလုပ်နိုင်ဘူးဆိုတာ ယုံလိုက်စမ်းပါကွာ။ ဒီတော့ မင်းတို့စိတ်တွေကို လျှော့၊ ဒေါသတွေကိုဖြေပြီးပြန်ကြတော့။ အဲ. . . တစ်ခုတော့ သတိပေးလိုက်မယ်။ ငါတို့က လူတစ်ယောက်ကို ချောင်းရိုက်တာ ဝါသနာမပါဘူး. . . ရှက်သို့။ ရိုက်ချင်ရင် ပြောင်ပဲရိုက်ချင်တယ်။ ဒါကြောင့် မင်းတို့ကြပ်ကြပ်သတိထားနေပါ။ မင်းတို့ကို လက်စားချေဖို့ တို့လာခဲ့တာ။ ဒါပေမဲ့ တို့တ တရားခံအဖြစ်မခံနိုင်ဘူး။ ဒါကြောင့် မင်းတို့ကို တို့လက်နဲ့ သတ်ဘူး။ ဘိုးတော်ဝိဇ္ဇာကြီးပေးခဲ့တဲ့ ပညာနဲ့ပဲသတ်မယ်။ လက်သည်မပေါ်အောင် သတ်ပစ်မယ်။ အဲဒါ မင်းတို့ကို သတိပေးလိုက်တာပဲ"

ထို့နောက် -

www.burmeseclassic.com

www.burmeseclassic.com



ထွန်းတောက်က ပြောလိုက်ပြန်သည်။

"မင်းတို့ကလည်း မင်းတို့အားကိုးနေတဲ့ မင်းတို့ပထွေးနယ်ချဲ့ပုလိပ်အားကိုးနဲ့ တို့ကိုအပြတ်ရှင်းဖို့ ကြိုးစားကြပေါ့ကွာ။ ဒါမှလည်း မင်းတို့အတွက်လည်း အန္တရာယ်ရှင်းမယ်။ မင်းတို့ဖြစ်ချင်တာတွေလည်းဖြစ်ရမယ်။ ဒီအချိန်ကစပြီး ထွန်းတောက်နဲ့ ဝင်းနိုင်တို့က မင်းတို့ကို စိန်ခေါ်လိုက်ပြီ"

ဝင်းနိုင်နှင့် ထွန်းတောက်တို့၏ ပြောဆိုမှုတွေကို သည်းမခံနိုင်တော့သဖြင့် ဝင်းသောင်းနှင့် တင်ဆောင်တို့က စတင်တိုက်ခိုက်ရန်ပြေးသွားခဲ့ကြသဖြင့် သူကြီးနှင့် လူကြီးတွေက ဝိုင်းဆွဲခဲ့ကြရသည်။ ထို့အတူ ဝင်းနိုင်နှင့် ထွန်းတောက်တို့ကလည်း ပြန်လည်တိုက်ခိုက်ရန်ပြေးသွားခဲ့ကြသဖြင့် ကပ္ပိယကြီးနှင့် ဒေါ်မြတင်တို့က ဝိုင်းဆွဲခဲ့ကြရတော့သည်။

ထို့ကြောင့် -

ကပ္ပိယကြီးက အားလုံးကို တောင်းပန်ပြောဆိုလိုက်သည်။

"ကဲ. . ကဲ. . မောင်ဝင်းသောင်း၊ မောင်တင်ဆောင်၊ မောင်ထွန်းတောက်နှင့် မောင်ဝင်းနိုင်တို့ ကပ္ပိယကြီးတောင်းပန်ပါတယ်ကွာ။ နောက်မှပဲ အေးအေးဆေးဆေးပြောကြပါ။ ကျောင်းပေါ်မှာ ပြဿနာမဖြစ်ကြပါနဲ့။ ဆရာတော်လည်း ကျိန်းနေလောက်ပါပြီ။ ကပ္ပိယကြီးတောင်းပန်ပါတယ်။ ဦးကျော်သောင်း၊ ဦးလူမော်တို့ကိုလည်း တောင်းပန်ပါတယ်။ ဆရာတော်ကိုလည်း အားနာဖို့ကောင်းပါတယ်။ ပြောစရာရှိရင်လည်း နောက်မှပဲပြောကြပါ။ ပြန်ကြပါတော့ဗျာ။ ကျုပ်တော်တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးက ဆရာတော်နှင့် ကိုင်ပေါက်ပြောဆိုနေသဖြင့် အားလုံးငြိမ်သွားခဲ့ကြတော့သည်။ သူကြီး၊ အဘိုးလှနှင့် ဦးစိန်မြင့်တို့ကလည်း အကျိုးသင့်အကြောင်းသင့် ဝိုင်းပြောနေခဲ့ကြသဖြင့် တင်ဆောင်တို့ အုပ်စုပြန်လာခဲ့ကြတော့သည်။ ပြန်လာခဲ့ကြသော်လည်း ဝင်းသောင်းက ထွန်းတောက်တို့ကို မကျေမနပ်ပြောခဲ့သည်။

"မုဆိုးဆိုတာ တောကျွမ်းရတယ်ကွ။ တောမကျွမ်းဘဲ တောစမ်းချင်ရင်တော့ မုဆိုးက သားကောင်ဖြစ်သွားတတ်တယ် သတိထား"

ထို့အတူ -

ထွန်းတောက်ကလည်း ပြန်လည်ပြောဆိုခဲ့ပြန်သည်။

"ဆင်သွားရင် လမ်းဖြစ်တယ်ဆိုတာ မင်းတို့လည်း သိမှာပါကွာ။ ဆင်ကိုမကြောက်ရင်တော့ ဆင်နင်းခံရလို့ ပြားပြားလေးနဲ့ ပါးပါးလေးဖြစ်သွားတတ်တယ်။ မင်းတို့လည်း သတိထား"

သို့နှင့် -

သူကြီး၊ ဆရာကြီးနှင့် အဘိုးလှတို့မှာလည်း ဝင်းသောင်းတို့နှင့်အတူ ပြန်လာခဲ့ကြသည်။ ပြန်လာခဲ့ကြသော်လည်း သူကြီး၊ အဖိုးလှနှင့် ဆရာကြီးဦးစိန်မြင့်တို့မှာ ဘယ်သူက မုဆိုး၊ ဘယ်သူက သားကောင်ဆိုသည်ကို ဝေခွဲမရဖြစ်နေခဲ့ကြလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ဇာဝေဇာဝါ

နောက်တစ်နေ့ မနက်တွင် -

ထွန်းတောက်နှင့် ဝင်းနိုင်တို့ပြန်လာပြီဟူသော သတင်းမှာ တစ်ရွာလုံးပျံ့နှံ့သွားခဲ့သည်။ စောစောပိုင်းက ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို ဝိညာဉ်ဘဝ၊ သရဲတစ္ဆေဘဝနှင့် ပြန်လာကြမည်ဟု တွေး ထင်နေခဲ့ကြရာမှ ယခုမသေမပျောက်ဘဲ ပြန်လာခဲ့ကြသည်ဆိုသဖြင့် အံ့သြဝမ်းသာနေခဲ့ကြရသည်။ ထို့ကြောင့် ထွန်းတောက်နှင့် ဝင်းနိုင် တို့ရှိရာ ကျောင်းဝင်းဇရပ်သို့ လာရောက်သတင်းမေးနေခဲ့ကြသဖြင့် ကျောင်းဝိုင်းအတွင်းမှာ လူတွေစည်ကားနေခဲ့သည်။

ထို့အပြင် -

ဘယ်သူက ဘယ်လို စကားပြန့်သွားခဲ့သည်မသိ။ ည ကျောင်းပေါ်တွင် ဖြစ်ပျက်ခဲ့သော သတင်းမှာလည်း တစ်ရွာ ပြန့်နှံ့သွားနေခဲ့ပြန်သည်။ ထို့အတူ ညက ခင်နှင်းလှိုင်နှင့် ခင်... လှိုင်တို့ထံသို့ ထွန်းတောက်နှင့် ဝင်းနိုင်တို့သွားခဲ့ကြသည့် ဖြစ်...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်များနှင့် ဘချစ်နှင့် ဝင်းမောင်တို့ကို ဝင်းနိုင်နှင့် ထွန်းတောက်တို့က လုပ်ကြံသတ်ဖြတ်သွားခဲ့ကြသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း တစ်ရွာလုံးသိရှိနေခဲ့ကြပြန်သည်။

ထို့ကြောင့် -

လဗတစ်ပင်တစ်ရွာလုံးမှာ ကိုယ့်အလုပ်ကိုပင် ကိုယ်မလုပ်ကြတော့ဘဲ ဒီအကြောင်းတွေကိုသာ စိတ်ဝင်တစားပြောဆိုနေခဲ့ကြတော့သည်။ ထို့ကြောင့် ထိုဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ ဝင်းနိုင်နှင့် ထွန်းတောက်တို့ထံ ကိုယ်တိုင်ကိုယ်ကျ သွားရောက်မေးမြန်းခဲ့ကြသည်။

ထို့ကြောင့် -

ထွန်းတောက်နှင့် ဝင်းနိုင်တို့က ပြန်လည်ရှင်းလင်းပြောပြခဲ့ကြသည်။

"တင်ဆောင်ရဲ့တပည့် ဝင်းမောင်နဲ့ ဘချစ်တို့ သေခဲ့ရတာဟာ သရဲဂုတ်ချိုးသတ်လို့သေခဲ့ရတာပဲ။ ကျွန်တော်တို့ ညီအစ်ကို သရဲခြောက်မှ မဟုတ်တာ။ လဗတစ်ပင်ရွာသား စစ်စစ်တွေပဲလေ။ နောက်ပြီး အဲဒီအချိန်မှာ ကျွန်တော်တို့နှစ်ယောက်က ဆရာတော်နဲ့ ကပ္ပိယကြီးတို့ရဲ့မျက်စိအောက်မှာပဲရှိနေခဲ့ကြတာလေ။ ဒီကိစ္စက တင်ဆောင်တို့ ဝင်းသောင်းတို့ရဲ့ လှည့်ကွက်တစ်ခုပါ တစ်ချက်ခုတ်နှစ်ချက်ပြတ်လုပ်ခဲ့ကြတာပါ"

"ဘယ်လိုတစ်ချက်ခုတ် နှစ်ချက်ပြတ်လဲ"

"တစ်ချက်က ကျွန်တော်တို့နှစ်ယောက် အမှန်တကယ်သေသွားခဲ့ကြပြီလို့ လူတွေကိုသိစေချင်ကြတယ်လေ။ ဒါ့အပြင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ပြန်လာရင် ထွန်းတောက်အတု၊ ဝင်းနိုင်အတုလို့ စွပ်စွဲလို့ရမှာပေါ့။ နောက်တစ်ချက်က ကျွန်တော်တို့ကို အယောင်ဆောင်တွေလို့ စွပ်စွဲမရခဲ့ရင် လူသတ်မှုနဲ့ ဖမ်းကြမယ်။ တကယ်တော့ ဝင်းမောင်နဲ့ ဘချစ်ဟာ သူတို့အတွက် အန္တရာယ်ရှိလာနိုင်လို့ နှုတ်ပိတ်ခဲ့ကြတာလဲဖြစ်နိုင်တာပဲ"

ထွန်းတောက်တို့ပြောနေကြသည်မှာလည်း သဘာဝကျနေပြန်သည်။ သဘာဝကျနေခဲ့သော်လည်း ထွန်းတောက်နှင့် ဝင်းနိုင်တို့၏ အလောင်းတွေကိုလည်း မျက်စိအောက်မှာပင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြခြင်းဖြစ်သည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့၏ မျက်နှာများတွင် ဒဏ်ရာဒဏ်ချက်များစွာနှင့် စုတ်ပြတ်ပျက်စီးနေခဲ့သော်လည်း တစ်ရွာတည်းသားတွေဖြစ်နေသဖြင့် မှတ်မိနေခဲ့ကြသည်။ ထို့ကြောင့် ရွာသူရွာသားများမှာ ထွန်းတောက်တို့ပြောတာဟုတ်သလား။ တင်အောင်တို့ပြောသည်ကို ဟုတ်သလား။ ဝေခွဲမရနိုင်ကြတော့ မျက်စိလည်နေကြရပြီဖြစ်သည်။

ထို့နောက် -

ထွန်းတောက်က ဆက်လက်ရှင်းလင်းပြောပြခဲ့ပြန်သည်။

"ခင်နှင်းယွှင်နဲ့ ခင်ဝင်းလှိုင်တို့ဆီကိုတော့ ကျွန်တော်တို့သွားခဲ့ကြပါတယ်။ ကျွန်တော်တို့ ရောက်လာပြီဆိုတာ သိစေချင်တာနဲ့ ဝင်ပြီး နှုတ်ဆက်တဲ့သဘောနဲ့ နောက်ပြောင်ခြောက်လှန့်ခဲ့ကြတာပါ။ သူတို့အိမ်ရှေ့က ဖိနပ်ကတော့ ကျွန်တော့်ဖိနပ်မဟုတ်ပါဘူး"

ထို့ကြောင့် -

ရွာသူရွာသားများမှာ ဘယ်လိုမှစဉ်းစားမရကြတော့ပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တင်ဆောင်တို့အုပ်စုနှင့် ထွန်းတောက်တို့အုပ်စု ဘာတွေ ဘယ်လိုဖြစ်လာကြမည်ကို စိတ်ဝင်စားနေခဲ့ကြသည်။ လောလော ဆယ်အခြေအနေတွင် တင်ဆောင်တို့၏ စွပ်စွဲပြောဆိုနေမှုတွေမှာ လည်း ဖြစ်နိုင်ခြေရှိနေသလို ထွန်းတောက်တို့၏ပြောဆိုနေမှုတွေမှာ လည်း ဖြစ်နိုင်ချေရှိနေခဲ့ပြန်သည်။ မည်သို့ပင်ဖြစ်စေ၊ ရွာသူရွာသား တော်တော်များများမှ နဂိုမူလကပင် ဝင်းသောင်းတို့အပေါ် မကြည် မလင်ဖြစ်နေခဲ့ကြသဖြင့် ထွန်းတောက်တို့ ပြောဆိုမှုတွေကိုသာ မှန် ဓာန်လာလိမ့်မည်ဟု တွေးထင်နေခဲ့ကြသည်။

သို့နှင့် -

တစ်ပတ်ခန့်ပင် ကြာသွားခဲ့ပြီဖြစ်သည်။ ဒီရက်အတွင်းတွင် တင်ဆောင်တို့ဖက်မှ လှုပ်ရှားမှုမရှိခဲ့ကြသော်လည်း ဝင်းနိုင်နှင့်ထွန်း တောက်တို့ ညီအစ်ကိုကမူ ဇရပ်မှာပင် တည်းခိုနေခဲ့ကြပြီး ကျေးရွာ အတွင်းအပေါင်းအသင်းများအိမ်သို့ တစ်အိမ်တက်ဆင်းလိုက်လံ လည်ပတ်နေခဲ့သည်။ သူတို့၏ဖြစ်စဉ်ဖြစ်ရပ်တွေကိုလည်း ဖောက် သည်ချပြောပြနေခဲ့ကြသည်။ ဒီတစ်ပတ်အတွင်းမှာပင် ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ နေအိမ်သို့ ထွန်းတောက်ရော ဝင်းနိုင်ပါ သုံးလေး ခေါက်ပင် ရောက်ခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် -

ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို လဗတစ်ပင်ရွာသားအစစ် ဖြစ်ကြောင်း ယုံကြည်လက်ခံသွားခဲ့ကြတော့သည်။ ယုံကြည်လက်ခံ နေကြပြီ။ တင်ဆောင်တို့ ဝင်းသောင်းတို့ကို စိုးရိမ်ထိတ်လန့်နေကြ သဖြင့် မပြောရဲကြပေ။ သို့သော် အချို့သော လူငယ်တွေကမူ တင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တို့တိုပင် အလေးမထားကြတော့ဘဲ ထွန်းတောက်တို့ ဝင်းနိုင်တို့နှင့် တစ်တွဲတွဲလုပ်နေခဲ့ကြသည်။ ထွန်းတောက်တို့မှာလည်း အရင်နှင့်မတူ။ ငွေကြေးကို ဖောဖောသီသီသုံးစွဲနေခဲ့ကြပြီး ရက်ရက်ရောရော ပေးကမ်းနေခဲ့ကြသဖြင့် အခြွေအရံတွေ ပေါများနေခဲ့သည်။ ဝိဇ္ဇာဘိုးတော်ကြီးက လက်စားချေရေးအစီအစဉ်တွင် သုံးစွဲရန် ငွေကြေးလုံလုံလောက်လောက်ပေးလိုက်သည်ဟု ထွန်းတောက်တို့က ပြောဆိုခဲ့ကြသည်။

ထို့အပြင် -

ထွန်းတောက်နှင့် ဝင်းနိုင် လူငယ်တွေကိုစည်းရုံးပြီး လူမှုရေးလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်လာနေသဖြင့် တင်ဆောင်တို့၏ စွပ်စွဲပြောဆိုမှုတွေမှာ အရာမရောက်ဖြစ်နေခဲ့တော့သည်။ ထို့ကြောင့် တင်ဆောင်နှင့် ဝင်းသောင်းတို့မှာ မခံချိမခံသာဖြစ်နေခဲ့ကြရတော့သည်။

သို့နှင့်တစ်နေ့ -

လဖတ်စ်ပင်ရွာတွင် အုတ်အော်သောင်းတင်းကိစ္စတစ်ခု ဖြစ်လာခဲ့လေတော့သည်။

"နတ်ကတော်ဒေါ်ငွေကို ထွန်းတောက်တို့ ညီအစ်ကို ဝင်ပူးနေတယ်တဲ့။ ဝင်းနိုင်တောင် ဝင်ပူးပြီး ပြန်ထွက်သွားပြီတဲ့"

"ထွန်းတောက်တို့ ညီအစ်ကိုက သေမှမသေကြသေးတာ။ ဘယ်လိုလုပ်ဝင်ပူးရမှာလဲ"

"အဲဒါတော့ မသိဘူး။ သွားကြည့်နေကြတာ အများကြီးပဲ။ ငါလည်း သွားကြည့်မလို့။ အခု ထွန်းတောက်ဝင်ပူးနေတုန်းတဲ့"

"ဟာ. . . ဒါဆို ငါလည်းလိုက်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော်ဒေါ်ငွေ၏ အိမ်တွင် ပွဲတမျှလူစည်ကားနေခဲ့သည်။ ဒေါ်ငွေမှာ ဘုရားစင်ရှေ့တွင်ထိုင်ပြီး မျက်နှာထားတင်းစွာနှင့် တုန်တုန်ရီရီပြောဆိုနေသည်။ အမျိုးသမီးကြီးသုံးလေးယောက်တလည်း ဒေါ်ငွေ၏နံဘေးတွင် ဝိုင်းပြီးပြောဆိုမေးမြန်းနေခဲ့ကြသည်။ ပရိသတ်မှာလည်း အိမ်နှင့်အပြည့်ဖြစ်နေသည်။ ဒေါ်ငွေသည် ပရိတ်သတ်ကို ဝေ့ဝိုက်ကြည့်ကာ ပြောလိုက်သည်။

"ဟော့. . . ထွန်းတောက်နဲ့ ဝင်းနိုင်ဆိုတာ ဟောဒီ လဗတစ်ပင်ရွာသားကွနော်"

"ဟုတ်ပါတယ်"

"သူများသတ်လို့သေခဲ့ကြရတာကွ။ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ အလောင်းတွေကို မင်းတို့ကိုယ်တိုင် မြှုပ်ခဲ့ကြတာ"

"ဟုတ်ပါတယ်"

"ဟုတ်ပါတယ်ဆိုပြီး မင်းတို့ရွာကိုရောက်နေတဲ့ အယောင်ဆောင် ထွန်းတောက်နဲ့ ဝင်းနိုင်လူလိမ်နှစ်ယောက်ကို ဘာဖြစ်လို့ လက်ခံထားရတာလဲကွ. . . ဟော"

နံဘေးတွင် ဝိုင်းမေးနေကြသော အမျိုးသမီးကြီးတွေမှာ ဘာပြောလို့ ပြောရမှန်းမသိကြတော့ပေ။ ရွာမှာလည်း ထွန်းတောက်နှင့်ဝင်းနိုင်တို့က ရှိနေကြသည်။ သေသွားခဲ့ကြသည့် ထွန်းတောက်နှင့်ဝင်းနိုင်တို့ကလည်း ဝင်ပူးနေခဲ့ကြပြန်သည်။ ထို့ကြောင့် မျက်စိလည်နေကြရပြီဖြစ်သည်။

ထိုစဉ် -

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

"ဟော့. . . မင်းတို့ ထွန်းတောက်ရဲ့ဒေါသကို သိကြတယ် နော်"

ဒေါ်ငွေက ကြမ်းပြင်ကို လက်သီးနှင့်ထိုးကာ ဒေါသတကြီး ပြောလိုက်ခြင်းဖြစ်သည်။ အားလုံးမှာ ငြိမ်သက်နေခဲ့ကြသည်။ ထို့ ကြောင့် ဒေါ်ငွေက စိတ်ဆိုးမာန်ဆိုးပြောလိုက်ပြန်သည်။

"လဗတစ်ပင်ကို ရောက်နေကြတဲ့ လူလိမ်နှစ်ယောက်ဟာ ထွန်းတောက်နဲ့ ဝင်းနိုင် အယောင်ဆောင်ပြီး ထွန်းတောက်တို့အမွေ တွေကို လိုချင်လို့ ကလိမ်ကကျစ်လာလုပ်နေကြတာ။ တို့ဘယ်လိုမှ လက်မခံနိုင်ဘူး။ အမွေတွေကို ထွန်းတောက်နဲ့ ဝင်းနိုင်က မလိုချင် လို့ မယူခဲ့ကြတာ။ နင်တို့နှစ်ကောင်က ထွန်းတောက်နဲ့ ဝင်းနိုင်အဖြစ် နဲ့ အမွေတွေ ပြန်တောင်းကြရင် ထွန်းတောက်နဲ့ ဝင်းနိုင်တို့ဟာ စကား မတည်တဲ့ကောင်တွေဖြစ်သွားမှာပေါ့။ တို့အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ဒီကလိမ်ကကျစ်နှစ်ကောင်ကို လဗတစ်ပင်က နှင်ထုတ်ပစ်လိုက်ပါ။ ငါပြောသလို ဖြစ်မလာရင်တော့ အဲဒီနှစ်ကောင်လည်း အသေဆိုးနဲ့ သေကြရမယ်။ လဗတစ်ပင်လည်း ပျက်စေရမယ်ဟော့"

"ဟော့. . . ဘယ်သူလဲကွ။ တို့ကို ကလိမ်ကကျစ်လို့ပြော တာ"

"ဟာ. . . ထွန်း. . . ထွန်းတောက်"

"ဟယ်. . . ဝင်းနိုင်"

ထွန်းတောက်နဲ့ ဝင်းနိုင်တို့က အိမ်ပေါ်သို့ တက်လာခဲ့ကြ ပြီး အော်ဟစ်ပြောဆိုလိုက်ကြသဖြင့် ပရိသတ်မှာ စိုးရိမ်သောကဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြရတော့သည်။ ထိုစဉ် ဒေါ်ငွေကလည်း ဒေါသတကြီးမတ်တစ်ရပ်လိုက်ပြီး ထမီကို ပုဆိုးကဲ့သို့ ဝတ်လိုက်သည်။ ထို့နောက်. . . ထွန်းတော်တို့ ညီအစ်ကိုကိုပြောလိုက်သည်။

"မင်းတို့ကို ကလိမ်ကကျစ်လို့ ပြောတာ ငါပဲကွ"

ပရိသတ်က လမ်းရှင်းပေးလိုက်သဖြင့် ထွန်းတောက်တို့ ညီအစ်ကို ဒေါ်ငွေဆီသို့ လျှောက်လာခဲ့ကြပြီး ဒေါ်ငွေကိုပြောလိုက်သည်။

"ဒေါ်ငွေ. . . ခင်ဗျားကို ဒီလိုလုပ်ဖို့ ဘယ်သူက ခိုင်းတာလဲ။ တင်ဆောင်နဲ့ ဝင်းသောင်း မဟုတ်လား"

"ဟေ့. . . ငါ ဒေါ်ငွေမဟုတ်ဘူး. . . ထွန်းတောက်။ အစိမ်းသေထွန်းတောက်။ ငါတို့က သေပြီးပြီကွ။ ငါတို့ သေမှ ငါတို့နေရာကို မင်းယူဖို့ ကြိုးစားရင် အသေဆိုးနဲ့ သေရမယ်"

"ဒီမှာဒေါ်ငွေ ကျုပ်တို့အကြောင်းကိုသိတယ်နော်။ ကျုပ်တို့က တစ်ခါပဲလုပ်ကြံခံမယ်။ နှစ်ခါလုပ်ကြံမခံနိုင်ဘူး။ ကဲ. . . ပြောစမ်း ဒီလိုလုပ်ဖို့အတွက် ဝင်းသောင်းတို့က ခင်ဗျားကို ငွေဘယ်လောက်ပေးလဲ"

"ဟေ့ မဟုတ်တာမပြောနဲ့။ ငါ ထွန်းတောက်ကွ။ မယုံဘူးလား။ မယုံရင် ဟောဒီမှာကြည့်"

"ရှီး"

"ဒုတ်"

"ဟာ"

"အမလေး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငွေ၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်းလှသဖြင့် ပရိတ်သတ်မှာ လန့်ဖြတ်အော်ဟစ်လိုက်ကြသည်။ ဒေါ်ငွေမှာ ခေါင်းရင်းတွင်နတ်ဆက်ထားသော ငှက်ကြီးတောင်ဓားကို ရုတ်တရက်ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် 'ပောဒီမှာကြည့်'ဟု ဆိုကာ ဘယ်ဘက်လက်ကို ဆန့်တန်းလိုက်ပြီး ငှက်ကြီးတောင်ဓားနှင့် အားကုန်ခုတ်ပိုင်းလိုက်သည်။ ဖြစ်စဉ်ဖြစ်ရပ်များမှာ မမျှော်လင့်ဘဲ လျှင်မြန်စွာဖြစ်သွားခဲ့သဖြင့် အားလုံးမှာ တုန်လှုပ်ထိပ်လန့်သွားခဲ့ကြတော့သည်။ အချို့မှာ မကြည့်ရဲကြသဖြင့် မျက်လုံးမှိတ်ထားခဲ့ကြသည်။ သို့သော် ဒေါ်ငွေမှာ ဘာမှမဖြစ်၊ လက်မောင်းတွင် ဘာဒဏ်ရာမှမထင်။ ထို့ကြောင့် အားလုံးမှာ ယုံရအခက်၊ မယုံရအခက်ဖြစ်နေကြရတော့သည်။ ဝင်းနိုင်နှင့်ထွန်းတောက်တို့ကိုလည်း သံသယမျက်လုံးတွေနှင့် ကြည့်လိုက်ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့ကလည်း မျက်လုံးပြူး၊ မျက်ဆံပြူးကြည့်နေခဲ့ကြတော့သည်။

ထို့နောက် -

ဒေါ်ငွေက ပြောလိုက်ပြန်သည်။

"ကဲ. . . ဘယ်လိုလဲ၊ ယုံကြပြီမဟုတ်လား"

"မယုံဘူး. . . လိမ်တာ၊ ခင်ဗျား. . လိမ်နေတာ။ ကျုပ်တို့ညီအစ်ကို,ကို သက်သက်လုပ်ကြံနေတာ။ ခင်ဗျားကို ဘယ်သူခိုင်းတာလဲ။ တင်ဆောင်နဲ့ ဝင်းသောင်း မဟုတ်လား"

"မဟုတ်ဘူး. . . မင်းတို့ ကလိမ်ကကျစ်လာလုပ်နေတာသိလို့ ငါတို့လာခဲ့တာ. . . မင်းတို့လာလိမ်နေကြတာ"

"လိမ်နေတာ ကျုပ်တို့မဟုတ်ဘူး. . . ခင်ဗျား. . . ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



လိမ်နေတာ"

'လိမ်နေတယ်ထင်ရင် လာစမ်းကြည့်လိုက်လေကွာ။ ထွန်းတောက်အကြောင်း သိချင်ရင် လာလေကွာ"

ဒေါ်ငွေက ငှက်ကြီးတောင်ဓားကြီးကို တဆဆလှုပ်ကစားရင်း စိန်ခေါ်ပြောဆိုနေခဲ့သည်။ ထို့ကြောင့် ထွန်းတောက်တို့ညီအစ်ကိုက တုန့်ပြန်တိုက်ခိုက်လာခဲ့လျှင် ထိခိုက်မိနိုင်သဖြင့် ရိုက်သတ်အချို့မှာ အိမ်ပေါ်မှ ဆင်းပြေးသွားခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့၏နောက်လိုက် နောက်ပါတွေကလည်း ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို ဆွဲလွဲခေါ်နေကြသဖြင့် အိမ်ပေါ်တွင် ဝရုန်းသုန်းကားဖြစ်သွားခဲ့တော့သည်။

ဝင်းနိုင်မှာ အပေါင်းအသင်းများ ဝိုင်းဆွဲနေသည့်ကြားမှပင် ဒေါ်ငွေကို ကြိမ်းဝါးပြောဆိုလိုက်သည်။

"နေဦးပေါ့ဗျာ။ ခင်ဗျားလိမ်ထားဦးပေါ့။ ဘယ်လောက်အထိလိမ်နိုင်မလဲ. . . လိမ်စမ်း။ ဒါဒီအလိမ်ကိုရအောင်ဖြည်မယ်။ အလိမ်ပေါ်ရင်တော့ ခင်ဗျားသေပြီသာမှတ်"

"ငါတို့က နဂိုကတည်းက သေပြီးနေပြီပဲကွ။ သတ်စရာမလိုဘူး။ သေရင်းသေ၊ မင်းတို့သေရမှာ အသေဆိုးနဲ့ကိုသေကြရမှာ။ အလိမ်ကျစ်နှစ်ကောင်ကို လက်ခံထားရင် လဗတစ်ပင်ရွာလည်း အသေဆိုးအဖြစ်ဆိုးတွေ တွေ့ရမယ်ဟေ့"

ထိုစဉ် -

သူကြီးနှင့် လူကြီးတွေ ရောက်လာခဲ့ကြပြီးပြန်ပြော,ပြောခဲ့သဖြင့် အပေါင်းအသင်းတွေက ထွန်းတောက်တို့ကို ဆွဲခေါ်သွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြတော့သည်။ ထွန်းတောက်မှာလည်း ဒေါ်ငွေကို ပူးကပ်နေရာမှ ထွက်သွားခဲ့တော့သည်။

ထို့ကြောင့် -

တစ်ရွာလုံးမှာ ဇဝေဇဝါဖြစ်သွားခဲ့ကြရတော့သည်။ လက်ရှိ ရှိနေခဲ့ကြသော ထွန်းတောက်နှင့် ဝင်းနိုင်တို့မှ လဗတစ်ပင်ရွာသား တွေပင်ဖြစ်သည်။ မသေမပျောက်ပြန်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ သို့သော် အခုတစ်ဖန် ထွန်းတောက်၏ဝိညာဉ်က ဒေါ်ငွေကို ဝင် ရောက်ပူးကပ်လာခဲ့ပြန်သည်။ ဝင်ရောက်ပူးကပ်ခဲ့ရုံမကပဲ ထွန်း တောက်နှင့် ဝင်းနိုင်တို့ ဒီရွာမှာဆက်လက်ရှိနေခဲ့လျှင် ထွန်းတောက် နှင့် ဝင်းနိုင်သာမကပဲ လဗတစ်ပင်ရွာပါ အသေဆိုးအဖြစ်ဆိုးတွေနှင့် ကြုံရမည်ဟု ကြိမ်းဝါးနေခဲ့ကြပြန်သည်။ ထွန်းတောက်နှင့် ဝင်းနိုင် တို့ကမူ သူတို့ကို ဒီရွာမှာမနေနိုင်အောင် ထွန်းတောက်နှင့် ဝင်းနိုင် တို့ကို အယောင်ဆောင်တွေအဖြစ်ပေါ်လွင်လာစေရန် ဝင်းသောင်း နှင့် တင်ဆောင်တို့က ဒေါ်ငွေကို ငွေပေးပြုလုပ်နိုင်ခဲ့သည်ဟုပင် စွတ် စွဲပြောဆိုခဲ့ကြသည်။ ထွန်းတောက်တို့ စွပ်စွဲပြောဆိုသလို တင် ဆောင်တို့၏လုပ်ကြံမှုဖြစ်နိုင်သော်လည်း ဒေါ်ငွေမှာ သူ့လက်ကို သူ ကိုယ်တိုင် ငှက်ကြီးတောင်ဓားနှင့် အားကုန်ခုတ်ပိုင်းခဲ့သော်လည်း မပြတ်ခဲ့။ ထွန်းတောက်တို့ကလည်း ဒေါ်ငွေကို ရန်ပြုရဲပုံမရှိခဲ့။ ထို့ကြောင့်ပင် အပေါင်းအသင်းတွေ ခွဲခွါရာနောက်သို့ ပါသွားခဲ့ ကြခြင်းဖြစ်သည်။

ထို့ကြောင့် -

တစ်ရွာလုံးမှာ ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ အမှန်တကယ်

www.burmeseclassic.com

www.burmeseclassic.com



ဲ အယောင်ဆောင်တွေလား တင်ဆောင်နှင့် ဝင်းသောင်းတို့ကပင် ေါ်ငွေကို ငွေပေးပြီး လုပ်ကြံခိုင်းခဲ့တာလား။ ဝေခွဲမရကြတော့ပေ။ အဝေဇဝါဖြစ်နေခဲ့ကြရလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြမယ်

"ခင်နှင်းလှိုင်. . . နင့်ကို ထွန်းတောက် ဘာပြောသေးလဲ"

"ထုံးစံအတိုင်းပေါ့ဟာ။ သူ့ကိုအဖြေပေးဖို့ပဲ ပြောနေတာ။ နင်လည်းသိသားပဲဟာ။ ငါ့ကိုမှ အယုံအကြည်မရှိတဲ့လူကို ငါက ဘယ်လိုပြန်ယုံကြည်လို့ရမှာလဲ။ အခုဆို ပိုဆိုးတာပေါ့ဟာ။ အစစ်လားမသိ၊ အယောင်ဆောင်လားမသိ။ ငါတော့ စိတ်ရှုပ်ပါတယ်ဟာ။ ဒါကြောင့် ထွန်းတောက်ကို နောက်ထပ်ဆက်မကြိုးစားဖို့နဲ့ ငါလုံးဝ စိတ်ဝင်စားမှုမရှိဘူးလို့ အပြတ်ပြောလိုက်တယ်။ ဒါပေမဲ့ သူတို့က တော့ သိပ်ပြီးဖွဲလျှော့မယ့်ပုံမရှိဘူး။ နင့်ကိုရော ဝင်းနိုင်က ဘာပြော သေးလဲ"

"ငါလည်း နင်လိုပဲပေါ့။ ဒီကိစ္စက နင်နဲ့ ငါနဲ့ တိုင်ပင်ပြီး ဆုံးဖြတ်ခဲ့ကြတာပဲ။ ငါလည်း ဝင်းနိုင်ကို အပြတ်ပြောခဲ့ပြီးပြီ။ ဝင်းနိုင် ကလည်း ဖွဲတော့ လျှော့မယ့်ပုံမရှိဘူးဟ"

ခင်နှင်းလှိုင်၊ ခင်ဝင်းလှိုင်တို့နှစ်ယောက် ...တစ်ပင်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



မြေမှ လမုပင်အောက်တွင် စကားထိုင်ပြောနေခဲ့ကြခြင်းဖြစ်သည်။ လဗတစ်ပင်ကမ်းခြေမှာ ညနေပိုင်းတွင် ကျေးရွာမှ လူငယ်တွေ လမ်းလျှောက်ထွက်လေ့ရှိကြသကဲ့သို့ ချစ်သူလူငယ်တွေ ချိန်းဆိုတွေ့ဆုံလေ့ရှိသော နေရာတစ်ခုလည်းဖြစ်သည်။ ရွာဦးစေတီတော်နှင့် နီးကပ်စွာရှိနေသဖြင့် ဘုရားဖူးရင်း ကမ်းခြေတွင် လမ်းလျှောက်နေခဲ့ကြခြင်းဖြစ်သည်။ ဒီကနေ့ ညနေတွင်လည်း ခင်နှင်းလှိုင်၊ ခင်ဝင်းလှိုင်၊ ဝင်းမ၊ လွမ်းငွေနှင့် ခင်သုန်တို့ သူငယ်ချင်းငါးယောက် ဘုရားလာဖူးခဲ့ကြခြင်းဖြစ်သည်။ ဝင်းပ၊ လွမ်းငွေနှင့် ခင်သုန်တို့မှာ သူတို့အတွဲတွေနှင့် သူတို့စကားပြောနေခဲ့ကြသဖြင့် ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ ကမ်းခြေတွင် စကားထိုင်ပြောနေခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် -

ခင်ဝင်းလှိုင်က ပြောလိုက်ပြန်သည်။

သူတို့တွေ လက်မလျှော့ဘဲ ဆက်ကြိုးစားကြရင် ဘယ်လိုလုပ်ကြမလဲ။ နင်က ဝင်းနိုင်ကို တကယ်မချစ်ဘူးလား"

"နင်ကရော. . . ထွန်းတောက်ကို ဘယ်လိုလဲ"

"ငယ်သူငယ်ချင်းတွေဆိုတော့ ခင်တော့ ခင်တာပေါ့ဟယ်။ ဒါပေမဲ့ ထွန်းတောက်ကို ငါရင်မခုန်ဘူးဟ။ နောက်တော့ မပြောတတ်ဘူးပေါ့ဟာ။ ဒါကြောင့် စဉ်းစားဦးမယ်လို့ပြောခဲ့တာ။ ဒါပေမဲ့ အခုတော့ ငါ့စိတ်ထဲမှာ ထွန်းတောက်သေခဲ့ပြီလို့ပဲ သိနေခဲ့တော့ မစဉ်းစားချင်တော့ဘူး။ ဒါကြောင့် အပြတ်ပြောခဲ့တာ"

"ငါလည်း နင့်လိုပဲဟာ။ အခုရှိနေတဲ့ ဝင်းသေင်းကို အယောင်ဆောင်လို့ပဲထင်နေတယ်။ ဒါကြောင့် ငါလည်း ဝင်းနိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



အပြတ်ပြောခဲ့တာပဲ"

"ဒါနဲ့ ကိုတင်ဆောင်ကိုရော နင်ဘယ်လိုသဘောရလဲ"

"သူက အင်္ဂလိပ်အလိုတော်ရိတစ်ယောက်ဖြစ်နေတာကလွဲလို့ ကျုန်တာပြောစရာမရှိဘူး။ ဒါပေမဲ့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ကျွန်ပြုနှိပ်စက်နေတဲ့ နယ်ချဲ့ကို မျက်နှာချိုသွေးနေတဲ့လူဆိုရင်တော့ ဟာ ဘုရားဒကာဖြစ်နေပါစေ။ ဘာအထင်ကြီးစရာရှိမှာလဲဟ. . . ဝင်းသောင်းလည်း ဒီလိုပဲ"

"သူတို့နှစ်ယောက်မှာလည်း အဲဒီတစ်ချက်ပဲ ပြောစရာဖြစ်နေတာ"

"အဲဒီအချက်ပြောစရာမရှိရင် နင်က ကိုတင်ဆောင်ကို လက်ခံမှာလား"

"လက်ခံယုံတင်မကဘူး ချက်ချင်းကို နားဖောက်ခိုင်းလိုက်မှာ"

"ကောင်မ မဖြစ်နိုင်လို့ပြောတာမဟုတ်လား"

"နင်လဲ ငါ့လိုပဲမဟုတ်လား။ သူငယ်ချင်းအရင်းကြီးတွေနော် မသိရင်ခက်မယ်"

"မခက်ပါနဲ့ဟာ ကိုတင်ဆောင်နဲ့ ဝင်းသောင်းတို့က အင်္ဂလိပ်အလိုတော်ရိလုပ်ရတာကို အရသာတွေ့နေကြတာ။ နင်တို့ ငါတို့မပြောနဲ့ မိုးပေါ်က နတ်သမီးနဲ့တောင်လဲမှာ မဟုတ်ဘူး"

"မလဲနေပေါ့ဟာ တို့ကလည်း ဒီလို ကျွန်စော်နံနေတဲ့ ကတော့ ထမိတောင်မလျှော်ခိုင်းဘူး"

"ကျွန်စော်မနံရင်တော့ အိမ်ဦးခန်းမှာတင်ထားမယ်ပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒီကောင်မ၊ ငါက စကားအဖြစ်ပြောတာ"

ထိုစဉ် -

"ဟီတ်"

"အမလေး"

"ဟင်"

ထွန်းတောက်နှင့် ဝင်းနိုင်တို့က ပုန်းကွယ်ရာမှ ထွက်လာကာ ခြောက်လှန့်လိုက်ကြသဖြင့် ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ အလန့်တကြားအော်ဟစ်လိုက်ကြတော့သည်။

ထို့ကြောင့် -

ထွန်းတောက်က ပြောလိုက်သည်။

"မကြောက်ပါနဲ့ဟာ။ ငါတို့က သရဲတွေ မဟုတ်ပါဘူး"

"နင်. . . နင်တို့နှစ်ယောက် တို့စကားပြောနေတာကို ချောင်းပြီး နားထောင်နေကြတယ်ပေါ့လေ"

"နင်တို့တော်တော် ယောကျ်ားမပီသတာပဲ"

ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့က ရန်တွေ့ပြောဆိုနေကြသဖြင့် ဝင်းနိုင်က နောက်ပြောင်သလို ပြန်ပြောလိုက်သည်။

"ယောကျ်ားမပီသဘူးထင်ရင် လိုက်ခဲ့လေ"

"နင်မမိုက်ရိုင်းနဲ့နော်"

"ရိုင်းမလို့ မဟုတ်ပါဘူးဟာ ချစ်မလို့ပါ"

ဝင်းနိုင်က ရီကျဲကျဲနှင့် ခင်ဝင်းလှိုင်လက်ကို လှမ်းကိုင်လိုက်ရာ-

"ချစ်ချင်ဦးဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖျန်း"

"ဟာ"

ဝင်းနိုင်က ရီကျဲကျဲအမူအရာနှင့် ခင်ဝင်းလှိုင်၏လက်ကို လှမ်းကိုင်လိုက်သဖြင့် ခင်ဝင်းလှိုင်က ဝင်းနိုင်ကို ဖျတ်ခနဲ ပါးလှမ်းရိုက်လိုက်သည်။ ထို့ကြောင့် ဝင်းနိုင်က ခင်ဝင်းလှိုင်ကို ဒေါသတကြီးပြန်ကြည့်လိုက်သည်။

ဤတွင် -

ထွန်းတောက်က ခင်ဝင်းလှိုင်ကို စိတ်ဆိုးမာန်ဆိုးပြောလိုက်သည်။

"ခင်ဝင်းလှိုင်. . . နင်တော်တော်စော်ကားဝါလား။ ဝင်းနိုင်မှာ နင့်ကိုနောက်ပြောင်ကျီဆယ်နေတာကို နင်က ပါးရိုက်တယ်"

ထို့ကြောင့် -

ခင်နှင်းလှိုင်က ဝင်ပြောလိုက်သည်။

"စော်ကားတာက ခင်ဝင်းလှိုင်မဟုတ်ဘူး။ နင့်ညီဝင်းနိုင်စကားနဲ့လည်း စော်ကားတယ်။ ကိုယ်အမူအရာနဲ့လည်း စော်ကားတယ်။ ငါတို့ကို အဲဒီလို မထိတထိ ရိတိတိလာမလုပ်နဲ့ မကြိုက်ဘူး"

"ဩော်. . . မထိတထိ ရိတိတိ မကြိုက်ဘူးဆိုတော့ ထိထိမိမိမှ ကြိုက်တယ်ဆိုတဲ့သဘောလား။ ကြိုက်ပြီ ဒါဆို. . ကဲ. . ဝင်းနိုင်ဘယ်လိုလဲ"

ထွန်းတောက်က ဝင်းနိုင်ကို အဖော်ညှိပြောဆိုလိုက်သဖြင့် ဝင်းနိုင်က ပြန်ပြောလိုက်သည်။

"ပရိသတ်ကတောင်းဆိုနေမှတော့ မ,ကလို့ ဘယ်ဖြစ်ပါ့

www.burmeseclassic.com

www.burmeseclassic.com



လေ. . . ကဲ"

"လွှတ်. . . လွှတ်"

"နင်တို့ မယုတ်မာနဲ့နော်"

ဝင်းနိုင်နှင့် ထွန်းတော်တို့က ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ကို အဓမ္မဆွဲခေါ်နေသဖြင့် ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့က ရုန်းကန်အော်ဟစ်နေခဲ့ကြတော့သည်။ ရုန်းကန်အော်ဟစ်နေကြသော်လည်း အားချင်းမမျှသဖြင့် ဆွဲခေါ်ရာသို့ ပါသွားနေခဲ့ကြရသည်။

ခင်ဝင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ အော်ဟစ်နေသည်ကို ချိန်းဆိုစကားပြောနေခဲ့ကြသော မြတ်မိုးလွင်နှင့် ဝင်းပ၊ သက်ဝေနှင့် လွမ်းသွေး တင့်လွင်ဦးနှင့် ခင်သုန်တို့အတွဲတွေမှာလည်း စကားပြောနေရာမှ ထပြေးလာခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့က ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ကို အဓမ္မဆွဲခေါ်နေသည်ကို တွေ့မြင်ရသဖြင့် ဝိုင်းအားမြစ်ပြောဆိုနေခဲ့ကြတော့သည်။

"ဟေ့. . . ဟေ့ ဘာဖြစ်နေကြတာလဲ"

"ထွန်းတောက်၊ ဝင်းနိုင်. . . မလုပ်ကြနဲ့လေကွာ"

"ခင်နှင်းလှိုင်တို့ကို လွှတ်လိုက်ပါကွာ"

"ဟေ့ကောင်တွေ ပြောနေတာမရဘူးလား"

ထို့ကြောင့်

ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ကို လွှတ်ပေးလိုက်သည်။ ထို့နောက် မြတ်မိုးလွင်တို့ကို ပြောလိုက်သည်။

"မရတော့ မင်းတို့က ဘာလုပ်ချင်လို့လဲ. . . ကဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"ခွပ်"

"အင်း"

"ဘုံး"

"မလုပ်နဲ့. . . မလုပ်ကြပါနဲ့"

ထွန်းတောက်နှင့် ဝင်းနိုင်တို့က ပြောပြောဆိုဆိုနှင့် မြတ်မိုးလွင်တို့ သုံးယောက်ကို ထိုးကြိတ်တိုက်ခိုက်လိုက်ကြသည်။ မြတ်မိုးလွင်၊ သက်ဝေနှင့် တင့်လွင်ဦးတို့မှာ အငိုက်မိသွားခဲ့ကြသဖြင့် ခဏအတွင်းမှာ ပစ်လဲကျမှေ့မှောသွားခဲ့ကြတော့သည်။

ထို့ကြောင့် -

ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ကို ဆွဲလွဲခေါ်လိုက်ကြပြန်သည်။ ဝင်းပ၊ လွမ်းငွေနှင့် ခင်သုန်တို့မှာလည်း ချစ်သူတွေကို ပွေ့ထူပေးနေရင်း ဘာလုပ်ရမှန်းမသိဖြစ်နေခဲ့ကြရတော့သည်။

ထိုစဉ် -

"ဟော့. . . ကလိန်ကကျစ်တွေ၊ မင်းတို့ တော်တော်ယုတ်မာကြတာပဲ"

"ပြောမနေနဲ့ ကြာတယ်. . . ကဲကွာ"

"ခွပ်"

"ဘုံး"

"အိုး"

"ဒုတ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကနေ ဘယ်လိုရောက်လာခဲ့ကြသည် မသိ။ တင်ဆောင်နှင့် ဝင်းသောင်းတို့ရောက်ရှိလာခဲ့ကြပြီး ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို ဝင်ရောက်ထိုးကြိတ်တိုက်ခိုက်လိုက်ကြသည်။ ထို့ကြောင့် ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ မမျှော်လင့်ဘဲ အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် လဲကျသွားခဲ့ကြပြီး ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့မှာလည်း လွတ်မြောက်သွားခဲ့ကြတော့သည်။

ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ လဲကျနေရာမှ ပြန်ထလာခဲ့ကြပြီး ရန်ပြုတိုက်ခိုက်သူတွေကို ပြန်လည်ခုခံတိုက်ခိုက်ရန် အသင့်ဖြင်နေရာယူလိုက်ကြသည်။ ရန်ပြုတိုက်ခိုက်လာသူတွေမှာ တင်ဆောင်နှင့် ဝင်းသောင်းတို့ဖြစ်နေသဖြင့် ဝင်းနိုင်က ပြောလိုက်သည်။

"ဪ. . . လက်စသပ်တော့ ပထွေးကို အဖေခေါ်နေတဲ့ နယ်ချဲ့ကျွန်တွေပဲ"

"အေး. . . ဟုတ်တယ်။ ငါတို့က နယ်ချဲ့ကျွန်တွေ။ ဒါပေမဲ့ တိုယ့်ဘာသာ၊ ကိုယ့်လူမျိုးအပေါ်မှာ မင်းတို့လို မယုတ်မာဘူး"

တင်ဆောင်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ထွန်းတောက်က ပြောလိုက်ပြန်သည်။

"ဟောကောင်တွေ မင်းတို့နဲ့ ငါတို့က ညီအစ်ကိုတစ်ဝမ်းထဲတွဲပါတယ်ကွာ။ ညီအစ်ကိုအချင်းချင်းတောင်မှ အမွေမပေးချင်လို့ ယုတ်မာရဲတဲ့ကောင်တွေက အရှူးပါးစပ်က နတ်စကားထွက်မနေနဲ့။ လူရယ်စရာဖြစ်နေတယ်။ မင်းတို့ မရှက်ကြဘူးလား"

"ရှက်ရမှာက မင်းတို့ကွ။ အယောင်ဆောင် ကလိမ်ကကျစ်တွေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းသောင်းက ပြန်လည်ခြေမပြောဆိုလိုက်စဉ် ဝင်းနိုင်က ရုတ်တရက် ဝင်ရောက်ထိုးကြိတ်တိုက်ခိုက်လိုက်တော့သည်။

"ဟာ. . . ပြောနေတာကြားပါတယ်ကွာ. . . ကဲ"

"ဝိုး"

"ဝုစ်"

"ဒုတ်"

"အင့်"

"ခွပ်"

"ဘုံး"

တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်သည်းကြီးမည်းကြီး ခုခံတိုက်ခိုက်နေခဲ့ကြတော့သည်။ လက်ရည်ချင်းမကွာလှသဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးကြိတ်တိုက်ခိုက်နေခဲ့ကြရသည်။ ကျန်လူတွေမှာ မြတ်မိုးလွင်တို့ကို ပြုစုကုသပေးနေခဲ့ကြသည်။ တဖြည်းဖြည်းနှင့် တင်ဆောင်တို့ဖက်က အရေးနိမ့်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် တင်ဆောင်က သူ၏သေနတ်ကိုထုတ်ကာ ဝင်းနိုင်ကိုချိန်လိုက်သည်။

"ဟေ့ကောင်. . . မလှုပ်နဲ့"

ထိုစဉ် -

ထွန်းတောက်က ခင်ဝင်းလှိုင်ကို ရုတ်တရက် ဖမ်းချုပ်လိုက်ပြီး လည်ပင်းကို ဓားနှင့်ထောက်ကာ တင်ဆောင်ကို အမိန့်ပေးပြောဆိုလိုက်သည်။

"ဟေ့ကောင်. . . ခင်နှင်းလှိုင် မသေစေချင်ရင် မင်းသေနတ်

www.burmeseclassic.com

www.burmeseclassic.com



တို အောက်ချလိုက်"

"ထွန်းတောက်. . . နင်မယုတ်မာနဲ့နော်။ လွှတ်. . . ငါ့ကို လွှတ်. . . ခင်ဝင်းလှိုင်က အော်ဟစ်ရုန်းကန်နေသော်လည်း ထွန်းတောက်က အရေးမထားဘဲ တင်အောင်ကိုသာ အမိန့်ပေးပြောဆိုနေခဲ့သည်။

"ဟေ့ကောင်. . . ပြောနေတာ မကြားဘူးလား။ မင်းက ခင်ဝင်းလှိုင်ကိုချစ်တယ်ဆို။ ငါ့ကိုပစ်ရဲရင် ပစ်လိုက်လေကွာ။ ငါသေရင် ခင်ဝင်းလှိုင်လည်း သေပြီသာမှတ်။ မလုပ်ဘူးထင်ရင်လည်း စမ်းကြည့်လိုက်လေကွာ"

ထိုစဉ် -

ဝင်းသောင်းက ထွန်းတောက်ကို အလစ၀င်ရောက်တိုက်ခိုက်ရန် လှုပ်ရှားလိုက်သဖြင့် ထွန်းတောက်က ဓားမြှောင်ကို အနည်းငယ်အားစိုက်ဖိလိုက်သဖြင့် ခင်ဝင်းလှိုင် တုန်လှုပ်ကြောက်လန့်စွာ အော်ဟစ်လိုက်သည်။

"အား"

ထို့ကြောင့် ဝင်းသောင်းမှာ ရောက်တဲ့နေရာမှာပင် ရပ်နေလိုက်ရတော့သည်။ ထို့နောက် ထွန်းတောက်က ဆက်ပြောလိုက်ပြန်သည်။

"တင်အောင်. . . ငါပြောနေတယ်။ မင်းလက်ထဲက သေနတ်ကိုချလိုက်။ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့အတွက်ပဲကွာ။ သူတို့ကို ချစ်တယ်ဆိုကွ။ ဒီလောက်ကလေးတောင်မှ အနစ်နာမခံနိုင်ဘူးလား။ အချစ်အတွက်ပဲကွာ။ ဒီအချိန်ဟာ မင်းတို့နှစ်ယောက် သူ



www.burmeseclassic.com

www.burmeseclassic.com



တို့အပေါ်ဘယ်လောက်အထိ ချစ်ပါတယ်ဆိုတာ သက်သေပြလို့ အကောင်းဆုံးအချိန်ပဲ"

ထို့ကြောင့် -

ဝင်းနိုင်က ပြောလိုက်သည်။

"ကြာပါတယ်ကွာ။ ဒီကောင်လက်နက်မချရင် ခင်ဝင်းလှိုင်ကို ရှင်းပစ်လိုက်။ တင်ဆောင် မင်းလဲတို့ကို ပစ်ချင်ရင် ပစ်လိုက်"

ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ အမှန်တကယ် သေမထူး နေမထူးလုပ်ကြတော့မည့် အသွင်သဏ္ဍာန်ဖြစ်နေသဖြင့် တင်ဆောင်မှာ စိတ်ကိုလျှော့ချလိုက်ပြီး သေနတ်ကို မြေပေါ်သို့ချလိုက်တော့သည်။

ဝင်းနိုင်က သေနတ်ကို သွားရောက်ကောက်ယူလိုက်သည့် သေနတ်ကို ဆကာ ဆကာကိုင်ရင်း တင်ဆောင်ရှေ့တွင် ရပ်လိုက်သည်။ တင်ဆောင်ကိုကြည့်ကာ ရိတိတိပြောဆိုလိုက်သည်။

"ဩော် . . . မင်းက အချစ်အတွက် ခံစားရဲတယ်ပေါ့။ အချစ်အတွက် ခံစားရဲတဲ့အချစ်သူရဲကောင်းကြီးကို ဂုဏ်ပြုပေးရမှာပေါ့ကွာကဲ . . ."

"ဝှစ်"

"ဒုတ်"

"ခွပ်"

"အင့်"

ဝင်းနိုင်က တင်ဆောင်ကို ရက်တရက်ထိုးကြိတ်တို့ခိုက်လိုက်သဖြင့် တင်ဆောင်လဲကျသွားခဲ့တော့သည်။ ထို့ကြောင့် ဝင်း

www.burmeseclassic.com

www.burmeseclassic.com



သောင်းက ဝင်းနိုင်ကို ဝါိုက်ခိုက်ရန် ပြေးလာခဲ့သဖြင့် ဝင်းနိုင်က ဝင်းသောင်းကို သေနတ်နှင့် လှမ်းချိန်လိုက်သည်။

"ဟော့ကောင်. . . ရောက်တဲ့နေရာမှာ ရပ်နေစမ်း"

ဝင်းသောင်းခြေလှမ်းတွေ ရပ်ဆိုင်းသွားခဲ့သည်။ ဝင်းနိုင်က ဝင်းသောင်းဆီကို လျှောက်လာပြီး မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ထို့နောက် ခနဲ့သလိုပြောဆိုလိုက်သည်။

"အင်္ဂလိပ်အလိုတော်ရိတွေထဲမှာ မင်းတို့လောက်အ,တဲ့ကောင်တွေ၊ မတွေ့ဘူးသေးဘူး။ ဒီမှာ အချစ်အတွက် အသက်ပင်သေသေဆိုတာ သောက်ရူးတွေလုပ်ကြတာကွ။ အချစ်ဆိုတာ အမြဲတမ်းရှင်သန် လန်းဆန်းနေတာကွ။ မင်းသေသွားလို့ ခင်နှင်းလှိုင်ရဲ့အချစ်တွေက မင်းနဲ့အတူ လိုက်ပြီး သေသွားမှာမဟုတ်ဘူး။ ဆက်ပြီးရှင်သန်နေမှာပဲ။ ခင်နှင်းလှိုင်ရဲ့ လန်းဆန်းနေတဲ့အချစ်တွေကို ဆွတ်ခူးရယူနိုင်သူလည်း ရှိလာမှာပဲ။ အဲဒီအချိန်မှာ ခင်နှင်းလှိုင်က သူ့အချစ်တွေကိုပေးလှူပြီး မင်းကို သာဓုခေါ်ဖို့ အမျှပေးဝေနေမှာမဟုတ်ဘူး. . . ရူးလည်း ရူးပါ့ကွာ"

"ဟော့ကောင်. . . မင်းကမှ ရူးတာကွ။ မ,သာကို ကြိုးတုတ်ပြီးမှ ရိုက်ရဲတဲ့သတ္တိလောက်နဲ့ ကိုယ့်ကိုယ်ကို သူရဲကောင်းထင်,ထင်နေတာ မင်းမရှက်ဘူးလား"

ထိုစဉ် -

"ခွပ်"

"အင့်"

"ဒုတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုံး"

ဝင်းနိုင်က ရုတ်တရက် ထိုးကြိတ်တိုက်ခိုက်လိုက်သဖြင့် ဝင်းသောင်းပျော့ခွေလဲကျသွားတော့သည်။ ဝင်းနိုင်က ဝင်းသောင်းနှင့် တင်ဆောင်တို့ကို စိတ်ရှိလက်ရှိထိုးကြိတ်နေသဖြင့် တင်ဆောင်နှင့် ဝင်းသောင်းတို့မှာ မြေပေါ်တွင် ပုံလဲကျသွားခဲ့တော့သည်။

ထို့ကြောင့် -

ထွန်းတောက်က ပြောလိုက်သည်။

"တော်လောက်ပါပြီကွာ။ ဒီလောက်ဆိုရင် မှတ်လောက်သားလောက်ရှိသွားလောက်ပါပြီ"

ထို့နောက် -

ထွန်းတောက်က ခင်ဝင်းလှိုင်ကိုပြောလိုက်သည်။

"တောင်းပန်ပါတယ်ဟာ။ ငါတို့ ဒီကောင်နှစ်ကောင်လာနေတာမြင်တယ်။ ဒါကြောင့် ဒီကောင် နှစ်ကောင်ကို နှိပ်ကွပ်ချင်လို့ နင်တို့ကို အသုံးချလိုက်ရတာ ခွင့်လွှတ်ပါဟာ. . . တောင်းပန်ပါတယ်"

"တောင်းပန်တာလည်း တောင်းပန်. . . ဟိုမှ မြတ်မိုးလွင်တို့ အခြေအနေကိုလည်းကြည့်ဦး"

ဝင်းနိုင်က သေနတ်ကို တင်ဆောင်၏ခါးတွင် ပြန်ထိုးထည့်လိုက်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ထွန်းတောက်ကလည်း ခင်ဝင်းလှိုင်ကို လွှတ်ပေးလိုက်သည်။ ထို့နောက် မြတ်မိုးလွင်၊ တင့်လွင်ဦးနှင့် သက်ဝေတို့ဆီသို့ ပြေးသွားပွေ့ချီလိုက်ကြသည်။

ထို့နောက် -

ထွန်းတောက်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းနိုင်. . . မင်းကတစ်ယောက်ထမ်း၊ ငါကတစ်ယောက်ထမ်းပြီး ဆရာကြီးဦးစိန်မြင့်ဆီ ခေါ်သွားကြမယ်"

"ကျန်တဲ့တစ်ယောက်ရော ဘယ်လိုလုပ်မလဲ"

"နောက်တစ်ခါပြန်ခေါ်မှာပေါ့ကွာ"

ထိုစဉ် -

"ဟာ. . . သတိရလာကြပြီ"

မြတ်မိုးလွင်၊ သက်ဝေနှင့် တင်လွင်ဦးတို့ ပြန်လည်သတိရလာခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့က မြတ်မိုးလွင်တို့နှင့် ခင်နှင်းလှိုင်တို့ကို ရှိခိုးဦးတင် တောင်းပန်ပြောဆိုခဲ့ကြသည်။

"တောင်းပန်ပါတယ်ကွာ။ အင်္ဂလိပ်အလိုတော်ရိနှစ်ယောက်တို့ နှိပ်ကွပ်ချင်လို့ အခုလိုလုပ်လိုက်တာပါ။ မင်းတို့ ငါတို့နှစ်ယောက်တို့ ကြိုက်သလိုထိုးပါ. . . ထိုးကြပါ။ ဝင်းပ၊ ခင်သုန်၊ လွှမ်းငွေ. . . နှင်တို့ ကြိုက်သလိုလုပ်ကြပါ။ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင် ရိုက်လေ၊ ငါတို့ကိုရိုက်ကြပါ။ ငါတို့ ဒီကောင်နှစ်ကောင်ကို အခုလိုလုပ်ချင်လို့ အတ်လမ်းဆင်လိုက်ရတာပါ။ ငါတို့ကို ကြိုက်သလိုလုပ်ကြပါ. . . သူငယ်ချင်းတို့ရယ်"

ထွန်းတောက်နှင့် ဝင်းနိုင်တို့က ရှိခိုးဦးတင် ခြေသလုံးဖက်တောတ်တောင်းပန်ပြောဆိုနေခဲ့ကြသဖြင့် အားလုံးမှာ ဝေခွဲမရဖြစ်နေခဲ့ကြရလေတော့သည်။

ထို့နောက် -

ဝင်းနိုင်က ထွန်းတောက်ကို ပြောလိုက်သည်။

"တို့ ဒီအတိုင်းနေရင်တော့ ရွာထဲကလူတွေက ငို့ကိုနား

www.burmeseclassic.com

www.burmeseclassic.com



လည်ကြမှာမဟုတ်ဘူး။ ဒီတော့ တို့အကြံအစည်ကို ရှင်းပြမှဖြစ်တော့မယ်"

"ဟုတ်တယ်. . . ရှင်းပြလိုက်ပြီး မြန်မြန်အကောင်အထည်ဖော်တာပဲကောင်းပါတယ်ကွ။ မင်းပဲရှင်းပြလိုက်ပါ"

ထွန်းတောက်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းနိုင်က သူငယ်ချင်းတွေကို ရှင်းပြပြောဆိုလိုက်သည်။

"တို့နှစ်ယောက်က တင်ဆောင်တို့ဆီက အမွေတွေကို နဂိုကတည်းက မယူချင်လို့ မယူခဲ့ကြတာ မင်းတို့သိကြပါတယ်ကွာ။ ဒါပေမဲ့. . . ဒီကောင်တွေက တို့ကိုစိတ်မချလို့ အပြတ်ရှင်းခဲ့ကြတယ်။ တို့နှစ်ယောက်သေသွားပြီး တို့အမေရူးသွားခဲ့တယ်။ ဒါတွေကိုလည်း မင်းတို့သိပြီးသားပါ။ ငါတို့လည်း သေပြီး အမေကလည်း ရူးနေပြီဆိုတော့ ဒီကောင်တွေ စိတ်အေးသွားခဲ့ကြတယ်ပေါ့။ ဒါပေမဲ့ တို့က အမှန်တကယ်မသေခဲ့ကြဘူး။ ဒီတော့ အမွေတွေခွဲပေးရမှာစိုးလို့ တို့ကိုအတုအယောင်တွေ လူလိမ်တွေဆိုပြီး အမွေတွေကို မပေးရအောင် ဉာဏ်ဆင်ခဲ့ကြပြန်တယ်။ တို့က ဒီအမွေတွေကို ပြန်ခွဲယူမယ်။ ဒီရလာတဲ့ အမွေတွေကို ရွာကိုပေးမယ်။ တို့တစ်ပြားမှမယူဘူး။ ကျောင်းတွေဆောက်မယ်။ ဘုရားတွေတည်မယ်။ မရှိသူတွေကို ဝေငှပေးမယ်။ တို့ရွာမှာ ဆင်းရဲတဲ့လူမရှိစေရတော့ဘူး။ ဦးလူမော်နဲ့ ဝင်းသောင်းတို့ သားအဖလည်း စီးပွားရေးကို လက်ဝါးကြီးအုပ်လို့ မရတော့ဘူး။ ဒီသားအဖလက်အောက်က တို့တစ်ရွာလုံး လွတ်မြောက်စေရမယ်"

ဝင်းနိုင်၏စကားကြောင့် အံ့ဩသွားခဲ့ကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သောင်းနှင့် တင်အောင်တို့သားအဖမှာ သဘော်တွေ၊ ဆန်စက်တွေ၊ သစ်စက်တွေ များစွာရှိနေခဲ့ကြသည့်အပြင် လယ်မြေတွေနှင့် ကားတွေလည်း တော်တော်များများရှိနေခဲ့ကြသည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့၏ အဘိုးဖြစ်သူ ဦးဘကောင်းပိုင်ဆိုင်ခဲ့သော ပစ္စည်းများပင် ဖြစ်သည်။ ထို့ကြောင့် သားဖြစ်သူများဖြစ်ကြသော ဦးလှသောင်းနှင့် ဦးကျော်သောင်းတို့က တစ်ယောက်တစ်ဝက်ပိုင်ဆိုင်ရရှိကြမည်ဖြစ်သည်။ ဦးလှသောင်းမှာ ကွယ်လွန်ခဲ့ပြီဖြစ်သဖြင့် သားနှစ်ယောက်ဖြစ်ကြသော ထွန်းတောက်နှင့် ဝင်းနိုင်တို့ ရရှိကြမည်ဖြစ်သည်။ ထွန်းတောက်တို့မှာ နဂိုကတည်းကပင် ဒီပစ္စည်းတွေကို မက်မောခဲ့ခြင်းမရှိခဲ့။ ထို့ကြောင့် ထွန်းတောက်တို့ ပြောနေကြသည်ကို ယုံရမလိုဖြစ်နေခဲ့ကြရလေတော့သည်။

ထို့နောက် -

ထွန်းတောက်နှင့် ဝင်းနိုင်တို့က အမျိုးမျိုးကျိန်တွယ်ပြောဆိုတောင်းပန်နေခဲ့ကြသဖြင့် မြတ်မိုးလွင်က ပြောလိုက်သည် -

"မင်းတို့ကိစ္စကိုတော့ လူကြီးတွေနဲ့ တိုင်ပင်ပြီးလုပ်ကြပေါ့ကွာ။ လောလောဆယ် တင်ဆောင်နဲ့ ဝင်းသောင်းတို့ကိစ္စကို ဘယ်လိုလုပ်ကြမလဲ"

ထို့ကြောင့် -

ထွန်းတောက်က ပြောလိုက်သည်။

"အခု တို့ရွာထဲကိုသွားပြီး လူကြီးတွေကို ပြောပြခဲ့ရင် လူကြီးတွေလာခေါ်ကြမှာပဲ။ မပူပါနဲ့ကွာ။ ရန်ဖြစ်တဲ့ကိစ္စကိုတော့ တင်ဆောင်နဲ့ဝင်းသောင်းတို့နဲ့ တို့နှစ်ယောက်နဲ့ ရန်ဖြစ်ခဲ့ကြတာလို့ပြောလိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ ဝေခွဲမရနိုင်တော့သဖြင့် ရွာထဲသို့ ပြန်လာခဲ့ကြလေတော့သည်။ ရွာထဲသို့ ဝင်သွားခဲ့ကြသည်နှင့် သတိလစ်မေ့မျောနေသော တင်ဆောင်နှင့် ဝင်းသောင်းတို့မှာ ပြန်ထလာခဲ့ကြပြီး ကိုယ်ပေါ်တွင် ပေကပ်နေသော ဖုန်တွေကို ခါထုတ်လိုက်ကြသည်။

ထို့နောက် -

တင်ဆောင်က ထွန်းတောက်တို့ သွားရာလမ်းဆီသို့ ကြည့်ကာ ကြိမ်းဝါးပြောဆိုလိုက်လေတော့သည်။

"ကျားနဲ့ ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့ကွာ"

ထို့နောက် -

တင်ဆောင်နှင့် ဝင်းသောင်းတို့မှာ ရွာထဲသို့ ဝင်လာခဲ့ကြလေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ

တင်ဆောင်နှင့် ဝင်းသောင်း၊ ထွန်းတောက်နှင့် ဝင်းနိုင်တို့၏ ပြောဆိုပြုလုပ်မှုတွေနှင့် ပတ်သက်ပြီး ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့မှာ ဝေခွဲမရဖြစ်နေခဲ့ကြရတော့သည်။ ထို့ကြောင့် ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့မှာ ဘုရားတွင်ဖြစ်ခဲ့ကြသော ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ နားမလည်နိုင်အောင်ဖြစ်နေခဲ့ကြရတော့သည်။ ထွန်းတောက်တို့က သူတို့ကိုဆွဲလားလွဲလားလုပ်ခဲ့ကြပြီးမှ တင်ဆောင်တို့ကို နှိပ်ကွပ်ချင်၍ ထိုသို့ ပြုလုပ်ရသည်ဟု တောင်းပန်ပြောဆိုခဲ့ကြသည်။ တင်ဆောင်တို့ကလည်း လက်နက်အားကိုးရှိနေခဲ့ကြသော်လည်း သူမတို့ကြောင့် လက်နက်ချခဲ့ကြရသည်။ မည်သို့ပင်ဖြစ်စေ တင်ဆောင်တို့မှာ ခင်နှင်းလှိုင်တို့ကြောင့် မုဆိုးမှသားကောင်ဖြစ်သွားခဲ့ကြရခြင်းဖြစ်၍ ခင်နှင်းလှိုင်တို့ အမှန်တကယ်စိတ်မကောင်းဖြစ်ခဲ့ကြရသည်။ ခင်ဝင်းလှိုင်မှာ ထိုကိစ္စနှင့်ပတ်သက်၍ တော်တော်လေး စိတ်မကောင်းဖြစ်နေခဲ့သဖြင့် ခင်နှင်းလှိုင်ဆီ လာရောက်ပြောဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်နှင်းလှိုင်. . . တို့ ကိုတင်ဆောင်နဲ့ ဝင်းသောင်းတို့ကို သွားပြီးတောင်းပန်ကြရင် ကောင်းမလား"

"ဟာ. . . ဘယ်ဖြစ်မှာလဲဟ။ သူတို့ကို လမ်းဖွင့်ပေးလိုက်သလို ဖြစ်နေမှာပေါ့"

"ထွန်းတောက်တို့ ပြောတာတွေကိုရော နင်ယုံလား"

"ငါကတော့ သိပ်မယုံချင်ဘူးဟ။ တကယ်လို့ ဝင်းသောင်းတို့မှာ ရောက်မလာခဲ့ရင် သူတို့နှစ်ယောက် တကယ်ယုတ်မာရင် ယုတ်မာကြမှာ။ ထွန်းတောက်က ငါ့လည်ပင်းကို ဓားနဲ့တကယ်ထိုးတာကို၊ တင်ဆောင်သာ လက်နက်မချရင် ထွန်းတောက်က တကယ်လုပ်မှာ"

"ဟုတ်တယ် သူတို့ပုံစံတွေက တကယ်လုပ်မယ့်ပုံစံတွေနောက်ပြီး သူတို့ကိုကြည့်ရတာ ငါ့မျက်စိထဲမှာ အရင်နဲ့မတူသလိုပဲ"

"နင်က သူတို့နှစ်ယောက်ကို အယောင်ဆောင်တွေလို့ ပြောနိုင်လို့လား"

"ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကို တို့မျက်စိရှေ့မှာပဲ မြှုပ်ခဲ့ကြတာလေဟ။ နတ်ကတော် ဒေါ်ငွေကလည်း ထွန်းတောက်နဲ့ဝင်းနိုင် ဝင်,ဝင်ပူးနေတာ သုံး၊ လေးကြိမ်လောက်ရှိနေပြီ။ ဒီရက်ထဲမှာလည်း ညဖက်မှာ သရဲခြောက်သလိုလို ကောလဟာလတွေကလည်း ကြားနေရတာဆိုတော့. . ."

"ဟုတ်တယ်. . . ဘယ်လိုစဉ်းစားရမှန်းတောင်မှ မသိတော့ဘူး"

"နောက်စဉ်းစားမရတာတွေရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ"

"ထွန်းတောက်တို့ ရောက်တဲ့နေ့ကစပြီး ဒေါ်မြတင်ရွာထဲ တို မထွက်လာတော့ဘူး။ သုဘရာဇာကြီးဦးမြေကြီးလည်း ဘယ် ရောက်သွားမှန်း မသိတော့ဘူး"

"စဉ်းစားလို့မရတာတွေ စဉ်းစားမနေနဲ့တော့။ လောလော ဆယ်မှာ ကိုတင်ဆောင်နဲ့ ဝင်းသောင်းတို့က တို့အတွက် အနာခံသွား ခဲ့ကြရတာ။ အဲဒီအတွက် ကျေးဇူးတင်စကား၊ တောင်းပန်စကားတွေ ဘယ်လိုပုံစံနဲ့ ပြောရင်ကောင်းမလဲဆိုတာကိုသာ စဉ်းစား"

စဉ်းစားဆိုသော်လည်း ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ စဉ်းစားမရသဖြင့် တင်ဆောင်နှင့် ဝင်းသောင်းတို့ကို ကျေးဇူးတင် တောင်းပန်စကား မပြောဖြစ်ကြ။ ထိုစဉ် နတ်ကတော်ဒေါ်ငွေမှာ ရုတ်တရက်သေဆုံးသွားခဲ့သည်။ ဒဏ်ရာဒဏ်ချက်မရှိဘဲ အိပ်ရာထဲ တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဒေါ်ငွေမှာ ညအိပ်ယာဝင်စဉ်က အကောင်း၊ မနက်အိပ်ရာထမှ မနိုးသဖြင့် သွားရောက်နှိုးမှ သေဆုံး နေကြောင်း သိခဲ့ကြရခြင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်ငွေသေဆုံးခဲ့ ရသည်မှာ သွေးရိုးသားရိုးမဖြစ်နိုင်။ ဝင်းသောင်းနှင့် တင်ဆောင် သို့မဟုတ် ထွန်းတောက်နှင့် ဝင်းနိုင်တို့၏နှုတ်ပိတ်လုပ်ကြံမှုဟုပင် တွေးထင်နေခဲ့ကြသည်။

ဒေါ်ငွေမှာ မကြာခဏ ထွန်းတောက်နှင့် ဝင်းနိုင်တို့ ဝင် ရောက်ပူးကပ်နေသဖြင့် လက်ရှိရွာတွင်ရှိနေသော ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ အတုအယောင်၊ အယောင်ဆောင်တွေလိုဖြစ်ခဲ့ တော့သည်။ ထို့ကြောင့် ဒေါ်ငွေကို ထွန်းတောက်နှင့် ဝင်းနိုင်တို့က

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံသတ်ဖြတ်ခဲ့လေသလားဟု တွေးထင်နေခဲ့ကြသည်။ ထို့အတူ ဒေါ်ငွေကို တင်ဆောင်နှင့် ဝင်းသောင်းတို့က ငွေပေးပြီး ထွန်းတောက်နှင့် ဝင်းနိုင်တို့ ဝင်ပူးကပ်နေသလို သရုပ်ဆောင်ခိုင်းခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ သို့မှသာ ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ သေဆုံးခဲ့ကြပြီးဖြစ်သည်။ ယခုရှိနေသော ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ အယောင်ဆောင်တွေအဖြစ် ပေါ်လွင်လာမည်ဖြစ်သည်။ ထို့ကြောင့် ဝင်းသောင်းနှင့် တင်ဆောင်တို့က ထိုကိစ္စကိုပေါ်မှာစိုးသဖြင့် ဒေါ်ငွေကို နှုတ်ပိတ်ခဲ့ကြခြင်းလည်း ဖြစ်နိုင်သည်ဟု တွေးထင်နေခဲ့ကြပြန်သည်။

ထို့ကြောင့် -

လဗတစ်ပင်တွင် ဒေါ်ငွေ၏အသုဘကိစ္စကို စီစဉ်ဆောင်ရွက်နေကြစဉ်မှာပင် နောက်တစ်နေ့တွင် ဒေါ်မြတင်သေဆုံးသွားခဲ့ရပြန်သည်။ ဒေါ်မြတင်သေဆုံးသွားခဲ့ပုံမှာ ဒေါ်ငွေသေဆုံးသွားခဲ့ရပုံနှင့်အတူတူပင် ဖြစ်သည်။ ဒေါ်ငွေသေဆုံးခဲ့စဉ်က ထွန်းတောက်နှင့် ဝင်းနိုင် သို့မဟုတ် တင်ဆောင်နှင့် ဝင်းသောင်းတို့ဖြစ်နိုင်သည်ဟု တွေးထင်နေခဲ့ကြသော်လည်း ဒေါ်မြတင်သေဆုံးခဲ့ရသည့်ကိစ္စတွင်မူ တရားခံကိုခန့်မှန်းတွေးထင်နိုင်ခြင်းမရှိကြပေ။ ဒေါ်မြတင်မှာ ဇရပ်တွင် ကပ္ပိယကြီးဦးပေသီး၊ ဝင်းနိုင်၊ ထွန်းတောက်တို့နှင့်အတူရှိနေသဖြင့် တင်ဆောင်နှင့် ဝင်းသောင်းတို့က သွားရောက်လုပ်ကြံနိုင်ကြမည်မဟုတ်။ ထို့အပြင် ဒေါ်မြတင်မှာ စိတ်မမှန်သူတစ်ဦးသာဖြစ်နေသဖြင့် တင်ဆောင်နှင့် ဝင်းသောင်းတို့ကို အန္တရာယ်ပေးနိုင်သူ မဟုတ်။ ထို့ကြောင့် ဒေါ်မြတင်ကို တင်ဆောင်နှင့် ဝင်းသောင်းတို့က လုပ်ကြံ

www.burmeseclassic.com

www.burmeseclassic.com



ကြလိမ့်မည်မဟုတ်။ ဝင်းနိုင်နှင့် ထွန်းတောက်တို့ကလည်း ဘယ်လို နည်းနှင့်မှ ကိုယ့်မအေကိုကိုယ်ပြန်သတ်ကြမည်မဟုတ်။ ထွန်းတောက် နှင့် ဝင်းနိုင်တို့ရှိနေသဖြင့် ကပ္ပိယကြီးလည်း လုပ်ကြံနိုင်မည်မဟုတ်။ ကပ္ပိယကြီးမှာ ဒေါ်မြတင်ကို ထွန်းတောက်တို့မရောက်ခင်ကပင် ကျွေး မွေးစောင့်ရှောက်ပေးနေခဲ့သဖြင့် လုပ်ကြံရန်အကြောင်းမရှိ။ ထို့ကြောင့် ဒေါ်မြတင်ကို လုပ်ကြံသည့်တရားခံကို မှန်းဆတွေးထင်၍ပင်မရ။

ထို့ကြောင့်ပင်လျှင် ဒေါ်ငွေနှင့် ဒေါ်မြတင်တို့ကို လုပ်ကြံ သတ်ဖြတ်သွားခဲ့သည်မှာ ဘချစ်နှင့် ဝင်းမောင်တို့ကို သတ်ဖြတ် သွားခဲ့သော သရဲဖြစ်လေမလားဟု တွေးထင်နေခဲ့ကြပြန်သည်။ ဘချစ်နှင့် ဝင်းမောင်တို့ကို သတ်ဖြတ်သွားခဲ့သော သရဲကလည်း ထွန်းတောက်နှင့် ဝင်းနိုင်တို့လိုလို၊ ဘာလိုလိုနှင့် သေသောသူသုသာန် မှပြန်လာပြီဟု ပြောသွားခဲ့သေးသည်။ ထို့ကြောင့် ဒေါ်ငွေနှင့် ဒေါ် မြတင်တို့ သေဆုံးခဲ့ကြရသည့်ကိစ္စနှင့် သို့လော. . . သို့လောနှင့် ထင်းစားမရဖြစ်နေကြရသည် ဖြစ်နေရင်းနှင့်ပင် ဒေါ်ငွေနှင့် ဒေါ်မြတင် တို့၏ အသုဘကိစ္စတွေကို လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြတော့သည်။

ထိုရက်အတွင်းမှာပင် ထွန်းတောက်နှင့် ဝင်းနိုင်တို့က တင်ဆောင်တို့သားအဖတွေထံမှ အမွေခွဲပေးရန် ပွင့်ပွင့်လင်းလင်း တောင်းဆိုလာခဲ့ကြပြန်သည်။ ဝင်းနိုင်တို့ညီအစ်ကိုတ အမွေတွေကို ညီမျှစွာကို ခွဲပေးမည်ဆိုသဖြင့် ချီးကျူးပြောဆိုနေခဲ့ကြသည်။ ယုံသူ တွေရှိသလို မယုံသူတွေလည်းရှိနေခဲ့ကြသည်။ တင်ဆောင်တို့သား အဖကမူ ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို အတုအယောင်လူလိမ် လူညာတွေသာဖြစ်နေသဖြင့် အမွေတွေကို ခွဲဝေမပေးနိုင်။ သူတို့

www.burmeseclassic.com



ကိုယ်တိုင် ပိုင်ဆိုင်ပစ္စည်းတစ်ဝက်ကို ကျေးရွာကိုခွဲဝေပေးမည်။ ထွန်းတောက်နှင့် ဝင်းနိုင်တို့လက်ထဲကိုတော့ ဘယ်လိုနည်းနှင့်မှ မထည့်နိုင်ဟု ဆိုနေခဲ့ကြသည်။ ထို့ကြောင့် လဇတစ်ပင်ရွာကလေးတွင် အခြေအနေတွေက ရှုပ်ထွေးနေခဲ့လေတော့သည်။

ဤတွင် -

ထွန်းတောက်နှင့် ဝင်းနိုင်တို့က အဘိုးလှ၊ ဆေးဆရာကြီးဦးစိန်မြင့်၊ သူကြီးဦးလှကျော်၊ ဦးရွှေတင်၊ ဦးစောဝေစသော ကျေးရွာ၏ အကြီးအကဲများနှင့် တိတ်တဆိတ်တိုင်ပင် ဆွေးနွေးခဲ့ကြသည်။ ရွာထဲတွင် ဒေါ်ငွေနှင့် ဒေါ်မြတင်တို့၏အသုဘကိစ္စများကို ဝိုင်းဝန်းလုပ်ကိုင်နေခဲ့ကြသဖြင့် ထွန်းတောက်တို့၏လျှို့ဝှက်တိုင်ပင်နေခဲ့ကြသည်ကို မရိပ်မိကြပေ။ တင်ဆောင်တို့အဖွဲ့ကလည်း ဒေါ်ငွေ၏ အသုဘတွင် ဝိုင်းကူပံ့ပိုးနေခဲ့ကြသဖြင့် သတိမပြုမိခဲ့ကြ။

ထို့ကြောင့် -

ထွန်းတောက်တို့က လူကြီးတွေကို တိတ်တဆိတ်တွေ့ဆုံပြောဆိုခဲ့သည်။

"ဒီအမွေပစ္စည်းတွေကို နဂိုကတည်းက ကျွန်တော်တို့ မမက်ခဲ့လို့ မယူခဲ့ကြတာ ဦးလေးတို့သိပါတယ်"

"သိပါတယ်ကွာ"

"တကယ်လို့ ကျွန်တော်တို့က ယူကြမယ်ဆိုရင်လည်း ပေးကြမှာမဟုတ်ဘူးလေ။ မပေးချင်ကြလို့လဲ ကျွန်တော်တို့ကို လုပ်ကြံခဲ့ကြတာပေါ့။ ဒါကြောင့် ကျွန်တော်တို့ ပိုင်ဆိုင်ခွင့်တွေကို ကောင်တွေကိုတော့ အစားမခံနိုင်တော့ဘူး။ ရွာအတွက်ပဲ သုံးကြမယ်လို့

www.burmeseclassic.com



စီစဉ်ပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြတော့ တကယ်တမ်းကျတော့ ဒီကောင်တွေက မပေးချင်ကြဘူး"

"သူတို့က ထွန်းတောက်တို့ကိုသာ မပေးတာ။ ရွာကိုတော့ ပေးမယ်လို့ ပြောခဲ့ကြတာပဲ"

သူကြီးက ဝင်းတောက် ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းနိုင်က ပြောလိုက်သည်။

"အလှူ့လက်ဖက်နဲ့ မျက်နှာလုပ်တာတော့ ဘယ်ခံနိုင်မလဲ။ နောက်ပြီး ဒီကိစ္စက ကျွန်တော်တို့ကို သက်သက်ကျောတာပဲ။ သူတို့ ပြောတဲ့အတိုင်း ကျွန်တော်တို့က လက်ခံမယ်ဆိုရင်လည်း ပေးကြမှာမဟုတ်ဘူး။ မပေးရအောင် ကလိမ်ကကျစ်လုပ်ကြဦးမှာ။ ဒီအမွေတွေကို သူတို့သားအဖလက်မှတ်ထိုးပြီး ပေးအောင်လုပ်မှဖြစ်မှာ"

"ဒါဆိုရင် မြို့တက်ပြီး တရားစွဲပေါ့"

"သူတို့က အင်္ဂလိပ်အလိုတော်ရိကြီးကြီးမားမားတွေလေ၊ ကျွန်တော်တို့ ဘယ်လိုလုပ်နိုင်မှာလဲ။ မနိုင်တဲ့အပြင် အယောင်ဆောင်မှုနဲ့ အမှုဆင်ပြီး အဖမ်းတောင်ခံနေရဦးမယ်"

ထို့ကြောင့် -

ငြိမ်သက်သွားခဲ့ကြတော့သည်။ ဤတွင် ထွန်းတောက်က ပြောဆိုလိုက်သည်။

"ကျွန်တော်တို့မှာ အကြံရှိတယ်။ အဲဒီအကြံအတိုင်းလုပ်ရင်တော့ ဖြစ်မှာပဲ။ ဒါကြောင့်လည်း လူကြီးတွေနဲ့ ကျွန်တော်တို့ တိုင်ပင်ခဲ့တာပဲ"

"မင်းတို့က ဘယ်လိုအကြံရှိနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့နဲ့ အကြပ်ကိုင်ရင်ရနိုင်တယ်"

"ဘယ်လိုအကြပ်ကိုင်မှာလဲ"

"ဦးလေးတို့က ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ကို တစ်နေရာရာမှာ ခဏလောက်ဖွက်ထားပေး။ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ လက်ရေးနဲ့ ကျွန်တော်တို့က ဖမ်းထားကြောင်း စာရေးပေး။ ဒီစာကိုပြပြီး ဒီကောင်နှစ်ကောင်ကို အကြပ်ကိုင်ပြီး စာချုပ်မှာလက်မှတ်ထိုးခိုင်းမယ်"

"ဖြစ်နိုင်ပါ့မလားကွာ"

"ဖြစ်နိုင်ပါတယ်။ ဒီတစ်နည်းပဲရှိတာ။ ဒီလိုမှမလုပ်ရင် ဒီကောင်နှစ်ကောင် ကျွန်တော်တို့ကို တစ်နည်းနည်းနဲ့ ယုတ်မာကြဦးမှာ။ ကျေးရွာအတွက်လည်း ဘာမှရလိုက်မှာမဟုတ်ဘူး"

ထို့ကြောင့် -

လူကြီးတွေ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ တိုင်ပင်ဆွေးနွေးခဲ့ကြသော်လည်း ထိုကိစ္စကို တင်ဆောင်နှင့် ဝင်းသောင်းတို့ထံ ပေါက်ကြားသွားခဲ့လျှင် ပြဿနာရှိလာနိုင်သဖြင့် လူကြီးတွေက မလုပ်ရဲကြပေ။ ထို့အပြင် ထွန်းတောက်နှင့် ဝင်းနိုင်တို့ကိုလည်း မယုံမရဲဖြစ်နေခဲ့ကြသဖြင့် ထွန်းတောက်နှင့် ဝင်းနိုင်တို့၏အစီအစဉ်ကို ငြင်းပယ်ခဲ့ကြသည်။

ထိုစဉ် -

"ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်တို့ကို လူဆိုးတွေဖမ်းသွားပြီ"

"ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်ကို လူဆိုးတွေ ခေါ်သွားကြပြီ"

လမ်းပေါ်တွင် အော်ကြီးဟစ်ကြယ်ပြောဆိုနေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူကြီးတို့ လုစုတိတ်ဆိတ်တိုင်ပင်နေကြရာမှ လမ်းပေါ်သို့ ထွက်လာခဲ့ကြသည်။ လမ်းပေါ်တွင် လူတွေက ရုတ်ရုတ်သဲသဲဖြစ်နေကြသည်။ ဦးရွှေတင်၏ဇနီးဒေါ်တင်ယုံနှင့် ဦးစောဝေ၏ဇနီးဒေါ်လှကြည်နှင့် ထမင်းချက် ဒေါ်ခင်ခင်တို့မှာလည်း လမ်းပေါ်တွင် အော်ဟစ်ပြေးသွားနေခဲ့ကြရာမှ သူကြီးတို့အုပ်စုကိုတွေ့မြင်လိုက်ရသဖြင့် အပြေးအလွှားလာခဲ့ကြတော့သည်။

ထို့နောက် -

ဒေါ်တင်ယုံနှင့် ဒေါ်လှကြည်တို့က ဦးရွှေတင်နှင့် ဦးစောဝေတို့ကို ငိုယိုပြောဆိုလိုက်ကြသည်။

"အမဲလေး. . . ရှင်တို့ကဘယ်သွားနေကြတာလဲ. . . အီး ဟီး. . ဟီ. . ."

"အရေးဟယ် အကြောင်းရယ်ဆို ဘယ်ရှာရမှန်းမသိဘူး။ ဒီမှာ ကိုယ်ကျိုးတော့နည်းပြီထင်ပါရဲ့ရှင်. . . အီး. . ဟီး. . ဟီး"

ထို့ကြောင့် အကျိုးအကြောင်းမေးလိုက်သည်။

"နေပါဦး. . . ဘယ်လိုဖြစ်ကြရတာလဲ"

"ဘာဖြစ်လာကြတာလဲ. . . ဘာဖြစ်လို့လဲ"

"သမီးတို့နှစ်ယောက်ကို လူဆိုးတွေ ဖမ်းသွားကြလို့"

"ဟေ"

"ဟုတ်တယ် ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်တို့ကို လူဆိုးတွေ ဖမ်းသွားပြီး စာပေးခဲ့တယ်။ ဒီမှာ. . ."

ထို့ကြောင့် -

စာကိုယူပြီး ဖတ်ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်တို့ရဲ့အသက်နှင့်အရှက်ကို နှမြောတယ်ဆိုရင် အခုချက်ချင်း ဆူးပုတ်ကွဲရေကျော်ကို ငွေသုံးသိန်းယူပြီး လာပြီး လာရွေးပါ။ မိုးချုပ်သွားခဲ့ရင်တော့ သူတို့နှစ်ယောက်ရဲ့ အသက်နဲ့ အရှက်ကို အာမ,မခံနိုင်ဘူး။

ဗိုလ်ချစ်ကြွမ်း

ဗိုလ်ချစ်ကြွမ်းဆိုသည်မှာ အနောက်ဖက်ပင်လယ်ကမ်းခြေဒေသတွင် နာမည်ကြီးနေသော တောပုန်းဓားပြတစ်ဦးဖြစ်သည်။ ဆင်းရဲ ချမ်းသာမရွေး လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်နှင့် ယုတ်မာရက်စက်စွာ သောင်းကျန်းနေသူဖြစ်သည်။ အင်္ဂလိပ်စစ်ပုလိပ်များကတော့ တောနင်းရှာဖွေခဲ့သော်လည်း ဗိုလ်ချစ်ကြွမ်းကိုမမိ။ ဗိုလ်ချစ်ကြွမ်းကို တွေ့မြင်ဖူးသူပင်မရှိ။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက ဆုငွေထုတ်ထားခဲ့ရသော တောပုန်းဓားပြတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် -

ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့အတွက် စိုးရိမ်သောကဖြစ်သွားခဲ့ကြရတော့သည်။ ဗိုလ်ချစ်ကြွမ်းတောင်းဆိုခဲ့သော ငွေသုံးသိန်းဆိုသည်မှာ လောလောဆယ်မလွယ်။ ဗိုလ်ချစ်ကြွမ်းကလည်း လောလောဆယ်လာပို့ရမည်။ မိုးချုပ်လျှင် တာဝန်မယူဟုဆိုနေပြန်သဖြင့် စိုးရိမ်သောကဖြစ်နေခဲ့ကြသည်။ ထိုစဉ် တင်ဆောင်နှင့် ဝင်းသောင်းတို့သားအဖတစ်တွေရောက်ရှိလာခဲ့ကြပြီး ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ကို ရွေးယူရန် ငွေသုံးသိန်းထုတ်ပေးခဲ့ကြသည်။

ထို့နောက် -

ဆူးပုတ်ကွဲရေကျော်သို့လိုက်ရန် စီစဉ်ခဲ့ကြသည်။ လော

www.burmeseclassic.com

www.burmeseclassic.com



လောဆယ်လိုက်သွားကြရမည်ဖြစ်သဖြင့် မြို့မှ ဂတ်တဲသို့ အကြောင်းကြားရန်လည်း အချိန်မမီတော့။ ထို့ကြောင့် ထွန်းတောက်၊ ဝင်းနိုင်၊ တင်ဆောင်၊ ဝင်းသောင်းတို့သားအဖနှင့် သူကြီး၊ ဦးစိန်မြင့်၊ အဘိုးလှတို့လိုက်သွားရန် စီစဉ်ခဲ့ကြသည်။ ထို့ကြောင့် ဆုံးပုတ်ကွဲရေကျော်သို့ စက်လှေနှင့် လာခဲ့ကြသည်။ ဆုံးပုတ်ကွဲရေကျော်တွင် ဗိုလ်ချစ်ကြမ်း၏တပည့်တွေက စောင့်နေခဲ့ကြသည်။ သူကြီးတို့ လူစုကို တောထဲသို့ ခေါ်သွားခဲ့သည်။ တောထဲတွင် ယာယီဆောက်လုပ်ထားသောတဲအိမ်ကြီးတစ်လုံးအတွင်းသို့ရောက်ရှိလာခဲ့ကြသည်။ ဟဲထဲတွင် ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့ကို တိုင်တွင်ကပ်ပြီး ကြိုးနှင့်တုပ်ထားခဲ့ကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက သူကြီးတို့အဖွဲ့ကို တွေ့မြင်လိုက်သဖြင့် -

"ဩော်. . . ရောက်လာကြပြီးပဲ။ ထဲ. . . ထိုင်. . ထိုင်"

အသင့်ပြင်ဆင်ထားသော စားပွဲကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ အားလုံးက ဝင်ထိုင်လိုက်ကြသော်လည်း ထွန်းတောက်နှင့် ဝင်းနိုင်တို့က ဝင်မထိုင်ကြ။ စားပွဲပေါ်တွင်လည်း စာချုပ်စာတမ်းတွေနှင့် ဖောင်တိန်တစ်ချောင်းကလည်း ရှိနေသည်။ထို့ကြောင့် တင်ဆောင်နှင့် ဝင်းသောင်းတို့က အခြေအနေကို သဘောပေါက်သွားခဲ့ကြသဖြင့် ထိုင်နေရာမှထရပ်ဟန်ပြင်လိုက်ကြရာ -

"ဂျောက်. . . ဂျောက်. . . ဂျောက်. . . ဂျောက်"

လူဆိုးတွေက သေနတ်မောင်းတင်ပြီး ဝိုင်းချိန်လိုက်ကြသဖြင့် တင်ဆောင်နှင့် ဝင်းသောင်းတို့ ပြန်ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထွန်းတောက်က သဘောကျစွာပြောဆိုလိုက်သည်။

"မင်းတို့က ထင်ထားတာထက်ပိုပြီး အကင်းပါးနေကြတာပဲ။ ဒီလိုဆိုလည်း မင်းတို့သေနတ်လေးတွေပေးထားပြီး စာချုပ်မှာ လက်မှတ်ထိုး၊ သဘောပေါက်တယ်နော်"

တင်ဆောင်တို့ဆီမှ သေနတ်တွေကို သိမ်းယူလိုက်ကြသည်။

ထို့ကြောင့် တင်ဆောင်က ပြောလိုက်သည်။

"အေးပေါ့ကွာ၊ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့အတွက် စိုးရိမ်စိတ်ကြောင့် တို့က တစ်ကွက်မှားသွားခဲ့ပြီး မင်းတို့က တစ်ကွက်သာသွားခဲ့တာပေါ့။ ဒါပေမဲ့ တို့ကိုသတ်ချင်ရင် သတ်ပစ်လိုက်။ အသေခံသွားမယ်။ ဘယ်တော့မှ လက်မှတ်မထိုးပေးဘူးကွ"

တင်ဆောင်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် ဦးကျော်သောင်းကလည်း ပြောလိုက်ပြန်သည်။

"မင်းတို့ကို စောစောကတည်းက တောပုန်းဓားပြတွေမှန်းသိနေလို့ လက်မှတ်မထိုးပေးတာကွ"

"တောပုန်းဓားပြတွေမှန်းသိရဲ့နဲ့ ဘာဖြစ်လို့ မဖမ်းခဲ့တာလဲ"

"မင်းတို့တစ်ဖွဲ့လုံးကို ဖမ်းချင်လို့ စောင့်နေတာ။ မင်းတို့လို ကိုယ့်အမျိုးသားအချင်းချင်း ရက်စက်ယုတ်မာသူတွေကို မျိုးဖြုတ်ချင်လို့ အချိန်စောင့်နေခဲ့တာကွ"

တင်ဆောင်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝင်းနိုင်က ဝင်ပြောလိုက်ပြန်သည်။

"နယ်ချဲ့လက်ပါးစေ ပထွေးကို ဖအေခေါ်နေတဲ့ကောင်တွေကများ လူးပါးဝလို့. . . ဟော့ကောင်တွေ ဒီကောင်နှစ်ကောင်ကို ဟို

www.burmeseclassic.com

www.burmeseclassic.com



နွားယောက်နားမှာ တိုင်ကပ်ကြိုးနဲ့တုတ်ထားလိုက်"

ထို့ကြောင့် -

လူဆိုးတွေက တင်ဆောင်နှင့် ဝင်းသောင်းတို့ကို ချုပ်နှောင်ခေါ်ဆောင်သွားသဖြင့် ခင်နှင်းလှိုင်တို့နှင့် မျက်နှာချင်းဆိုင်တွင် တိုင်တပ်ကြိုးတုပ်ထားလိုက်ကြသည်။

ထို့နောက် -

ဝင်းနိုင်က တင်ဆောင်တို့ဆီလျှောက်လာပြီး ပြောနေခဲ့ပြန်သည်။

"မင်းတို့နှစ်ယောက်က ခင်ဝင်းလှိုင်၊ ခင်နှင်းလှိုင်တို့ကြောင့် အရင်တစ်ခါလည်း ခံခဲ့ကြရပြီးပြီ။ မမှတ်ကြသေးဘူးပဲ။ နှစ်ထပ်ရှိမှ မှတ်မိကြမယ်ဆိုတဲ့သဘောလား"

"ငါတို့က ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ကို စွန့်လွှတ်စွန့်စားတဲ့အချစ်နဲ့ ချစ်ခဲ့ကြတာကွ။ မင်းအပိုတွေ ပြောမနေနဲ့။ မင်းတို့တောင်းတဲ့ ငွေသုံးသိန်းယူပြီး သူတို့နှစ်ယောက်ကိုလွှတ်ပေးလိုက်။ လူကြီးတွေလည်း ပြန်လွှတ်ပေးလိုက်။ တို့နှစ်ယောက်ကို ကြိုက်သလိုလုပ်"

ဝင်းသောင်းက ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ထွန်းတောက်က ပြန်ပြောလိုက်သည်။

"တို့က နယ်လှည့်ပြီး ဓားပြတိုက်စားလာခဲ့ကြတဲ့ကောင်တွေပဲကွာ။ ဒီလောက်ညံ့ပါ့မလားကွ. . . အင်္ဂလိပ်အလိုတော်ရိတွေရဲ့။ သူတို့ကို ပြန်လွှတ်ပေးလိုက်ရင် မင်းတို့က အသေသာခံသွားမှာ အမှုတွေခွဲပေးဖို့ လက်မှတ်ဘယ်ထိုးပေးကြတော့မှာလဲ။ ဒါကြောင့် မင်းတို့လည်း ဒီကိုရောက်လာအောင် မဖြစ်မနေလက်မှတ်ထိုးပေးရအောင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချစ်ကြွမ်းကိုယ်တိုင် အခုလိုစီစဉ်ခဲ့တာပဲ။ သူတို့ကို ပြန်လွှတ်လို့ ဘယ်ဖြစ်မှာလဲ။ ကဲ. . . မင်းတို့ တို့ကိုလက်မှတ်ထိုးပေးမှာလား မထိုးပေးဘူးဘူးလား"

"မထိုးပေးဘူး"

"မကိုးဦးကွာ"

"ခွပ်"

"ဒုတ်"

"အင့်"

"အု"

ဝင်းနိုင်က တင်ဆောင်နှင့် ဝင်းသောင်းတို့ကို တစ်လှည့်စီ ထိုးကြိတ်နေခဲ့သဖြင့် တင်ဆောင်က ပြောလိုက်ပြန်သည်။

"ဟေ့ကောင်. . . ဒီကိစ္စ ဝင်းသောင်းနဲ့ ဘာမှမဆိုင်ဘူး။ ဝင်းသောင်းကို ဘာမှလုပ်စရာမလိုဘူး"

"မင်းတို့နှစ်ယောက်က တကြိတ်ထဲ တစ်ဉာဏ်ထဲပဲ။ အတူတူပဲ။ ကဲ. . . မင်းလက်မှတ်ထိုးမလား၊ မထိုးဘူးလား"

"မထိုးဘူးကွ. . . မထိုးဘူး"

"မထိုးဦးဟွာ"

"ခွပ်"

"အင့်"

"ဘုန်း"

"အု"

ဝင်းနိုင်က ထပ်မံထိုးကြိတ်လိုက်ပြန်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းတောက်က ပြောလိုက်သည်။

"ဝင်းနိုင်. . . ဒီကောင်တွေက အသေခံမယ့်ကောင်တွေကွ။ ဒီလိုလုပ်လို့မရဘူး။ ဦးကျော်သောင်းနဲ့ ဦးလှမောင်တို့ကိုလည်း ပြုစုပေးကြဦးမှပေါ့"

ထို့ကြောင့် ဦးလှမော်နှင့် ဦးကျော်သောင်းကို ချည်နှောင်ခေါ်ဆောင်ကာ နှိပ်စက်လိုက်ပြန်သည်။ ဦးကျော်သောင်းက နှိပ်စက်ခံနေရစဉ်မှာပင် သားဖြစ်သူကို ပြောလိုက်သည်။

"သား. . . ဒီကောင်တွေက ကိုယ့်အမျိုးသားအချင်းချင်း အနိုင်ကျင့်နှိပ်စက်နေကြတာ။ သေရင် သေသွားပါစေ။ ဘယ်တော့မှ လက်မှတ်မထိုးပေးနဲ့"

"မထိုးဦးကွာ"

"အုံး"

"အင့်"

"ခွပ်"

"ဘုန်း"

တင်ဆောင်၊ ဝင်းသောင်း၊ ဦးကျော်သောင်းနှင့် ဦးလှမော်တို့ ပျော့ခွေလဲကျသွားကြတော့သည်။ သူကြီးတို့မှာလည်း မမျှော်လင့်သော ဖြစ်စဉ်ဖြစ်ရပ်တွေ ဖြစ်လာနေသဖြင့် အံ့သြကြောက်လန့်နေခဲ့ကြတော့သည်။ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့မှာလည်း ထွန်းတောက်နှင့် ဝင်းနိုင်တို့မှာ တင်ဆောင်တို့ပြောသလို အတုအယောင်ဆောင်တွေဖြစ်နေကြသဖြင့် အံ့သြနေခဲ့ကြရပြန်သည်။ ထို့အပြင် အင်္ဂလိပ် အလိုတော်ရိသားအဖတွေကလည်း မျိုးချစ်စကားတွေ ပြောနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ဘာတွေလဲ၊ ဘယ်လိုလဲ၊ ဘာတွေဘယ်လိုဖြစ်နေကြတာလဲဆိုတာကို နားမလည်နိုင်ခဲ့ကြတော့ပေ။

●

www.burmeseclassic.com

www.burmeseclassic.com

## ပြောင်းပြန်ဖြစ်စဉ်များ

ထိုစဉ် -

"မင်းတို့ ဒီလိုလုပ်နေလို့မရဘူးလေ။ ဒီကောင်တွေက အသေခံသွားကြမယ့်ကောင်တွေ။ နောက်ဆုံးနည်းကိုသုံးကြမှပေါ့"

"ဟင်"

"ဟာ"

"ကပ္ပိ. . . ကပ္ပိယကြီးဦးပေသီး"

လူတစ်ယောက်ဝင်လာပြီး အမိန့်ပေးပြောဆိုလိုက်သဖြင့် လှမ်းကြည့်လိုက်ကြရာ ကပ္ပိယကြီးဦးပေသီးဖြစ်နေသဖြင့် အံ့သြသွားခဲ့ကြရပြန်သည်။

ထို့နောက် -

ကပ္ပိယကြီးက အမိန့်ပေးပြောဆိုလိုက်ပြန်သည်။

"ဒီလေးယောက်စလုံးကို သတိရအောင်လုပ်။ နောက်ဆုံးနည်းကိုသုံး။ အချိန်မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် -

တင်ဆောင်တို့လေးယောက်ကို ရေလောင်းပက်ပြီး သတိရအောင်လုပ်လိုက်ကြသည်။ တင်ဆောင်တို့ သတိရလာသောအခါ ကပ္ပိယကြီးကိုတွေ့မြင်လိုက်ရသဖြင့် တင်ဆောင်က ပြောလိုက်သည်။

"ဩော်. . . ဗိုလ်ချစ်ကြမ်းတောင်မှ ရောက်လာပြီပဲ"

"ဩော်. . . မင်းတို့က ငါထင်တာထက်တောင် ပိုသွက်နေကြပါလား။ ကဲ. . . ဒါတွေထားပါတော့ကွာ။ စာချုပ်မှာလက်မှတ်ထိုးပေး။ တို့မှာ အချိန်မရှိဘူး"

ကပ္ပိယကြီးကို တင်ဆောင်က ဗိုလ်ချစ်ကြမ်းဟု ခေါ်လိုက်သဖြင့် သူကြီးတို့ အံ့သြတုန်လှုပ်သွားခဲ့ကြရတော့သည်။

"ကဲ. . . မင်းတို့က အသေသာခံကြမယ်။ လက်မှတ်ထိုးပေးကြမှာ မဟုတ်ဘူး။ ဒီတော့ ထွန်းတောက်နဲ့ ဝင်းနိုင် နောက်ဆုံးအစီအစဉ်စတော့. . ."

ကပ္ပိယကြီးက ထွန်းတောက်နှင့် ဝင်းနိုင်တို့ကို အမိန့်ပေးပြောဆိုလိုက်ရာ ထွန်းတောက်နှင့် ဝင်းနိုင်တို့က ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ဆီသို့ လျှောက်သွားကာ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ကို သိုင်းဖက်တော့သည်။ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ကလည်း ရုန်းကန်အော်ဟစ်နေခဲ့ကြသည်။ ထို့ကြောင့် ဦးစောဝေနှင့် ဦးရွှေတင်တို့က ဒေါသတကြီးအော်ဟစ် ပြောဆိုကာ ထိုင်ရာမှထလိုက်ကြသည်။

"ဟေ့ကောင်တွေ မင်းတို့မယုတ်မာနဲ့"

"ဒုတ်. . . ဒုတ်"

"အင့်. . . အု"

www.burmeseclassic.com

www.burmeseclassic.com



နောက်မှသေနတ်ဒင်နှင့် ဆောင့်ထိုးလိုက်ကြသဖြင့် ဦးစောဆေနှင့် ဦးရွှေတင်တို့ မှောက်လျက်လဲကျသွားခဲ့ကြတော့သည်။ ထွန်းတောက်နဲ့ ဝင်းလှိုင်တို့မှာ ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်တို့ကို ပွေ့ဖက်ထိုက်သည်။ ခင်နှင်းလှိုင်တို့က တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်ကြသည်။

"မလုပ်နဲ့ . . . ငါတို့နဲ့ဘာဆိုင်လို့လဲ။ နင်တို့မယုတ်မာနဲ့နော်။ သူတို့နဲ့ ငါတို့နဲ့ ဘာမှမဆိုင်ပါဖူးဟာ. . . ရှိခိုးပါတယ်ဟယ်"

"ဒါဆိုရင် သူတို့ကို စာချုပ်မှာလက်မှတ်ထိုးခိုင်းလေ"

"ငါတို့ပြောတာနဲ့ သူတို့က လက်မှတ်ထိုးပေးမလားဟာ၊ သူတို့နဲ့ ငါတို့နဲ့ ဘာဆိုင်လို့လဲ။ သူတို့လက်မှတ်မထိုးတာနဲ့ ငါတို့ကို ယုတ်မာတာ ဘာမှမဆိုင်ပါဘူးဟာ"

"ဘာပဲဖြစ်ဖြစ် ဒီလူတွေလက်မှတ်မထိုးပေးဘူးဆိုရင်တော့ ဟဲ. . . ဟဲ. . ဟဲ. . ငါတို့ပြီးရင် ဟိုမှာသေနတ်ကိုင်စောင့်နေတဲ့ ကောင်တွေအလှည့်. . . ဟဲ. . . ဟဲ. . ဟဲ"

"လူယုတ်မာတွေ. . . ရပ်လိုက်ကြစမ်း"

တင်ဆောင်နှင့် ဝင်းသောင်းတို့က အော်ဟစ်ပြောဆိုလိုက်ကြသည်။ ထို့ကြောင့် ထွန်းတောက်က မေးလိုက်သည်။

"ဘာလဲ. . . လက်မှတ်ထိုးပေးကြတော့မယ်ပေါ့"

"ဟုတ်တယ်. . . ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့က တို့နှစ်ယောက်နဲ့ ဘာမှမဆိုင်ကြပေမယ့် တို့နှစ်ယောက်ကတော့ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့နဲ့ ဆိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့က သူတို့ကို နှစ်နှစ်ကာကာချစ်နေမိခဲ့ကြလို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်က ပြောလိုက်သဖြင့် ဝင်းသောင်းကပါ ဆက်ပြောလိုက်ပြန်သည်။

"ဟုတ်တယ်. . . ငါတို့အတွက်နဲ့ ဘာမှမဆိုင်တဲ့ သူကြီးတို့လူစုနဲ့ ခင်နှင်းလှိုင်တို့ကို ဒုက္ခအဖြစ်မခံနိုင်လို့ မင်းတို့ကိုကြောက်လို့မဟုတ်ဘူး။ တင်ဆောင်. . . လက်မှတ်ထိုးပေးလိုက်"

ထိုစဉ် -

ဦးကျော်သောင်းကလည်း ပြောလိုက်ပြန်သည်။

"ဟုတ်တယ်. . . တို့လက်မှတ်ထိုးပေးမယ်။ မဆိုင်တဲ့သူတွေကို မထိနဲ့"

"ဟုတ်တယ် မဆိုင်သူတွေကို ဘာမှလုပ်စရာမလိုဘူး"

ဦးလူမော်ကပါ ဝင်ပြောလိုက်ပြန်သည်။ သူကြီးတို့မှာ တင်ဆောင်နှင့် ဝင်းသောင်းတို့သားအဖကို အံ့သြနေခဲ့ကြတော့သည်။ ထိုစဉ် ဦးစောဝေနှင့် ဦးရွှေတင်တို့မှာလည်း ပြန်လည်သတိရလာခဲ့ကြပြီဖြစ်သဖြင့် ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့အတွက် တင်ဆောင်တို့က သိန်းပေါင်းများစွာ စွန့်လွှတ်မည်ကို အံ့သြနေခဲ့တော့သည်။ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့မှာလည်း သူတို့အတွက်နှင့် တင်ဆောင်နှင့် ဝင်းသောင်းတို့ အနစ်နာခံခဲ့ကြသည်မှာ နှစ်ကြိမ်နှစ်ခါရှိသွားခဲ့ပြီဖြစ်သဖြင့် အင်္ဂလိပ်အလိုတော်ရိတွေဖြစ်နေသည်ကိုပင် အပြစ်မမြင်နိုင်တော့ဘဲ ကျေးဇူးတင်နေမိခဲ့ကြတော့သည်။

ထို့ကြောင့် -

ကပ္ပိယကြီးဦးပေသီးက မေးလိုက်သည်။

"ဒါဆိုရင် မင်းတို့လက်မှတ်ထိုးပေးကြတော့မယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ထိုးပေးမယ်. . . ဒါပေမဲ့ ကျုပ်တို့သိချင်တာကိုလည်း မေးချင်တယ်"

"မင်းတို့က ဘာတွေသိချင်နေကြတာလဲ"

"ဘချစ်နဲ့ ဝင်းမောင်ကိုသတ်ခဲ့တာ၊ ထွန်းတောက်နဲ့ ဝင်းနိုင်တို့သတ်ခဲ့တာ၊ ဒေါ်ငွေနဲ့ ဒေါ်မြတင်ကို သတ်ခဲ့တာ ဘယ်သူလဲ. . . ကပွဲယကြီးမဟုတ်လား"

"ဘချစ်နဲ့ ဝင်းမောင်၊ ဒေါ်ငွေနဲ့ ဒေါ်မြတင်တို့ကို သတ်ခဲ့တာကတော့ ငါတို့ပဲကွ။ ဒါပေမဲ့ ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကို သတ်ခဲ့တာတော့ ငါတို့မဟုတ်ဘူး"

"ဘယ်သူတွေလဲ"

"ထွန်းတောက်တို့အလုပ်လုပ်နေတဲ့ ရွှေပြည်သာက သူဌေးဦးလူလှရဲ့မန်နေဂျာစိုးနိုင်ပဲ။ ဦးလူလှက ထွန်းတောက်တို့ ညီအစ်ကိုတို သိပ်ယုံကြည်တယ်။ စိုးနိုင်က မဟုတ်တာလုပ်တယ်။ ထွန်းတောက်တို့ ညီအစ်ကိုက စိုးနိုင်ရဲ့လုပ်ရပ်တွေကိုဖော်ထုတ်တယ်။ ဒါကြောင့် ဦးလူလှက စိုးနိုင်ကိုအလုပ်ကထုတ်လိုက်ပြီး ထွန်းတောက်တို့ကို အစားထိုးခန့်ထားခဲ့တယ်။ အဲဒီမှာ စိုးနိုင်တို့က အငြိုးထားပြီး မြို့ကပြန်အလာမှာလုပ်ကြံခဲ့ကြတာ။ ဒီတော့ တင်ဆောင်တို့က တဖက်လှည့်နဲ့ လုပ်ကြံခဲ့တယ်လို့ လူတွေကထင်ကြတယ်။ ငါလည်း အဲဒီလိုပဲထင်ခဲ့တာပဲ။ စောစောကပြောခဲ့တာတွေက နောက်ပိုင်းကျမှ ငါသိခဲ့ရတာ။ ထွန်းတောက်တို့ကို လုပ်ကြံတဲ့အထဲမှာပါခဲ့တဲ့ကောင်တစ်ကောင် ငါတို့အဖွဲ့ထဲရောက်လာလို့ ငါသိခဲ့ရတာ။ ဟိုကောင်ပဲ"

ကပွဲယကြီးက သူကြီးတို့အုပ်စုကိုစောင့်နေသော လူ့တပည့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လက်ညှိုးထိုးပြလိုက်သည်။ ထို့နောက် ကပ္ပိယကြီးက ဆပ်ပြောလိုက်သည်။

"ဒေါ်မြတင်က ထွက်ပြေးလွတ်မြောက်လာပြီး ငါ့ဆီကို ရောက်လာခဲ့တယ်။ ငါလိုက်ကြည့်တော့ အလောင်းတွေမှာ ဒဏ်ရာ ဗလပွနဲ့မျက်နှာတွေလည်း ပျက်စီးနေကြပြီ။ ဒီမှာ ငါအကြံရလာ တယ်။ ငါ့တပည့်ထဲက ခင်ဇော်နဲ့ ဖိုးပိန်တို့က ထွန်းတောက်တို့ ညီအစ်ကိုနဲ့ တထေရာတည်းတူနေတာ။ ခင်ဇော်နဲ့ ဖိုးပိန်ကို ထွန်း တောက်နဲ့ ဝင်းနိုင်နေရာမှာ အစားထိုးပြီး တင်ဆောင်တို့ဆီက အမွေ တစ်ဝက်ကိုရယူဖို့ အကြံရလာတယ်။ ဒါကြောင့် ဒေါ်မြတင်ကိုစည်းရုံး ပြောဆိုပြီး ရှုးချင်ယောင်ဆောင်ခိုင်းခဲ့တယ်။ သချိုင်းမှာ လေးလကြာ ရင် ထွန်းတောက်တို့ ပြန်လာမယ်။ လက်စားချေမယ်ဆိုတာတွေကို သွားပြောခိုင်းခဲ့တယ်။ လူတွေက တကယ်ထင်ခဲ့တယ်။ သုဘရာဇာကြီး ဦးမြေကြီးတောင်မှ တကယ်ထင်နေခဲ့တာ"

"သုဘရာဇာကြီးက ဘယ်ရောက်သွားလဲ"

"ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို၊ ဒီလိုလူတွေက ဘယ်နေရာမှာ မှ အတည်တကျနေကြတာမဟုတ်ဘူး။ အခုလည်း ဘယ်ကိုရောက် နေလဲ ဘယ်သိမလဲ"

"ထွန်းတောက်တို့ကိုကယ်ခဲ့တဲ့ ဝိဇ္ဇာဘိုးတော်ကြီးဆိုတာ ဘယ်သူလဲ"

"ဘယ်သူမှမဟုတ်ဘူး။ ဝိဇ္ဇာဘိုးတော်တို့၊ ရုက္ခစိုးတို့ဆိုတာ က လူတွေယုံထင်ကြောင်ထင်ဖြစ်အောင် ငါပြောခိုင်းခဲ့တာ"

"ဒီလိုဆို သချိုင်းလမ်းဆုံဇရပ်မှာ စလှနဲ့ မြမောင်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခဲ့တာ ဒီကောင်နှစ်ကောင်လား"

"ဟုတ်တယ်. . . သချိုင်းထဲက ခေါင်းထမ်းထွက်လာခဲ့တာလဲ ငါပဲ။ ဒီကောင်နှစ်ကောင်မေ့နေတော့ သူတို့နှစ်ယောက်ဘေးမှာ ခေါင်းထားခဲ့တာလဲ ငါပဲ။ လူတွေ ဇဝေဇဝါဖြစ်အောင်လုပ်ခဲ့တာပဲ"

"ထွန်းတောက်နဲ့ ဝင်းနိုင်တို့ လေးလကြာမှပြန်လာမယ်ဆိုတာ ဘာဖြစ်လို့လဲ"

"ဒီလေးလအတွင်းမှာ ခင်ဇော်နဲ့ ဖိုးပိန်တို့ကို ထွန်းတောက်နဲ့ ဝင်းနိုင်တို့နဲ့တူအောင် လေ့ကျင့်ပေးရတယ်လေကွ။ ကျောင်းကို အသွင်အမျိုးမျိုးနဲ့ရောက်လာတဲ့ ဧည့်သည်တွေထဲမှာ ခင်ဇော်နဲ့ ဖိုးပိန်တို့အမြဲတမ်းရုပ်ဖျက်ပါလာခဲ့ကြတယ်။ ရွာကလူတွေ ဘယ်သူ ဘာဆိုတာသိအောင်လေ. . . လာခိုင်းရတာ။ လေးလပြည့်လို့ စိတ်ချရပြီဆိုမှ ဖိုးပိန်နဲ့ ခင်ဇော်ကို ထွန်းတောက်နဲ့ ဝင်းနိုင်အဖြစ် လဗတစ်ပင်တိုလာခိုင်းခဲ့တာ"

"ဒါဆိုရင် ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ကို ခြောက်ခဲ့တာက. . ."

"ဖိုးပိန်နဲ့ ခင်ဇော်တို့ပဲ။ ဒီကောင်နှစ်ကောင်က ဖောက်ထွင်းပညာတွေလေ။ သော့ခလောက်ကတော့ အေးအေးဆေးဆေးပဲ။ ဒီကောင်တွေ ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်တို့ အိပ်ခန်းထဲမှာ မတော်တရားလုပ်မှာစိုးလို့ ငါက အပြင်ကနေ သတိပေးနေခဲ့တာ။ ခင်နှင်းလှိုင်တို့ကတော့ စောင့်ရှောက်နေတဲ့ ဆရာကြီးလို့ထင်နေခဲ့ကြတာ။ အနုပ်တစ်ရံကျန်ခဲ့တာကတော့ ဇဝေဇဝါဖြစ်အောင် တမင်သက်သက်ချန်ထားခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာချစ်နဲ့ ခင်ဇော်ကို သတ်ခဲ့တာကရော"

"အဲဒါက ဟိုကောင်နှစ်ကောင်။ မင်းပစ်လိုက်တဲ့သေနတ် ဒဏ်ရာကို ဒီကောင်တွေ တော်တော်ခံစားလိုက်ရတာမို့ ခြောက်လ လောက်ကုခဲ့ရတာ"

ကပ္ပိယကြီးက သူ့တပည့်နှစ်ယောက်ကို ညွှန်ပြပြောဆို လိုက်ခြင်းဖြစ်သည်။ ထို့နောက် ကပ္ပိယကြီးက ဆက်ပြောလိုက်ပြန် သည်။

"ဒေါ်ငွေကို ထွန်းတောက်နဲ့ ဝင်းနိုင်ဝင်ပူးတယ်ဆိုတာလဲ ငါလုပ်ခိုင်းခဲ့တာပဲ။ ငါလုပ်ခိုင်းပြီး မင်းတို့လုပ်ခိုင်းတယ်ထင်အောင် ဝါဒဖြန့်ခဲ့တာ။ နောက်ဒေါ်ငွေနှုတ်မလုံမှာစိုးတာနဲ့ ငါပဲရှင်းပစ်လိုက် တာ။ အိပ်နေတုန်း ခေါင်းအုံးနဲ့ဖိသတ်တော့ ဒဏ်ရာမပေါ်တော့ဘူး ပေါ့။ မမြတင်ကိုလည်း ငါပဲရှင်းလိုက်တာ။ ငါကလည်း ဗိုလ်ချစ်ကြွမ်း နာမည်နဲ့လိုက်အောင် အချစ်ကကြမ်းခဲ့တာကိုးကွ။ မမြင်တင်ကလည်း အသက်လေးဆယ့်ငါးကျော်ကျော်ကိုဆိုတော့ မမြတင်ကို ငါချစ်မိ လိုက်တယ်။ နောက်ပိုင်း မမြတင်ကိုလည်း စိတ်မချတာနဲ့ ဒေါ်ငွေ ကို ရှင်းသလို ရှင်းပစ်ခဲ့တာပဲ"

"ကဲ. . . ဘာသိချင်သေးလဲ။ ဪ. . . ပြောဖို့တစ်ခု ကျန် သေးတယ်"

"ဘာလဲ"

"ဒေါ်ငွေကို ထွန်းတောက်နဲ့ ဝင်းနိုင်တို့ ဝင်ပူးခဲ့ကြတုန်းက ဒေါ်ငွေက သူ့ကိုယ်သူမားနဲ့ခုတ်ပြခဲ့တယ်လေ"

"ဘာဖြစ်လို့ မပြတ်ခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ငွေကို တစ်ပွဲထိုးမိုးကြိုးသွားအဆောင်ပေးထားခဲ့တယ်လေ။ ငါ့မှာလည်း အဲဒီတစ်ခုပဲရှိတာ။ လူတွေယုံအောင် ဒေါ်ငွေကို ပေးခဲ့တာ။ အဲဒီမိုးကြိုးသွားက တစ်ပွဲထိုးဆိုတော့ နောက်မစွန်းတော့ဘူး"

"ကျောင်းမှာ ထွန်းတောက်တို့က တံခါးတွေကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပြခဲ့တာကရော. . . ဘယ်လိုဖြစ်တာလဲ"

"သံလိုက်ဆိုတာအဖိုနဲ့အမဆိုရင် ဆွဲတယ်။ အဖိုအဖိုချင်းအမအမချင်းဆိုရင် တွန်းတယ်။ ပြတင်းပေါက် တံခါးရွက်တွေမှာ သံလိုက်တုံးလေးတွေကပ်ထားပြီး ထွန်းတောက်တို့ရဲ့အကျီလက်တစ်ဖက်ဆီမှာ သံလိုက်အဖိုနဲ့အမတစ်ခုစီကပ်ထားခဲ့တယ်။ ဒါလောက်ဆိုရင်တော့ မင်းတို့သဘောပေါက်ကြမှာပါ။ ညဖက်ဖြစ်နေတော့ မမြင်ကြရဘူးပေ့ါ။ နောက်ပြီး မင်းတို့က အမှတ်တမဲ့ဆိုတော့ သတိမထားမိခဲ့ကြတာလည်းပါတယ်"

"စာအုပ်ဘီရိုက သော့ကလောက်ကို ဆတ်ခနဲဆွဲဖွင့်လိုက်တာကရော"

"စောစောကတည်းက သော့အပျက်တစ်လုံးနဲ့ ငါကိုယ်တိုင်လဲချိတ်ထားခဲ့တာ။ အမှတ်တမဲ့ဆိုတော့ သတိမထားမိကြဘူးပေ့ါ။ အဲဒီသော့ကလောက်အကောင်းနဲ့ အပျက်လဲချိတ်ခဲ့တာ။ တံခါးရွက်တွေမှာ သံလိုက်တွေကပ်ထားခဲ့တာကို ဘယ်သူမှမသိအောင် တိတ်တိတ်ကလေးလုပ်ခဲ့ရတာ။ ကဲ. . . ဘာသိချင်သေးလဲ"

ထို့ကြောင့် တင်ဆောင်က မေးလိုက်သည်။

"ထွန်းတောက်တို့ ရွာထဲဝင်လာတော့ ဆရာကြီးဦးစိန်မြင့်

www.burmeseclassic.com



အိမ်ရှေ့မှာပြောခဲ့တဲ့ ကတိသစ္စာတွေဆိုခဲ့ကြရတယ်။ ကတိသစ္စာပျက်ရင် ကောင်းရာမွန်ရာမရောက်တဲ့အပြင် ငရဲတန်းသွားရမှာဆိုတာ ဘာပြောခဲ့တာလဲ"

ဤတွင် ထွန်းတောက်အယောင်ဆောင် ခင်ဇော်ကဝင်ပြောပြလိုက်သည်။

"ဒီကိစ္စမအောင်မြင်ခဲ့ရင် အသေဆိုးနဲ့သေရပါစေလို့ သစ္စာဆိုခဲ့ကြရတယ်။ သစ္စာဖောက်ရင် ဆရာကြီးကိုယ်တိုင် တို့ကိုလိုက်သတ်တော့မှာလေ။ ဒါကြောင့် ပြောခဲ့တာ. . ."

"ကဲ. . . ဘာသိချင်သေးလဲ"

"မရှိတော့ပါဘူး"

"မင်းတို့က သိချင်တာမရှိတော့ဘူးဆိုရင်တော့ မင်းတို့က တို့မသိဘူးထင်နေတာကို ပြောပြမယ်"

"ဘာလဲ"

"မင်းတို့ဟာ အင်္ဂလိပ်အလိုတော်ရိအယောင်ဆောင်နေတဲ့ တော်လှန်ရေးသမားတွေဆိုတာ တို့သိနေတယ်"

"ဘာ. . . ဘာပြောတယ်"

တင်ဆောင်တို့သားအဖနှင့် ဝင်းသောင်းတို့သားအဖကို တော်လှန်ရေးသမားတွေဟု ဆိုလိုက်သဖြင့် သူကြီးတို့ အံ့ဩသွားခဲ့ကြတော့သည်။ ထို့နောက် ကပ္ပိယကြီးက ဆက်ပြောလိုက်ပြန်သည်။

"မင်းတို့ဟာ နယ်ချဲ့ပုလိပ်တွေကို ဖားချင်ယောင်ဆောင် ဘုရားကျွန်တော်မျိုးခံပြီး သတင်းတွေကို စုံစမ်းထောက်လှမ်းပြီး မင်းတို့တော်လှန်ရေးတပ်ဖွဲ့တွေဆီကို သတင်းပို့ခဲ့တယ်။ ဘုယ်မြို့မှာ စစ်

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်အင်အား ဘယ်လောက်၊ ဘယ်နေရာမှာ ဘယ်သူရှိတယ်။ ဘယ်နေ့ဘယ်နေရာကို ဘယ်စစ်ကြောင်းဆင်းမယ်။ ဘယ်မြို့ပိုင် ဘယ်အရေးပိုင်လာမယ်။ အတိအကျသတင်းပေး မင်းတို့ပေးတဲ့သတင်းတွေအရ တော်လှန်ရေးတပ်ဖွဲ့တွေက ဂတ်တဲတွေကိုဝင်စီးကြတယ်။ ဘဏ်တွေကို ဝင်စီးကြတယ်။ တာဝန်ရှိလူတွေကို ဖမ်းဆီးနိုင်ခဲ့ကြတယ်။ ဒါတင်မကသေးဘူး။ တော်လှန်ရေးအတွက် ငွေကြေးတွေလည်း အလုံးအခဲနဲ့ ထောက်ပံ့ခဲ့ကြတယ်။ ဒါတွေလည်း ငါသိလာခဲ့ရတာ ရက်ပိုင်းပဲရှိပါသေးတယ်ကွာ။ ခင်ဇော်နဲ့ ဖိုးပိန်တို့တောင် မသိခဲ့ကြသေးဘူး။ ငါ့မှာ အထောက်အထားတွေရှိတယ်နော်"

"ဘာလဲ. . . ခင်ဗျားက ပုလိပ်ကို သတင်းပေးချင်လို့လား"

"အမွေတွေကို ငါတို့က ခင်ဇော်နဲ့ ဖိုးပိန်တို့ကို ထွန်းတောက်နဲ့ ဝင်းနိုင်အဖြစ်နဲ့ လက်ခံရယူစေပြီး ထုခွဲရောင်းချမယ်။ အဲဒီအချိန်မှာ တို့ကို ဗိုလ်ချစ်ကြမ်းအဖြစ် မဖော်ထုတ်ဘူးဆိုရင်တော့ မင်းတို့ဟာ မျိုးချစ်တော်လှန်ရေးတပ်ဖွဲ့ဝင်တွေဆိုတာ ရေငုံနှုတ်ပိတ်နေမှာပါ။ ဒါပေမဲ့ ပါးကိုက်ရင်တော့ နားကိုက်ရမှာပဲ. . . ဘယ်လိုလဲ"

တင်ဆွေနှင့် ဝင်းသောင်းတို့ ဘာမှမတတ်နိုင်ကြတော့ပေ။ ထို့ကြောင့် တင်ဆောင်က ပြောလိုက်သည်။

"ကဲ. . . ကျုပ်တို့ကို ကြိုးဖြည်ပေး လက်မှတ်ထိုးပေးမယ်"

"ဒီလိုမှပေါ့ကွာ"

ထို့ကြောင့် -

တင်ဆောင်နှင့် ဦးကျော်သောင်းတို့ကို ကြိုးဖြည်လွှတ်ပေးလိုက်ကြသဖြင့် တင်ဆောင်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ သားအဖ တကယ်လက်မှတ်ထိုးပေးမှာပါ။ ကျန်တဲ့လူတွေကိုပါ လွှတ်ပေးလိုက်ပါ"

"ကဲ. . . ကဲ လွှတ်ပေးလိုက်ပါကွာ"

ကပ္ပိယကြီးက ပြောလိုက်သဖြင့် ဦးကျော်သောင်း၊ ဦးလူမော်၊ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်၊ ဝင်းသောင်းတို့ကို လွှတ်ပေးလိုက်ကြသည်။

ထို့ကြောင့် -

ဦးကျော်သောင်းနှင့် တင်ဆောင်တို့က လက်မှတ်ထိုးရန် စားပွဲဆီသို့ လျှောက်လာခဲ့ကြသည်။ ကပ္ပိယကြီးက တင်ဆောင်၏ ဘေးမှလိုက်လာခဲ့သည်။ ခင်ဇော်နှင့် ဖိုးပိန်တို့က ဝင်းသောင်း၏တစ်ဖက်တစ်ချက်မှ ညှပ်လိုက်လာခဲ့ကြသည်။ တင်ဆောင်က ပတ်ဝန်းကျင်အခြေအနေကို မသိမသာအကဲခတ်ကြည့်လိုက်သည်။ သူကြီးဦးစိန်မြင့်၊ အဘိုးလှ၊ ဦးစောဝေနှင့် ဦးရွှေတင်တို့ နောက်တွင် သေနတ်ကိုင်သူ လူဆိုးငါးယောက်က သေနတ်နှင့်ချိန်ထားကြပြီး လူဆိုးသုံးယောက်က တင်ဆောင်တို့ကို ချိန်ထားကြသည်။ စုစုပေါင်းသေနတ်ကိုင် လူဆိုးရှစ်ယောက်ဖြစ်သည်။ ကပ္ပိယကြီး၊ ခင်ဇော်နှင့် ဖိုးပိန်တို့သုံးယောက်ပေါင်းလျှင် စုစုပေါင်းဆယ်တစ်ယောက်ဖြစ်သည်။ ကပ္ပိယကြီး၏ခါးကြားတွင် သေနတ်တစ်လက်ရှိနေခဲ့သည်။ ဖိုးပိန်နှင့် ခင်ဇော်တို့မှာလည်း တင်ဆောင်တို့ဆီမှ လက်နက်တွေရှိနေကြသည်။ အပြင်မှာ ဘယ်နှစ်ယောက်ရှိနေမည်မသိ။

တင်ဆောင်မှ ပတ်ဝန်းကျင်ကို မသိမသာအကဲခတ်ကာ စားပွဲဆီသို့ ဖြည်းဖြည်းလျှောက်သွားနေခဲ့သည်။ စားပွဲပေါ်မှ စာချုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖောင်တိန်ကိုကောက်ယူကာ စာအုပ်ကိုဖတ်ကြည့်လိုက်ပြီး ကပ္ပိယကြီးတို သဘောကျစွာပြောလိုက်သည်။

"ဟာ. . . စာချုပ်ထဲက ပိုင်ဆိုင်မှုခွဲဝေထားတာ တစ်ဝက်တွက်တီပဲ။ တော်လိုက်တာ ကပ္ပိယကြီးရယ်။ ဘယ်တုန်းကများ စုံစမ်းလေ့လာခဲ့တာလဲ. . . ချီးကျူးတယ်ဗျာ။ တကယ်ချီးကျူးတာပါ"

တင်ဆောင်က ကပ္ပိယကြီးကို လက်ဆွဲနှုတ်ဆက်ဟန်ပြုလိုက်သဖြင့် ကပ္ပိယကြီးကလည်း ပြန်လည်ရယ်ပြုံးပြောဆိုလိုက်သည်။

"တင်ဆောင်. . . ဉာဏ်မများချင်စမ်းပါနဲ့ကွာ။ လက်မှတ်လာထိုးလိုက်စမ်းပါ။ မင်းက ငါကမွေးရင် ငါ့သားအရွယ်ပဲရှိပါသေးတယ်"

ထိုစဉ် -

"ဒိုင်း"

"ဒိုင်း"

"ဒိုင်း"

တဲကြီးအပြင်ဖက်မှ သေနတ်သံတွေကို နီးကပ်စွာကြားလိုက်ရသဖြင့် အပြင်သို့အာရုံရောက်သွားခဲ့ကြတော့သည်။ တင်ဆောင်မှာ ရှုရိလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ကပ္ပိယကြီးခါးကြားမှ သေနတ်ကိုဆွဲယူကာ ကပ္ပိယကြီးကို ဖမ်းယူချုပ်ကိုင်လိုက်သည်။ တင်ဆောင်၏လှုပ်ရှားမှုများ လျှင်မြန်လွန်းလှသဖြင့် ကပ္ပိယကြီးအငိုက်မိသွားခဲ့တော့သည်။ တင်ဆောင်သည် ကပ္ပိယကြီးကိုချုပ်ကိုင်ရင်း သူကြီးတို့နောက်ဖက်မှ လူဆိုးတွေကို လှမ်းပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

လူဆိုးလေးယောက် သေနတ်ထိမှန်လဲကျသွားခဲ့သည်။ ထိုစဉ် ဝင်းသောင်းကလည်း သေနတ်သံတွေဆီကို အာရုံရောက်နေသော ခင်ဇော်နှင့် ဖိုးပိန်တို့ကို လျှပ်တပြက်တိုက်ခိုက်လိုက်ပြန်သည်။

"ခွပ်"

"ဒုတ်"

"အင့်"

"ဘုံး"

ခင်ဇော်နှင့် ဖိုးပိန်တို့မှာလည်း အငိုက်မိသွားခဲ့ကြသဖြင့် လဲကျသွားခဲ့ကြတော့သည်။ ထိုစဉ် သေနတ်သမားလေးယောက်တ အသိဝင်လာကာ တင်ဆောင်ကိုလှမ်းပစ်လိုက်ကြသည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"အား. . . အား. . . အား"

တင်ဆောင်က ကပ္ပိယကြီးနှင့်ဆွဲကာလိုက်သဖြင့် ကပ္ပိယကြီးမှ သေနတ်ဒဏ်ရာများနှင့် လဲကျသွားခဲ့တော့သည်။ ထို့ကြောင့် သေနတ်သမားလေးယောက်က နောက်တစ်ကြိမ်ပစ်ရန် ကြိုးစားနေကြစဉ် သူကြီးတို့လူစုက ရုတ်တရက်ထလိုက်ကြပြီး သေနတ်တွေကို ဆွဲလုလိုက်ကြသည်။ ထိုစဉ် ခင်ဇော်၊ ဖိုးပိန်တို့နှစ်ယောက်နှင့် ဝင်းသောင်းမှာ အပြင်းအထန်တိုက်ခိုက်နေခဲ့ကြသဖြင့် တင်ဆောင်က ပြေးသွားကူညီတိုက်ခိုက်လိုက်သည်။

ထို့ကြောင့် -

ဝင်းသောင်း၊ တင်ဆောင်၊ ခင်ဇော်နှင့် ဖိုးပိန်တို့လေးယောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ သည်းကြီးမည်းကြီးထိုးကြိတ်တိုက်ခိုက်နေကြသကဲ့သို့ သေနတ်သမားလေးယောက်နှင့် သူကြီးတို့လူစုမှာလည်း အပြင်းအထန်တိုက်ခိုက်နေခဲ့ကြတော့သည်။ ခင်နှင်းလှိုင်နှင့် ခင်ဝင်းလှိုင်တို့မှာ တုန်လှုပ်ခြောက်နေခဲ့ကြသော်လည်း တင်ဆောင်နှင့် ဝင်းသောင်းတို့ဖက်မှ ကြိုကြားကြိုကြားဝင်ရောက်ကူညီတိုက်ခိုက်ပေးနေခဲ့ကြသည်။ သေနတ်သမားလေးယောက်မှာ သူကြီးတို့အုပ်စုကို မယှဉ်နိုင်တော့သဖြင့် တဲအပြင်သို့ ထွက်ပေးခဲ့ကြရာ တဲအပြင်မှ ဆီးကြိုပစ်ခတ်နေမှုများနှင့်ကြုံကာ သေနတ်မှန်သေဆုံးသွားခဲ့ကြတော့သည်။

ထိုစဉ် -

ခင်ဇော်နှင့်ဖိုးပိန်တို့က ဓားမြောင်တွေနှင့် တိုက်ခိုက်နေခဲ့ကြသဖြင့် တင်ဆောင်နှင့် ဝင်းသောင်းတို့မှာ အသည်းအသန်ခုခံကာကွယ်နေခဲ့ကြရသည်။ ထို့ကြောင့် ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့မှာ ဝင်ရောက်ကူညီတိုက်ခိုက်ပေးခဲ့ကြရာ ခင်ဇော်နှင့် ဖိုးပိန်တို့က ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ကို ဖမ်းယူချုပ်ကိုင်ကာ လည်မြိုကိုဓားနှင့် ထောက်ထားခဲ့သဖြင့် တင်ဆောင်တို့မှာ ဆက်လက်တိုက်ခိုက်ခြင်းမပြုရဲကြတော့။ သူကြီးတို့အဖွဲ့မှာလည်း သေနတ်တွေနှင့် ချိန်ထားကြသော်လည်း မပစ်ရဲကြ။

ထိုစဉ် -

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံတွေ ထွက်ပေါ်လာခဲ့ပြန်ပြီး ခင်ဇော်နှင့် ဖိုးပိန်တို့ သေနတ်မှန်လဲကျသွားခဲ့ကြတော့သည်။ ထို့နောက် တဲထဲသို့ သေနတ်တွေနှင့် လူတစ်စုအပြေးအလွှား ဝင်ရောက်လာခဲ့ကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူကြီးတို့က သေနတ်နှင့် လှမ်းချိန်လိုက်ကြသည်။ ထို့ကြောင့် ဦးကျော်သောင်းက အလျင်စလိုတားမြစ်ပြောဆိုလိုက်သည်။

"သူကြီး. . . မပစ်နဲ့၊ မပစ်နဲ့. . . ရန်သူမဟုတ်ဘူး"

ထို့ကြောင့် ဝင်လာသူတွေကိုကြည့်လိုက်ကြရာ -

"ဟင်. . . သုဘရာဇာကြီးဦးမြေကြီးတို့ပါလား"

"ဟာ. . . ကိုချစ်၊ စံလှ၊ မြမောင်"

သုဘရာဇာကြီးဦးမြေကြီး၊ ကာလသားခေါင်းကိုချစ်၊ စံလှနှင့်မြမောင်တို့ကို တွေ့မြင်လိုက်ရသဖြင့် အံ့သြနေခဲ့ကြတော့သည်။ ထို့ကြောင့် ဦးကျော်သောင်းက ပြောလိုက်သည်။

"အဲဒါ. . . ကျွန်တော်တို့ကို ကယ်ခဲ့တဲ့တော်လှန်ရေးရဲဘော်တွေပဲ"

"ဗျာ"

သူကြီးတို့မှာ သုဘရာဇာကြီးတစ်ယောက်နှင့် လူဗတစ်ပင်ရှာသားတွေကို တော်လှန်ရေးရဲဘော်တွေဟုဆိုလိုက်သဖြင့် စိတ်ရှုပ်သွားဟန်နှင့် ပြန်ပြောလိုက်သည်။

"အန္တရာယ်ပြဿနာတွေကတော့ ရှင်းသွားခဲ့ပါပြီဗျာ။ ဒါပေမဲ့ဖြစ်ခဲ့တာတွေက ပြောင်းပြန်တွေချည်းပဲ ဖြစ်နေခဲ့တာဆိုတော့ နားမလည်နိုင်တော့ဘူး။ အင်္ဂလိပ်အလိုတော်ရိနဲ့ သုဘရာဇာ တော်လှန်ရေးသမားတွေဖြစ်၊ ကပ္ပိယကြီးက နာမည်ကြီးဓားပြဗိုလ်ဖြစ် လူတော်လူတော်တွေလို့ထင်နေတဲ့ ထွန်းတောက်တို့ကလည်း ဓားပြတွေဖြစ်. . . အကုန်လုံးပြောင်းပြန်တွေဖြစ်နေတော့တာပဲ ကျွန်တော်တို့ နားလည်အောင်လည်း ရှင်းပြကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သုဘရာဇာကြီးဦးမြေကြီးက ပြောင်းပြန်ဖြစ်စဉ်များနှင့် ပတ်သက်၍ရှင်းလင်းပြောပြလိုက်လေတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

## ကပ္ပိယကြီးရေးတဲ့ဖူးစာ

"တကယ်တော့ ကျွန်တော်ဟာ အင်္ဂလိပ်အစိုးရက ဆုတော်ငွေထုတ်ထားတဲ့ ဓော်လှန်ရေးသမားဗိုလ်မြရောင်ပါ"

"ဟာ. . . သုဘရာဇာကြီးက ဗိုလ်မြရောင်. . . . အံ့ဩစရာပါလားနော်"

ဗိုလ်မြရောင်ကို နာမည်သာကြားဖူးနေခဲ့သော်လည်း မမြင်ဖူးခဲ့ကြသဖြင့် အံ့ဩနေခဲ့ကြရသည်။ ထို့ကြောင့် ဗိုလ်မြရောင်က ဆက်ပြောလိုက်သည်။

"ဦးကျော်သောင်းနဲ့ ဦးလူမော်တို့သားအဖတွေဟာ သူတို့ကိုယ်သူတို့ လူတွေအရွံ့အမုန်းခံပြီး အင်္ဂလိပ်အလိုတော်ရိအယောင်ဆောင်ပြီး အင်္ဂလိပ်စစ်သတင်းတွေကို စုံစမ်းထောက်လှမ်းနေကြတဲ့ တော်လှန်ရေးရဲဘော်တွေပါ။ သူတို့ကြောင့် ကျွန်တော်တို့ဟာ တော်လှန်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်လုပ်နိုင်ခဲ့ကြတဲ့အပြင် အင်္ဂလိပ်အစိုးရရဲ့ရန်ကလည်း ရှောင်နိုင်တိမ်းနိုင်ခဲ့ကြတာပဲဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . စောစောက ကပ္ပိယကြီးကလည်း ပြော သွားခဲ့ပါတယ်။

ဗိုလ်မြရောင်၏စကားကို သူကြီးက ထောက်ခံပြောဆိုလိုက် သဖြင့် ဗိုလ်မြရောင်က ဆက်ပြောလိုက်သည်။

"ဦးကျော်သောင်း၊ ဦးလူမော်တို့နဲ့ ကျွန်တော်ကတော့ အမြ တမ်းအဆက်အသွယ်ရှိနေခဲ့ကြပါတယ်။ သူတို့ သားအဖက မြေပေါ် ကျွန်တော်တို့က မြေအောက်ပေါ့ဗျာ။ တော်လှန်ရေးရဲဘော်လူငယ် တွေကိုလည်း သူတို့သားအဖပဲ စည်းရုံးပေးခဲ့ကြတာ။ ဒါကြောင့် မောင်ချစ်၊ စံလှနဲ့ မြမောင်တို့ တော်လှန်ရေးထဲရောက်လာခဲ့ကြတာ ပဲ"

"ဒီကောင်တွေ ဒါကြောင့် ရွာကပျောက်ပျောက်နေခဲ့ကြတာ ပဲ"

"ထွန်းတောက်တို့သေတော့ ဦးကျော်သောင်းတို့သားအဖ လပတစ်ပင်ကိုလာခဲ့ကြသေးတယ်လေ"

"ဟုတ်တယ်လေ။ သူတို့သားအဖက ကပ္ပိယကြီးကို တွေ့ သွားခဲ့ကြတယ်လေ။ ဦးကျော်သောင်းတို့က အင်္ဂလိပ်အစိုးရအရာရှိ ကြီးတွေနဲ့ အကျွမ်းဝင်နေကြတော့ ဗိုလ်ချစ်ကြမ်းရဲ့ဓာတ်ပုံကို မြင်ဖူး နေခဲ့ကြတယ်လေ။ မြင်မြင်ချင်းပဲ ကပ္ပိယကြီးကို ဗိုလ်ချစ်ကြမ်း မှန်းသိလိုက်ကြတယ်။ ဗိုလ်ချစ်ကြမ်းဟာ အများပြည်သူတွေကို ဒုက္ခ ပေးနေတာကြောင့် ကျွန်တော်တို့ တော်လှန်ရေးတပ်ဖွဲ့ကလည်း နှိမ်နင်းချင်နေကြတာ။ ဒါကြောင့် ကျွန်တော်က သုဘရာဇာအဖြစ်နဲ့ သင်္ချိုင်းကိုလာပြီး ထောက်လှမ်းစုံစမ်းနေခဲ့တာ။ အဲဒီအချိန်မှာ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြမ်းက 'သေသောသူသုသာန်က ပြန်လာမယ်'ဆိုတဲ့ ဇာတ်လမ်းကို စနေပြီလေ။ ဒါကြောင့် ကျွန်တော်လည်း ဗိုလ်ချစ်ကြမ်းသေသောကျပြီး မရိပ်မိအောင် ဒေါ်မြတင်ကိုလိုက်လျော့ညီထွေဆက်ဆံနေခဲ့တာ။ စံလှ၊ ကိုချစ်နဲ့ မြမောင်တို့ကို ခြောက်တာ ကျွန်တော်သိတာပေါ့။ အဲဒီအချိန်မှာ ကျွန်တော်ရှိနေခဲ့တာပဲ။ ဒါကြောင့် ဦးကျော်သောင်းတို့ကို လဗတစ်ပင်ကိုလာဖို့အကြောင်းကြားခဲ့တယ်"

ထိုတွင်

ဦးကျော်သောင်းက ပြောပြလိုက်သည်။

"ဗိုလ်မြရောင်က အကြောင်းကြားခဲ့တော့ ကျွန်တော်တို့သားအဖလည်း အင်္ဂလိပ်အရာရှိကြီးတွေကို သူတို့လိုချင်နေတဲ့ ဗိုလ်ချစ်ကြမ်းကို မိအောင်ဖမ်းပေးမယ်လို့ အာမခံပြီး လဗတစ်ပင်ကိုဆင်းလာခဲ့ကြတယ်။ ဗိုလ်ချစ်ကြမ်းကိုဖမ်းမိရင် ကျွန်တော်တို့ကိုအင်္ဂလိပ်အစိုးရက ပိုပြီးယုံကြည်လာမယ်။ ဒီတော့ ကျွန်တော်တို့ရဲ့တော်လှန်ရေးလှုပ်ရှားမှုတွေအတွက် အင်္ဂလိပ်အစိုးရရဲ့ အတွင်းရေးတွေကို ပိုပြီးသိရှိလာရမယ်။ ဆုတော်ငွေရမယ်။ ခင်နှင်းလှိုင်နဲ့ ခင်ဝင်းလှိုင်တို့အတွက်လည်း အန္တရာယ်ကင်းမယ်။ ဒီအချိန်မှာ ကျွန်တော်သားကလည်း ခင်ဝင်းလှိုင်ကို ချစ်ချင်စုံမက်နေလေတော့ ခင်နှင်းလှိုင်ကိုတောင်းရမ်းဖို့ကိစ္စကို အကြောင်းပြပြီး လဗတစ်ပင်ကိုလာခဲ့ကြတာပဲ။ တစ်ချက်ခုတ် သုံးချက်ပြတ်ပေါ့ဗျာ။ လဗတစ်ပင်ရောက်တော့မှ ဦးလူမော်တို့သားအဖနဲ့တိုင်ပင်ပြီး လှုပ်ရှားခဲ့ကြတာ"

ထို့ကြောင့်

အဘိုးလှက မေးလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ချစ်ကြွမ်းတို့လို နာမည်ကြီးဓားပြတွေဆိုတာသိရဲ့နဲ့ ဘာဖြစ်လို့ ပုလိပ်အဖွဲ့ကိုအကြောင်းမကြားဘဲ ဦးကျော်သောင်းတို့ သားအဖနှစ်ယောက်ထဲလာခဲ့ကြရတာလဲ"

"ဒီကိစ္စက ကျွန်တော်တို့အမွေကိစ္စတွေနဲ့လည်း ပတ်သက်နေတယ်လေ။ နောက်ပြီး သူတို့အကြောင်းကို ကျွန်တော်တို့သိနေသလို ကျွန်တော်တို့အကြောင်းကိုလည်း သူတို့က သိနေနိုင်တယ်။ ပုလိပ်တွေခေါ်လာရင် ကျွန်တော်တို့အကြောင်းပေါ်ကုန်မှာပေါ့။ ဒီမှာက ဦးလူမော်တို့ သားအဖလည်းရှိနေတယ်။ ဗိုလ်မြရောင်တို့ အင်အားတွေလည်းရှိနေကြတယ်လေ"

ဤတွင် ဗိုလ်မြရောင်က ဝင်ပြောလိုက်သည်။

"ကျွန်တော်တို့လည်း တစ်ချိန်လုံးစောင့်ကြည့်နေခဲ့ကြတာပါ။ ထွန်းတောက်တို့၊ ဝင်းနိုင်တို့ ရွာကိုပြန်လာကတည်းက ကျွန်တော်သချိုင်းမှာမနေတော့ဘဲ အစီအစဉ်တွေလုပ်ပြီး စောင့်ကြည့်နေခဲ့တာ။ ခင်နှင်းလှိုင်တို့ကိုဖမ်းသွားတုန်းကလည်း ဒီကောင်တွေနားမှာ ကျွန်တော်တို့အဖွဲ့ရှိနေခဲ့ကြတာပဲ"

"ရှိရဲ့နဲ့ ဘာဖြစ်လို့ ဝင်မကယ်ခဲ့ကြတာလဲ"

"အဲဒီအချိန်မှာ ဝင်ကယ်ရင်ရပါတယ်။ ဒါပေမဲ့ ဦးကျော်သောင်းနဲ့ ဦးလူမော်တို့ရဲ့အကြောင်းတွေကို သိစေချင်လို့ သူကြီးတို့အလာကိုစောင့်နေတာ။ သူကြီးတို့အဖွဲ့လာတော့ ကျွန်တော်တို့အဖွဲ့က တဲကိုဝိုင်းမိနေကြပြီ။ ဒါကြောင့် အပြင်ကအစောင့်တွေကို အပြတ်ရှင်းနိုင်ခဲ့တာပဲ"

"အပြင်က အစောင့်တွေကို အပြတ်ရှင်းလိုက်တဲ့သေနတ်

www.burmeseclassic.com

www.burmeseclassic.com



သံကြောင့် ဒီကောင်တွေကို ကျွန်တော်အနိုင်ပြန်ချနိုင်ခဲ့တာ"

တင်ဆောင်က ပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် -

ဦးစောဝေနှင့် ဦးရွှေတင်တို့က ပြောလိုက်ပြန်သည်။

"ဒီအကြောင်းတွေကို စောစောက ပြောကြရောပေါ့ဗျာ။ ကျွန်တော်တို့က ဦးလူမော်နဲ့ ဦးကျော်သောင်းတို့ သားအဖတစ်တွေကို တကယ့်ကို အင်္ဂလိပ်အလိုတော်ရိတွေထင်ပြီး ဘဝင်မကျဖြစ်နေခဲ့ရတာ"

"အခုတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကိုယ့်ကိုကိုယ် လူမုန်းခံပြီး လျှို့ဝှက်တော်လှန်ရေးသမားတွေဖြစ်နေခဲ့ကြတာသိရတော့ သိပ်ကိုလေးစားမိပါတယ်ဗျာ။ ကျွန်တော်တို့အထင်အမြင်မှားမိခဲ့တာတွေကိုလည်း တောင်းပန်ပါတယ်"

၎င်းတွင် -

သူကြီးက ဝင်ပြောလိုက်သည်။

"ဒါဆိုရင် ဦးရွှေတင်နှင့် ဦးစောဝေတို့က ခင်ဗျားတို့ သမီးတွေကို ဦးလူမော်နဲ့ ဦးကျော်သောင်းတို့ရဲ့သားတွေနဲ့ သဘောတူသွားကြပြီလား"

"ကာယကံရှင်ကလေးတွေရဲ့သဘောအတိုင်းပဲပေါ့ဗျာ။ သမီးတို့ဖက်ကသဘောတူတယ်ဆိုရင် ကျွန်တော်တို့ဖက်က ကန့်ကွက်စရာမရှိတော့ပါဘူး"

ထို့ကြောင့် -

ဆရာကြီးဦးစိန်မြင့်က ခင်ဝင်းလှိုင်နှင့် ခင်မင်းလှိုင်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးလိုက်သည်။

"ကောင်မလေးနှစ်ယောက်ကြားကြတယ်နော်။ ကဲ. . . ဘယ်လိုလဲ၊ တစ်ခါတည်း အဖြေပေးကြ"

"ဟာ. . . ဆရာကြီးကလဲ. . . ဘာမှန်းလဲမသိဘူး"

"မသိလို့မရဘူးလေ။ နင်တို့မဂ်လာဆောင်ရင် ငါက ဘိသိက် ဆရာလုပ်ရမှာ"

"ဟာ. . . ဆရာကြီးကလဲ မသိဘူး"

ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့က ရှက်ကိုးရှက်ကန်းနှင့် ထွက်ပြေးကြတော့မည်ပြုလုပ်သဖြင့် ဗိုလ်မြရောင်က လှမ်းအော် ပြောလိုက်သည်။

"ဟေ့. . .ဟေ့. . . မပြေးနဲ့၊ နေကြဦး။ အရေးကြီးတာ ပြောစရာကျန်သေးတယ်"

ထို့ကြောင့် ဗိုလ်မြရောင်ကို အာရုံရောက်သွားခဲ့ကြတော့ သည်။ ဗိုလ်မြရောင်က ဆက်ပြောလိုက်သည်။

"အခုဆိုရင် ဓားပြတွေလည်း တစ်ယောက်မကျန်သေသွား ခဲ့ကြပြီ။ ဒီမှာ တင်ဆောင်တို့၊ ဝင်းသောင်းတို့ တော်လှန်ရေးသမား တွေဖြစ်တယ်ဆိုတာ သူကြီး၊ ဦးစိန်မြင့်၊ အဘိုးလှ၊ ဦးဓောဝေ၊ ဦးရွှေ တင်နဲ့ ခင်ဝင်းလှိုင်၊ ခင်နှင်းလှိုင်တို့ပဲ သိကြတာ။ ကျန်တဲ့လူဘယ်သူ မှ သိကြတာမဟုတ်ဘူး။ ဒီကိစ္စကို နှုတ်လုံမှဖြစ်မှာ"

"စိတ်ချပါဗျာ။ ဒီကိစ္စလူသိခံလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီကိစ္စ လူသိခံခဲ့ရင် ကျွန်တော်တို့က အမျိုးသားသစ္စာဖော်တွေဖြစ်သွားကြ မှာပေါ့။ စိတ်ချပါ။ ကျုပ်တို့ သစ္စာဆိုရဲပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် -

ဗိုလ်မြရောင်က ဆက်ပြောလိုက်သည်။

"ဒါဆိုရင် ရွာပြန်ပြီး အရင်အတိုင်းပဲ ဟန်မပျက်နေကြ။ သူကြီးတို့ဖက်ကလည်း ဦးကျော်သောင်းတို့ကို အရင်လိုပဲ ဆက်ဆံကြ။ မူမပျက်စေနဲ့။ မရိပ်မိစေနဲ့။ ကျွန်တော်တို့လည်း မကြာခင် တော်လှန်ရေးကြီးစကြရတော့မှာ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်လည်း ဂျပန်တပ်မတော်နဲ့အတူဝင်လာကြတော့မှာ။ ဒါကြောင့် ကျွန်တော်တို့အတွက် အရေးကြီးတဲ့ အချိန်ကိုရောက်နေပြီ"

"စိတ်ချပါဗျာ။ လွတ်လပ်ရေးအတွက် ကျွန်တော်တို့လည်း အစွမ်းကုန်ကူညီမှာပါ"

ဦးစိန်မြင့်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဗိုလ်မြရောင်က ပြောလိုက်သည်။

"တဲ့ . . . ဒါဆိုရင် ကျွန်တော်တို့ သွားတော့မယ်။ အခုဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ရွာသားတွေ မရိပ်မိအောင်၊ အဆင်ပြေအောင် ရှင်းပြလိုက်ကြပေါ့ဗျာ။ စံလှ၊ မြမောင်နဲ့ ကိုချစ်တို့ကိုတော့ ကျွန်တော်တစ်ပါတည်းပဲ ခေါ်သွားလိုက်တော့မယ်။

လောဘဇောနဲ့ လူတွေကို သတ်ခဲ့တဲ့ ဗိုလ်ချစ်ကြမ်းတို့အဖွဲ့ ကိုတော့ သေမင်းက စီရင်ပေးလိုက်ပြီ. . . ထွန်းတောက်နဲ့ ဝင်းနိုင်တို့ကိုသတ်တဲ့ မန်နေဂျာစိုးနိုင်ကိုတော့ တရားဥပဒေနဲ့အညီစီရင်ဖို့ လိုလိမ့်မယ်။ ခင်ဗျားတို့အဖွဲ့ကပဲ သက်ဆိုင်ရာနဲ့ညှိနှိုင်းဆောင်ရွက်ပြီး စိုးနိုင်ကို အပြစ်ပေးနိုင်ဖို့ စီစဉ်လိုက်ပါ"

ထို့နောက်-

www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ ဗိုလ်ချစ်ကြမ်းအဖွဲ့မှ လက်နက်တစ်ဝက်ကိုလည်း ယူသွားခဲ့ကြသည်။ ကျန်လက်နက်တစ်ဝက်ကို ဗိုလ်ချစ်ကြမ်းတို့အလောင်းတွေနှင့်အတူ အင်္ဂလိပ်အစိုးရကို အပ်နှံဖို့ ထားခဲ့ကြခြင်းဖြစ်သည်။

ထို့နောက်

သူကြီးက ပြောလိုက်သည်။

"ကဲ. . . ပြန်ကြမယ်။ ရွာရောက်မှ အလောင်းတွေယူဖို့စီစဉ်မယ်။ ပုလိပ်အဖွဲ့ကိုအပ်ဖို့ကတော့ ဦးကျော်သောင်းတို့ကပဲ စီစဉ်ကြပါ"

ထို့ကြောင့် -

တဲထဲမှ ထွက်လာခဲ့ကြသည်။ လူကြီးတွေ ထွက်လာခဲ့ကြသော်လည်း ခင်ဝင်းလှိုင်၊ ခင်နှင်းလှိုင်တို့ကမူ နေရာမှမရွေ့ကြသေး။ ထို့ကြောင့် တင်ဆောင်နှင့် ဝင်းသောင်းတို့က ခင်ဝင်းလှိုင်၊ ခင်နှင်းလှိုင်တို့ဆီကိုလျှောက်လာပြီး မေးခေါ်လိုက်ကြသည်။

"ခင်ဝင်းလှိုင်"

"ခင်နှင်းလှိုင်"

ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့က ဝင်းသောင်းနှင့် တင်ဆောင်တို့ကို ကြည့်လိုက်ကြသည်။ ထို့ကြောင့် ဝင်းသောင်းက ပြောလိုက်သည်။

"လူကြီးတွေကပြောကြတယ်။ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ရဲ့ သဘောတဲ့။ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်တို့ သဘောကရော ဘယ်လိုလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သေသောသူသုသာန်ကပြန်လာပြီဆိုတဲ့ ဇာတ်လမ်းသာ ဖြစ်မလာခဲ့ရင် ကိုတင်ဆောင်နဲ့ ကိုဝင်းသောင်းတို့ ခင်ဝင်းလှိုင်နဲ့ ခင်နှင်းလှိုင်ရဲ့မေတ္တာကို ဘယ်လိုမှရနိုင်မှာ မဟုတ်ဘူးနော်"

ခင်နှင်းလှိုင်က ပြောလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် တင်ဆောင်၊ ဝင်းသောင်းတို့ အားရဝမ်းသာပြောလိုက်သည်။

"ဒါ. . . ဒါဆိုရင် ခင်. . . ခင်နှင်းလှိုင်က သဘောတူတယ်ပေါ့နော်"

"ခင်ဝင်းလှိုင်ကလည်း သဘောတူတာပါပဲ ဟုတ်တယ်မဟုတ်လား"

ထို့ကြောင့် ခင်ဝင်းလှိုင်က ပြောလိုက်ပြန်သည်။

"တကယ်တော့ ဒီဇာတ်လမ်းကို ဖန်တီးခဲ့တာက ကပ္ပိယကြီးပဲ။ ဒါကြောင့် ကိုတင်ဆောင်နဲ့ ဝင်းသောင်းတို့က ကပ္ပိယကြီးကို ကျေးဇူးတင်ကြရမှာ"

BURMESE CLASSIC

"ဟာ. . . ဟုတ်တယ်။ ဒါဆို. . . ကပ္ပိယကြီးရေးတဲ့ဖူးစာပေါ့"

"အိုး. . . သူတို့ကို ဘယ်သူက လက်ခံမယ်ပြောသေးလို့လဲ"

"လက်မခံလဲ သဘောတူပြီးသားပဲဟာ။ ဘာလဲ. . . သေသောသူ သုသာန်က ပြန်လာအောင်စောင့်ချင်သေးလို့လား"

"ဒီတစ်ခါတော့ ဘယ်တော့မှ ပြန်လာနိုင်ကြတော့မှာ မဟုတ်ဘူး. . . ဒီတော့. . ."

"ဒီတော့ တို့နဲ့ပဲလိုက်ခဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်နှင့် ဝင်းသောင်းတို့က ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ကို လှမ်းဆွဲခေါ်လိုက်ကြသည်။ ခင်ဝင်းလှိုင်နှင့် ခင်နှင်းလှိုင်တို့ကလည်း ဟန်ဆောင်ရှုန်းကန်ရင်း ရယ်မောကာ လိုက်ပါလာခဲ့ကြလေတော့သည်။

* * *

ဤတွင် သေသောသူ သုသာန်မှပြန်လာပြီ ဝတ္ထုပြီးပါပြီ
စေတနာကောင်းများစွာနှင့် ကံကောင်းနိုင်ကြပါစေ။
မင်းသစ္စာလှိုင် (ကဒုံကနီ)

BURMESE CLASSIC .com

www.burmeseclassic.com